# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၅၄)




## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်လွှတ်တော်၌ မိန့်ခွန်းပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်လွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

**စတော့ဟုမ်း ဇွန် ၁၃**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ဆွီဒင်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော်သို့ ရောက်ရှိရာ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန်အာလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၌ မိန့်ခွန်းပြောကြားရန် ဖိတ်ခေါ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် ၂၀၁၆ ခုနှစ် မတ်လ ကျွန်မတို့အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နေရင်းနဲ့ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီ မရင့်ကျက်သေးတဲ့အပြင် လူမျိုးပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်ရတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှုပ်ထွေးပြီး စိန်ခေါ်မှုများစွာနဲ့ ပြည့်နှက်နေပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရဆောင်ရွက်မှုက စစ်ပွဲကြီးတစ်ခု ဖြစ်လာနိုင်ဟု ဂျိမ်းစ်မက်တစ်ပြောကြား

စာမျက်နှာ » ၁၀

## တောင်သာမြို့နယ် ကန်ရွာကျေးရွာအုပ်စုအတွင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား

စာမျက်နှာ » ၁၁


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဦးမော့လာမည့် မြန်မာ့စီးပွားရေး

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ် (Myanmar Investment Forum-2017)ကို ဇွန်လ ၆ ရက်နှင့် ၇ ရက်နေ့များက နေပြည်တော်တွင် ကျင်းပခဲ့သည်ကို တွေ့ရပါသည်။ ထိုအစည်းအဝေးသို့ နိုင်ငံတကာမှ လုပ်ငန်းရှင် ၉၀၀ ကျော် တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

၂၀၁၇ ခုနှစ်သည် Our Take Off Year ဖြစ်သည့်အတွက် ရှိသမျှအစွမ်းအစများနှင့် မီးကုန်ယမ်းကုန်ကြိုးစားပြီး စီးပွားရေးထောင်တက်နိုင်ရေး၊ ဦးမော့လာရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ယင်းအချက်သည် NLD အစိုးရသစ်၏ ခံယူချက်တစ်ခုဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသွားပါသည်။ ပြီးဆုံးခဲ့သော တစ်နှစ်တာ ၂၀၁၆ ခုနှစ်သည် လေယာဉ်တစ်စင်းပြေးလမ်းတွင် ပြေးသည်ဟုယူဆကြောင်း ဝန်ကြီးကပြောကြားခဲ့သလို ၂၀၁၆ ခုနှစ်အတွင်း စီးပွားရေးတုံ့ဆိုင်းမှုရှိခဲ့ကြောင်းလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်က ပြောကြားခဲ့ထားခြင်းလည်း ရှိပါသည်။

၂၀၁၆ ခုနှစ်သည် အစိုးရလုပ်ငန်းများ အခြေတကျဖြစ်ရေး၊ လွှတ်တော်လုပ်ငန်းများ ပုံမှန်လည်ပတ်ရေး ဦးစားပေးသော နှစ်ဖြစ်ပါသည်။ စီးပွားရေးအရပြောလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို တစ်ခုတည်းဖြစ်အောင် လွှတ်တော်မှ ပြင်ဆင်ရေးဆွဲခဲ့ပြီး နည်းဥပဒေများလည်း ထွက်ရှိလာရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဆင်သင့်ဖြစ်စေသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတကာစီးပွားရေးပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ မြန်မာနိုင်ငံတွင် စီးပွားရေးအလားအလာကောင်းများ ရှိနေပါသည်။ ယခုအစည်းအဝေးတက်ရောက်လာသူ လုပ်ငန်းရှင်အများစုက မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ရေနံတူးဖော်ရေးလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ စသည့် လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်သက်ဆိုင်သော အညွှန်းကိန်းများကို လေ့လာလျှင် တိုးတက်မှုရှိသည်ကို တွေ့ရသည်။ လုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှု အညွှန်းကိန်းတွင် မြန်မာသည် ၁၉၉ နိုင်ငံတွင် ၂၀၁၅ ခုနှစ်က အဆင့် ၁၇၇ တွင်ရှိရာမှ ၂၀၁၇ နှစ်ဆန်းတွင် အဆင့် ၁၇၀ အထိ တက်လာသည်။ လုပ်ငန်းတစ်ခု စတင်လုပ်ကိုင်ရန် လွယ်ကူမှုအညွှန်းကိန်းတွင်လည်း ၂၀၁၅ တွင် ၁၈၉ အဆင့်အထိ နောက်ဆုံးတွင် ရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၁၇၀ အထိတက်လာပြီး ၂၀၁၇ ခုနှစ်တွင် ၁၄၆ အထိ မြင့်တက်လာပါသည်။ ထိုသို့လုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုအညွှန်းကိန်းများ မြင့်တက်လာခြင်းနှင့် ၂၀၁၆ ဇူလိုင်လတွင် အချက် ၁၂ ချက်ပါ နိုင်ငံတော်စီးပွားရေးမူဝါဒ ချမှတ်နိုင်ခဲ့ခြင်းတို့က နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ GDP နှင့် နိုင်ငံခြားကြွေးမြီအချိုးသည် ၂၀၀၁ ခုနှစ်က ၂၀၀ ရာခိုင်နှုန်းခန့်အထိရှိရာမှ ယခုအခါ ၅၀ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိလာသည်ဟု Oxford Business Group ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြည်ပကြွေးမြီသည် GDP ၏ ၁၅ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ပြည်တွင်းကြွေးမြီသည် ၂၀၁၇/၂၀၁၈ အထိ GDP ၏ ၁၇ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းသည်။ ဘတ်ဂျက်လိုငွေသည် ၂၀၀၀ ခုနှစ်က (၆)ရာခိုင်နှုန်းအထက်တွင်ရှိပြီး ယခုအခါ (၅)ရာခိုင်နှုန်းအောက်တွင်သာရှိရာ ထိန်းထားနိုင်သော အခြေအနေဟု ယူဆနိုင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ လျာထားချက်ကိုလည်း ပြည့်မီခဲ့သည်ကို တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများတွင် ၃၀ ရာခိုင်နှုန်းလောက်အထိ တိုးတက်မှုရှိခဲ့သည်ဟု သိရသည်။

စီးပွားရေးကို ခန့်မှန်းရခက်သော နိုင်ငံရေးသိပ္ပံပညာရပ်တစ်ခုအဖြစ် ဖွင့်ဆိုသည်များလည်းရှိသည်။ စီးပွားရေးတစ်ခုကို ပြဋ္ဌာန်းနေသော အချက်အလက်ပေါင်းများစွာရှိရာ မြန်မာနိုင်ငံလို ပထဝီအနေအထားအရ ပြောလျှင် နယ်စပ်ကုန်သွယ်ရေးသည်လည်း စီးပွားရေး၏ အရေးပါသော ကဏ္ဍတွင်ရှိနေပါသည်။ နယ်စပ်ကုန်သွယ်ရေးနှင့်အတူပါလာသော တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးနှင့် သယံဇာတခိုးထုတ်မှုများကြောင့် ဝင်ရောက်လာသော ငွေမည်းများကလည်း မြန်မာ့စီးပွားရေးပုံမှန်လည်ပတ်မှုကို အဟန့်အတားတစ်ခုဖြစ်စေပါသည်။

ယခုအချိန်အထိ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် GDP ၏ ၃၀ ရာခိုင်နှုန်းရှိနေပြီး အလုပ်အကိုင်အားလုံး၏ ၆၀ ရာခိုင်နှုန်းရှိနေရာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးနေရဦးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှအလုပ်အကိုင် လုပ်နိုင်သောအရွယ် လူငယ်အများစုရှိနေသော နိုင်ငံဖြစ်ရာ အသက်အရွယ်ကြီးသူများပြားနေသော နိုင်ငံများထက် အားသာချက်ရှိနေပါသည်။ မည်သို့ဆိုစေ ၂၀၁၇ ခုနှစ်သည် မြန်မာ့စီးပွားရေးဦးမော့လာမည့် နှစ်တစ်နှစ်ဖြစ်လာရန် အကြောင်းအချက်များစွာ ရှိနေသည်ဟု တွေ့ရပါကြောင်း တင်ပြရပါသည်။




# မလ္လကိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲ ရခိုင်ပြည်နယ်အတွက် အကြိုညှိနှိုင်း

**စစ်တွေ ဇွန် ၁၃**

မလ္လကိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲ ရခိုင်ပြည်နယ်အတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ MPC က ကြီးမှူးပြီး စစ်တွေဟိုတယ်၌ ယနေ့ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိပြုလုပ်ရာ ရခိုင်ပြည်နယ်အတွင်းရှိ သတင်းသမားများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ (၁)ဦးအောင်လှထွန်းနှင့် သတင်းမီဒီယာကောင်စီဝင် ဦးအုန်းကြိုင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ဥပဒေပြုမလ္လကိုင်၊ အုပ်ချုပ်ရေးမလ္လကိုင်၊ တရားစီရင်ရေးမလ္လကိုင်တို့နှင့် မီဒီယာတို့အကြား အချင်းချင်းလေးစားရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေးတို့အတွက် တက်ရောက်လာကြသူများက အုပ်စုသုံးစုခွဲကာ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ပါမောက္ခဒေါက်တာ မောင်မောင်စံက နိဂုံးချုပ်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ စတင်သည်။

"မြန်မာနိုင်ငံမှာ သတင်းမီဒီယာအက်ဥပဒေနဲ့ နည်းဥပဒေတွေကို တရားဝင်ပြဋ္ဌာန်းပေးထားပေမယ့် ခုလို ဝေးလံခေါင်သီတဲ့ ရခိုင်လိုဒေသတွေမှာ မသိကျိုးကျွန်ပြုပြီး သတင်းမီဒီယာသမားတွေလွတ်လပ်ခွင့်မရတာကို သိရလို့ပါ။ ဒီနေ့ထူထောင်နေတဲ့ ဒီမိုကရေစီနိုင်ငံမှာ လူတိုင်းသတင်းသိပိုင်ခွင့်၊ သတင်းရယူပိုင်ခွင့်၊ သတင်းတင်ပြပိုင်ခွင့်ဆိုတဲ့ အရာတွေကို ပြည့်ပြည့်ဝဝမရရှိတာဟာ မဖြစ်သင့်တဲ့ကိစ္စပါ။ သတင်းသမားတိုင်း သတင်းလွတ်လပ်ခွင့်ရှိရပါမယ်။ လူရဲ့စိတ်ဓာတ်၊ လူရဲ့ပညာစွမ်းအားနဲ့ တစ်ယောက်ရဲ့သတင်းကို တစ်ယောက်သိရှိနားလည်မှုရှိကာ ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ရှိပြီး ပွင့်ပွင့်လင်းလင်းတင်ပြနိုင်မှသာ ဒီကနေ့ တည်ဆောက်နေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ရောက်နိုင်မှာပါ"ဟု ဝါရင့်သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင်က ပြောသည်။



ယနေ့ဆွေးနွေးပွဲမှ ရရှိသော အချက်များကို မနက်ဖြန်ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်လွှတ်တော်၊ ရခိုင်ပြည်နယ်တရားလွှတ်တော်တို့နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးပွဲတွင် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ညောစော**

## မူခင်းအသိပညာပေး ပြသရှင်းလင်း

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဆောင်ရွက်မှုလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီခွဲက ဓမ္မစေတီလမ်း အထက(၁) ဗဟန်းတွင် ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မှုခင်းအသိပညာပေးပြခန်းယာဉ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဆွေဝင်းက မှုခင်းကျဆင်းရေး အသိပညာပေးခြင်း၊ ရဲအုပ် သိန်းဌေးက လူကုန်ကူးမှုပညာပေးခြင်း၊ ရဲအုပ်ရဲမင်းဟိန်းက မူးယစ်ဆေးဝါးအသိပညာပေးခြင်းတို့ကို ပြသရှင်းလင်းပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများ လာရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။ **တင်စိုး(မြန်မာ့အလင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၃-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၀/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၂၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ | ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၈ | ·၉၈ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၇၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀၉ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ | ·၇၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဩစတြီးယားနိုင်ငံသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Enno Drofenik အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင် မောင်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ နိုင်ငံတော် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးအောင်သန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Enno Drofenik အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

စတော့ဟုမ်း ဇွန် ၁၃

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့သည် ဇွန် ၁၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်သစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့် နည်းပညာများ ဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးပေးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ်တို့သည် သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွီဒင်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mrs. Isabella Lovin တို့သည် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Olof Palme International Prize 2015 ဆု လက်ခံယူစဉ် (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mrs. Isabella Lovin တို့အား တွေ့ရစဉ် (သတင်းစဉ်)

❁ *ရှေ့ဖုံးမှ*

အမြစ်တွယ်ခဲ့ပြီဖြစ်တဲ့ ပဋိပက္ခတွေကိုဖြေရှင်းရာမှာ အပြန်အလှန်ယုံကြည်မှုနဲ့ လေးစားမှုကို မဖြစ်မနေ တည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်မတို့ အစိုးရရည်မှန်းချက်က ပြည်သူတွေအားလုံးလုံခြုံမှု၊ လွတ်လပ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုအာမခံချက်ပေးနိုင်မယ့် တည်ငြိမ်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ဖော်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။

**အောင်မြင်စွာကျင်းပ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ(ပထမအစည်းအဝေး) ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ကျင်းပခဲ့ပြီး လွန်ခဲ့တဲ့သီတင်းသုံးပတ်အတွင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ( ဒုတိယအစည်းအဝေး) ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ဒုတိယအစည်းအဝေးမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ မြေယာမူဝါဒများ ပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါဟာ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ရပ်ပေါ်ထွန်းရေးအတွက် သိသာထင်ရှားတဲ့ ခြေလှမ်းတစ်ရပ်ပဲဖြစ်ပါတယ်။ ထို့အတူပဲ လုပ်ဆောင်စရာများစွာ ကျန်နေသေးသလို ဆယ်စုနှစ်ချီကြာခဲ့တဲ့ ပဋိပက္ခကိုအဆုံးသတ်ရာမှာ အခက်အခဲများစွာရှိမှာကိုလည်း ကျွန်မတို့ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

**ဘက်စုံထောင့်စုံဆောင်ရွက်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပြည်သူများစည်းလုံးညီညွတ်ရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်ရဲ့ သဘောသဘာဝက ဘက်စုံထောင့်စုံ ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဒုက္ခသုက္ခတွေ ပြည့်နေတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အရေးဖော်ဆောင်ရာမှာ သတိကြီးစွာဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် လုံလောက်တဲ့အချိန်နဲ့နေရာ လိုအပ်တာမို့ ကျွန်မတို့အနေနဲ့ အမြန်ဆုံးလမ်းကို တွေ့ရှိချင်ပါတယ်။

**မလွဲမသွေဆောင်ရွက်**

ရခိုင်ပြည်နယ်အတွင်းငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေးဖော်ဆောင်ခြင်းဟာ ကျွန်မတို့ရဲ့ စိန်ခေါ်မှုများထဲက တစ်ခုဖြစ်ပါတယ်။ သည်းခံမှုနဲ့ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရင်း စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကသာ အာမခံချက်ပေးနိုင်တဲ့၊ အခွင့်အရေးများ အပြည့်အဝကာကွယ်ဖို့နဲ့ ယင်းဒေသအတွင်း တင်းမာမှုများ လျော့ကျစေမယ့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို မလွဲမသွေဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စည်းလုံးညီညွတ်ရေးကိုမရရှိနိုင်သေးသရွေ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် မထူထောင်နိုင်ပါဘူး။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကသာ ပြည်သူတွေရဲ့ စွမ်းဆောင်ရည်ကို ဖြည့်စွမ်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ ဆုံးခန်းမတိုင်သေးပါဘူး။ မလွယ်မှန်းသိပေမယ့် ဒါဟာပြည်သူတွေအတွက် မရှိမဖြစ်လုပ်ဆောင်ရမယ့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါတယ်။ မတူညီတဲ့လူမျိုးစုတွေကြား စည်းလုံးညီညွတ်မှုဖော်ဆောင်ရင်း ထိုခရီးလမ်းအပေါ် ဆက်လျှောက်နေဆဲဖြစ်ပါတယ်။

**ငြိမ်းချမ်းရေး ဘယ်တော့ရမလဲ**

ဒီမိုကရေစီဖော်ဆောင်တဲ့နှစ်များအတွင်း "မြန်မာနိုင်ငံမှာ ဒီမိုကရေစီဘယ်တော့ရမှာလဲ"လို့ မကြာခဏအမေးခံခဲ့ရပါတယ်။ ကျွန်မရဲ့အဖြေကတော့ "ဒီမိုကရေစီရရှိဖို့ ရှင်တို့ဘယ်လောက်ကြိုးစားခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်မေးပါ။ ရှင်တို့ ပိုကြိုးစားလေ၊ ဒီမိုကရေစီရဖို့ ပိုမြန်လေ"လို့ ကျွန်မပြန်ဖြေခဲ့ပါတယ်။ အခုလည်းပဲ "ငြိမ်းချမ်းရေးဘယ်တော့ရမလဲ"လို့ ကျွန်မကို မေးလာကြတဲ့အခါ "ငြိမ်းချမ်းရေးရရှိဖို့ ရှင်တို့ ဘယ်လောက် ကြိုးပမ်းခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ ကိုယ့်ဟာကိုယ်အဖြေရလာပါလိမ့်မယ်" လို့ ကျွန်မပြန်ဖြေခဲ့ပါတယ်။

**အားတစ်ရပ်**

အချို့သောသူတွေမေးလေ့ရှိတာက "ငြိမ်းချမ်းရေးနဲ့သဟဇာတဖြစ်ရေးမှာ ကျွန်တော်တို့ ဘာလုပ်ဆောင်ပေးနိုင်မလဲ"ဆိုတဲ့ မေးခွန်းပါ။ အဲဒီမေးခွန်းမေးတဲ့သူတွေကို ကျွန်မအလွန် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မယ်လို့ သူတို့ယုံကြည်တာဟာ ကျွန်မတို့အတွက် အားတစ်ရပ်ပါပဲ။ စည်းစည်းလုံးလုံးနဲ့ လက်တွဲလုပ်ဆောင်မယ်ဆိုရင် ကျွန်မတို့ရဲ့ ရည်မှန်းချက်ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ကျွန်မပြောချင်ပါတယ်"ဟု ပြောကြားသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန်အာလင်းက ကြိုဆိုနှုတ်ဆက်စဉ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စတော့ဟုမ်းမြို့ရှိ နိုဘယ်လ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ၁၉၉၁ ခုနှစ်တွင် နိုဘယ်လ်ဆုရရှိခဲ့ကြောင်း အသိအမှတ်ပြုမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

---

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်အောက်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် သတင်းမီဒီယာ ပိုမိုလွတ်လပ်ရေးတို့ကို ဆွေးနွေးကြသည်။

**စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံ**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံ ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr.Oscar Stenstrom နှင့် ဆွီဒင်စီးပွားရေးကုမ္ပဏီများဖြစ်ကြသည့် H&M, Ericsson, Scania တို့မှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး Mrs. Ann Linde နှင့် တွေ့ဆုံ၍ အလုပ်သမားအခွင့်အရေး၊ အလုပ်ရှင်-အလုပ်သမား ဆက်ဆံရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

**ဆုလက်ခံရယူ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Olof Palme International Prize 2015 ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဆုလက်ခံရယူသည်။

အခမ်းအနားတွင် ဆွီဒင်နိုင်ငံ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးက ဂုဏ်ပြုစကားပြောကြားပြီး Olof Palme International Prize အဖွဲ့ဥက္ကဋ္ဌ Mr.Pierre Schori က ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆုချီးမြှင့် ပေးအပ်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား Olof Palme International Prize အဖွဲ့ဥက္ကဋ္ဌ ဆုချီးမြှင့်ပေးအပ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဂုဏ်ပြုညစာစား**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဆွီဒင်နိုင်ငံ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ ရှင်းလင်းစဉ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ခေတ္တတည်းခိုသည့် ဂရမ်းဟိုတယ်၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံသားများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

---

**ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်**

နေပြည်တော် ဇွန် ၁၃

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်ချက်အရ နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ (မိုး/ဇလ)

# Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၃**

တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပျက်ကျရာတွင် ပါဝင်သွားသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လှူဒါန်းငွေကျပ် ၁၂၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်က လက်ခံရယူသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် အလှူငွေပေးအပ်လှူဒါန်းစဉ် (သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် (CALD)ဥက္ကဋ္ဌ Mr. Abhisit Vejjajiva နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မနီလာမြို့အခြေစိုက် (CALD)ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အခြေစိုက် The Council of Asian Liberals and Democrats (CALD) ဥက္ကဋ္ဌ Mr. Abhisit Vejjajiva နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၁၃**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၂၂ သိန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူသည်။ **(ယာပုံ)**

အလားတူ အဆိုပါလေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်(ငြိမ်း)၊ ဒေါ်ဆွေဆွေဦး မိသားစုတို့က ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




✼ *ကျောဖုံးမှ*

ငါးဖမ်းစက်လှေများ၏ ရှာဖွေရေးလုပ်ငန်းများကို အထောက်အကူပြုဆောင်ရွက်ခဲ့သည်။

အလားတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ အသင့်စားသုံးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေခံ တပ်မိသားစုများက စီစဉ်ဆောင်ရွက်ပေးသည့် ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများအား တာဝန်ရှိသူများက လိုက်လံဝေငှပေးသည်။

ယနေ့တွင် မောင်းမကန်-မရင်းကြီး ကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် မြေပြင်တပ်များက အမျိုးသားရုပ်အလောင်း နှစ်လောင်းနှင့် ကျား၊ မ မခွဲခြားနိုင်သည့် ရုပ်အလောင်းတစ်လောင်း စုစုပေါင်း ရုပ်အလောင်း သုံးလောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၈၆ လောင်း ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်အတွင်း ဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများမှ ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ အမျိုးသားရုပ်အလောင်း ၂၄ လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၀ နှင့် ကလေးရုပ်အလောင်းလေးလောင်း စုစုပေါင်း ရုပ်အလောင်း ၄၈ လောင်းအား ရုပ်အမည်ခွဲခြားမှုပြုလုပ်နိုင်ခဲ့ပြီး ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများ၊ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီးဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်(ရေ)မှ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေစဉ်**



**တပ်မတော်(လေ)မှ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေစဉ်**

✼ *ကျောဖုံးမှ*

အတက်လမ်းဘေးရှိ အိမ်ပိုင်ရှင် နော်သာဒေးဖော၏ နေအိမ် မီးဖိုချောင်အလျား ကိုးပေ၊ အနံခုနစ်ပေရှိ အပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့သဖြင့် မီးဖိုချောင်ပျက်စီးသွားခဲ့သည်။

အလားတူ နော်ဘူဘောတောင်အတက်လမ်းတွင်လည်း ကတ္တရာလမ်းမနှင့်ကပ်လျက် အောက်ဘက်ခြမ်းတွင် မြေပြိုကျမှုဖြစ်ပွားခဲ့သည်။ ထို့အပြင် အဆိုပါရပ်ကွက်ရှိ ဦးဝင်းဂိတ်၏ နေအိမ်အနောက်ဘက်ခြမ်းတွင် အလျား ၁၅ ပေခန့်ရှိ မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် အဆိုပါနေအိမ်များတွင် နေထိုင်သူများ အန္တရာယ်ရှိနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လူအသေအပျောက် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**သံတောင်ကြီး(ပြန်/ဆက်)**

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် ဇွန် ၁၃** -မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အမ်းမြို့တွင် ၉ ဒသမ ၂၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၄၀ လက်မ၊ သိမ်ဇရပ်မြို့တွင် ၅ ဒသမ ၁၆ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ကျောက်တော်မြို့နှင့် ပဲခူးမြို့တို့ တွင် ၄ ဒသမ ၀၂ လက်မစီ၊ စစ်တွေမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မဒေါက်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၄၀ လက်မစီ၊ တောင်ကုတ်မြို့တွင်၂ ဒသမ ၂၄ လက်မ၊ ပင်လောင်းမြို့ ဟုမ္မလင်းမြို့နှင့်အောင်လံမြို့တို့တွင် ၂ ဒသမ ၁၃ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ကလေးအလုပ်သမားလျှော့ချရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

**အားမာန် (အလရ)**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနသည် ILO နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (Myanmar Program on the Elimanation of Child Labour (My-PEC) ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ မှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လေးနှစ်တာ စီမံကိန်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့ကို ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာနှင့်အဝှမ်း ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပကြသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲတွင် ပါဝင်၍ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ သန်းကျော်ရှိပြီး မြို့ပြနေထိုင်သူ ၃၀ ရာခိုင်နှုန်းခန့် ကျေးလက်ဒေသ နေထိုင်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။

၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် အရပ်ဘက်အုပ်ချုပ်ရေးစတင်ချိန်မှ နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အလေးထား ဆောင်ရွက်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုရေးပြန်လည် ပူးပေါင်း ပါဝင်လာမှုများ (Social Inclusion) ရရှိစေရန် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည်။

**ပတ်ဝန်းကျင်ရေရှည်တည်တံ့စေရေး**

အဆိုပါ စိန်ခေါ်မှုများတွင် မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်ရေး၊ အထူးသဖြင့် ကုန်ထုတ်လုပ်ငန်းကဲ့သို့ အဓိကကျသည့် ကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်မှုရှေးရှုသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုလျှော့ချခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမှု၊ အုပ်ချုပ်မှုတိုးတက် ကောင်းမွန်ရေးနှင့် ပြည်သူ့ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Public Sector Reforms)၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့စေရေး မြှင့်တင်ပေးခြင်းတို့ ပါဝင်သည်။

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် အများဆုံးနေထိုင်၍ ဆင်းရဲမွဲတေမှု အကျိုးဆက်များကို ခံစားနေရပြီး ကျေးလက်ဒေသရှိ ကလေးသူငယ်များသည် ကျန်းမာရေး စောင့်ရှောက်မှု၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာ ဝန်ဆောင်မှု၊ ပညာသင်ကြားခွင့်ဆိုင်ရာ အခွင့်အရေးများကို အကန့်အသတ်ဖြင့်သာ ရရှိနေကြသည်။ မြန်မာနိုင်ငံသည် ကလေးအသေအပျောက်နှုန်းထားအရ နိုင်ငံ ၂၂၅ နိုင်ငံအနက် အသေအပျောက်နှုန်းထားမြင့်မားသည့်အဆင့် ၄၇ တွင် ရှိကြောင်း လေ့လာသိရှိ ရသည်။

မြန်မာနိုင်ငံတွင် အသက်(၁၈)နှစ်အောက် လူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၃၃ ဒသမ ၃၁ ရာခိုင်နှုန်း ခန့်ရှိပြီး မြို့ပြ၌ ၈ ဒသမ ၅၉ ရာခိုင်နှုန်း၊ ကျေးလက်၌ ၂၄ ဒသမ ၇၁ ရာခိုင်နှုန်းခန့် ရှိ၍ ကလေးဦးရေများပြားသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကလေးငယ်များနှင့် လူငယ်များကို စီးပွားရေးအရ အမြတ်ထုတ်ခံရမှု၊ အချိန်မတိုင်မီ ကျောင်းထွက်ပြီး အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရမှုရှိကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရသည်။

၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာအရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ် မှ ၁၇ နှစ်ကြား ကလေးဦးရေ ၁၂ ဒသမ ၁ သန်းကျော်ရှိပြီး အလုပ်လုပ်သည့် ကလေး ၁ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ လယ်ယာ၊ သစ်တောနှင့် သားငါး ကဏ္ဍတွင် ၆၀ ရာခိုင်နှုန်းကျော်၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ၁၂ ရာခိုင်နှုန်းကျော်နှင့် ကုန်သွယ်မှုလုပ်ငန်းတွင် ၁၁ ရာခိုင်နှုန်းကျော် လုပ်ကိုင်နေကြောင်း သိရသည်။

ကလေးအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ရရှိမှု မြှင့်တင်ပေးခြင်း၊ လူငယ်များအလုပ်အကိုင်ရရှိရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ဘေးကင်းသည့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့နှင့်ပတ်သက်၍ အရေးကြီးသည့် မူဝါဒရေးရာနှင့် လူမှုစီးပွားရေးဦးစားပေးမှုများ (Socio-Economic Priorities) အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေဗျွေလှုပ်ခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်းအပြင် လက်နက်ကိုင်ပဋိပက္ခမှုများ၏ အကျိုးဆက်များကြောင့် အထွေထွေဆင်းရဲမွဲတေမှုကို ကြုံတွေ့လျက်ရှိသည်။ ပဋိပက္ခဖြစ်ပေါ်သည့် နေရာများတွင် လူမှုရေးနှင့် အခြားဆောင်ရွက်ချက်များကို ဆောင်ရွက်ပေးနိုင်စွမ်းမရှိ၍ နေရပ်ရွှေ့ပြောင်း နေထိုင်ကြရမှု၊ ပဋိပက္ခမှုများနှင့်အတူ ဆင်းရဲဒုက္ခများ ကြုံတွေ့နေရသည်။

ဘေးအန္တရာယ် အမျိုးမျိုး၏ ဖျက်ဆီးနိုင်မှု စွမ်းအားသည် လူတစ်ဦးချင်းစီသာမက မိသားစုများကို အကျိုးသက်ရောက်မှုရှိပြီး သွားလာနေထိုင်ရေးနှင့် အစားအစာ အခက်အခဲများ ကြုံတွေ့စေပြီး နေရပ်ပြောင်းရွှေ့ နေထိုင်မှုများကြောင့် စီးပွားရေးအကျပ်အတည်းကို ဖြစ်ပေါ်စေသည်။ ထိုမှတစ်ဆင့် အသက်ရှင်ရပ်တည်နိုင်ရန် မိသားစုများအနေဖြင့် မလွှဲသာ၍ ကလေးများကို အလုပ်ခိုင်းစေခြင်း ဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် အရှိန်ရနေပြီဖြစ်သည့် ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် ဆင်းရဲမွဲတေမှု၊ လူမှုရေးဝန်ဆောင်မှု မပြည့်စုံမှု၊ သဘာဝဘေးအန္တရာယ်၊ အလုပ်အကိုင်နှင့် လက်နက်ကိုင် ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရာတွင် များစွာအရေးပါကြောင်း တွေ့မြင်နိုင်သည်။ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲမှုများတွင် ကလေးလုပ်သားများနှင့်ပတ်သက်၍ ဦးစွာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမှ အစပြု၍ ကလေးလုပ်သားခိုင်းစေမှု ပပျောက်စေရန်သို့မဟုတ် လျော့နည်းစေရန် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းကောင်းများကို အသုံးချနိုင်မည့် အချိန်ကောင်းပင် ဖြစ်သည်။

**တရားဝင် အလုပ်လုပ်ကိုင်နိုင်**

ILO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးလုပ်သား ဆိုသည်မှာ ၎င်း၏ ကလေးဘဝ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာ ကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုး လုပ်ကိုင်နေရသူများကို ဆိုလိုကြောင်း သိရသည်။ တရားဝင် အလုပ်လုပ်ကိုင်နိုင်သည့် အနိမ့်ဆုံး အသက် ၁၄ နှစ်အောက် အရွယ်ရှိ အလုပ်လုပ်ကိုင်နေရသည့် ကလေးများဖြစ်သည်။ ၎င်းတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာသင်ကြားရေးကို ထိခိုက်စေသည့် အလုပ်များတွင် လုပ်ကိုင်နေရသည့် ကလေးများကို ဆိုလိုသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနသည် ILO နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (Myanmar Program on the Elimanation of Child Labour (My-PEC))ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ မှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လေးနှစ်တာ စီမံကိန်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ILO (My-PEC) လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အသိပညာ အခြေပြုမှု တိုးမြှင့်လာစေခြင်း၊ ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်နှင့် ဗဟုသုတတိုးတက်မှု ရှိလာစေခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စေရန် ပြုလုပ်ပေးခြင်း၊ မူဝါဒများနှင့် ဥပဒေများ တိုးမြှင့်ထောက်ခံခြင်း၊ ကနဦး သတ်မှတ်ထားသည့်နေရာများတွင် ကလေး လုပ်သား လျော့နည်းစေရန် ရည်မှန်းချက်ဖြင့် ရှေ့ပြေးစမ်းသပ်လုပ်ကိုင်ခြင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ**

ပထမအဆင့်တွင် သုတေသနပြုခြင်းနှင့် အခြေခံ ဗဟုသုတတိုးမြှင့်စေခြင်း၊ ဒုတိယအဆင့်တွင် နိုင်ငံတော်အဆင့်နှင့် ရပ်ရွာအဆင့် နှစ်ရပ်စလုံး၌ ကြားဝင်ဆောင်ရွက်ပေးနေပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးကို သက်ဆိုင်ရာ နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ လူမှုအဖွဲ့အစည်းများ အပါအဝင် အဖွဲ့ဝင် ၃၁ ဦး ပါဝင်သည့် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ (TWG-CL)ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များ (Operational Guideline)နှင့် သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ (Terms of Reference) ကို ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ILO (My-PEC) စီမံကိန်းလုပ်ငန်းအောင်မြင်စေရေး လိုအပ်သည့် ဦးဆောင် လမ်းညွှန်မှုပေးနိုင်ရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ ပါဝင်သည့် (Project of Steering Committee) စီမံကိန်း ဦးဆောင်မှုကော်မတီကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်း၍ သုံးလတစ်ကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ လိုအပ်သလို လမ်းညွှန်ဆောင်ရွက်ခဲ့သည်။

အလုပ်လုပ်သော ကလေး(Working Children) များနှင့် စပ်လျဉ်း၍ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် Focal Ministry အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာနိုင်ငံကလေးသူငယ် အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင်ဖြစ်သည့်အပြင် ကလေးလုပ်သားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ (TWG-CL) ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံသည် ကလေးအလုပ်သမားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း ပပျောက်ရေးဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် (၁၈၂)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုလက်ခံကျင့်သုံးခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်စတင်အာဏာသက်ဝင်၍အကောင်အထည်ဖော်မှု အစီရင်ခံစာ ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ILO သို့ တင်သွင်းခဲ့ပြီး ဖြစ်သည်။

ILO (My-PEC) ၏ သုံးနှစ်ကျော် ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် အလုပ်လုပ်နိုင်သော အနိမ့်ဆုံးအသက် ကန့်သတ်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၁၃၈)ကို လက်မှတ်ရေးထိုးခြင်း မပြုရသေးသော်လည်း ကလေးအလုပ်သမား လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနှင့် ၂၀၁၆ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေတို့တွင် ကလေးအလုပ်သမား အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်ကို ၁၃ နှစ်အစား ၁၄ နှစ်ဟု ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

ပြည်သူများအကြား ကလေးအလုပ်သမားဆိုင်ရာ အသိအမြင် မြှင့်တင်ရေးအစီအစဉ်များ ဆွေးနွေးပို့ချခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းပြီးလုပ်ငန်းခွင်ဝင်ရောက်မှု ကူးပြောင်း ဆန်းစစ်ချက်စစ်တမ်း အပါအဝင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းခွင်ရှိ ကလေးသူငယ်များ၊ အလုပ်သမား စစ်တမ်းသုံးစောင်ထုတ်ဝေခြင်း၊ ဘေးအန္တရာယ်ရှိသော လုပ်ငန်းနှင့် လုပ်ငန်းခွင် စာရင်းထုတ်ပြန်ရန် ပြင်ဆင်ခြင်း၊ တိုက်ရိုက်ကြားဝင် အထောက်အပံ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်ရှိ ကျေးရွာ၊ ရပ်ကွက် သုံးခုကို ပံ့ပိုးပေးခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲများ၊ လူငယ်ကွန်ရက်အဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲ၊ စက်မှုဇုန်များအဆင့် ညှိနှိုင်းဆွေးနွေးပွဲတို့ကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့သည်။

**အမျိုးသားအဆင့် လုပ်ငန်းစီမံချက်**

ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟ ဟိုတယ်တွင် ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်နေ့မှ ၁၆ရက်နေ့အထိ လွှတ်တော်၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပြင် ILO နှင့် UNICEF တို့မှ ကိုယ်စားလှယ်များ၊ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်၍ အားတက်သရော အလေးထားဆွေးနွေးခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ကာလတို၊ ကာလရှည်စီမံကိန်းချမှတ်၍ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ်ရေးဆွဲသွားမည် ဖြစ်သည်။

ကလေးအလုပ်သမားခိုင်းစေခြင်းသည် ကလေးသူငယ် အခွင့်အရေးကို ချိုးဖောက်မှုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်၍ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေး အတွက် ကြီးမားသည့် အတားအဆီးဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီထားသည့် အရှည်တည်တံ့ဖွံ့ဖြိုးရေးဆိုင်ရာ ပန်းတိုင်ရည်မှန်းချက်တွင် ကမ္ဘာ့လူမှုအဖွဲ့အစည်းများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကလေးလုပ်သားစေခိုင်းမှုကို ပပျောက်အောင် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ILO (My-PEC) Program အရ ၂၀၁၄ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကို ILO နှင့် ပူးပေါင်းကျင်းပခဲ့ရာ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ (၄) ကြိမ်မြောက် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပခဲ့ပြီး ဖြစ်သည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်သည် **ပဋိပက္ခများနှင့် ဘေးအန္တရာယ်များအတွင်းမှ ကလေးငယ်များအား ကလေးအလုပ်သမား မဖြစ်စေရေး တားဆီးကာကွယ်ပေး**ဟု ဆိုထားသဖြင့် ပဋိပက္ခများနှင့် ဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများအပါအဝင် ကလေးအလုပ်သမား အသုံးချမှု အဆုံးသတ်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများ၊ ILO၊ UNICEF ၊ INGOs ၊ NGOs များ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေး စိတ်ဓာတ်ဖြင့် အရှိန်အဟုန်မြှင့်တင်ပြီး အလေးထား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း ဇွန်လ ၁၂ရက်နေ့က ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

## နယ်ထိန်း(အခြားအဆင့်) လုပ်ငန်းခွင်(မွမ်းမံ) သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် နယ်ထိန်း (အခြားအဆင့်) လုပ်ငန်းခွင်(မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၁၇)သင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ဦးစီးအရာရှိ(ပထမတန်း)ဒုတိယရဲမှူးကြီး မြင့်ထွေး၊ ခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းသားရဲတပ်ဖွဲ့ဝင်များနှင့် အခြားအဆင့် ၂၀ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယင်းသင်တန်းကို ဇွန် ၁၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဗဟိုဘဏ်သည် ထုတ်ဝေထားသည့် ငွေစက္ကူများ၏ခိုင်မာလုံခြုံမှုအတွက် လုံခြုံမှုအဆင့်အတန်းနှင့်အရည်အသွေး မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

၂၀၁၇ ခုနှစ်အတွင်း ငွေစက္ကူအတု ၁၃ ကြိမ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက "၂၀၁၇ ခုနှစ် ဇန်နဝါရီ လမှ မေလ ၂၄ ရက်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေစက္ကူအတုတွေကို နယ်စပ်က ခုနစ်ကြိမ်နဲ့ ပြည်တွင်းတုပမှု ခြောက်ကြိမ်ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီငွေစက္ကူအတုတွေကို Colour Printer၊ Colour Copier၊ Block နည်းတွေနဲ့ တုပပြုလုပ်ထားတယ်လို့ သိရှိရပါတယ်"ဟု ပြောသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၏ **မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာပျံ့နှံ့နေသည့် ငွေစက္ကူအတုများနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းမှုများဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ထိုသို့ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ငွေစက္ကူအတုများ လာရောက်ပေးသွင်းမှုတွေ့ရှိပါက ၎င်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာတို့ကိုမှတ်သား၍ ငွေစက္ကူအတုကို မှတ်တမ်းအပြည့်အစုံနှင့်အတူ လိုအပ်သလို စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန် နီးစပ်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပို့အပ်ရန် ဘဏ်များသို့ ညွှန်ကြားထားပါကြောင်း။

ငွေစက္ကူအတုများနှင့်ပတ်သက်၍ ကောလာဟလမဖြစ်ပေါ်စေရေးနှင့် ငွေကြေးကဏ္ဍ တည်ငြိမ်မှု မပျက်ပြားစေရေးအတွက် အခါအားလျော်စွာ ဘဏ်များမှ တာဝန်ရှိသူများအား ငွေစက္ကူအတုနှင့် အစစ်တို့၏ ခြားနားချက်များနှင့် ထူးခြားချက်များကို ရှင်းလင်းပြသထားပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထုတ်ဝေထားသည့် ငွေစက္ကူများ၏ ခိုင်မာလုံခြုံမှုအတွက် လုံခြုံမှုအဆင့်အတန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငွေစက္ကူအစစ်၏ ထူးခြားချက်များမှာ ကျစ်လျစ်သိပ်သည်းခြင်း၊ ကြမ်းခြင်း၊ ခရမ်းလွန်ရောင်ခြည်အောက်တွင် နို့နှစ်ရောင်အဖြစ် တွေ့မြင်ရပြီး ရာသီဥတုနှင့် ရေစိုမှုဒဏ်ခံနိုင်စေရန် ပြုလုပ်ထားပါကြောင်း၊ ထို့ပြင် ငွေစက္ကူအရွယ်အစား၊ နံပါတ်စဉ်၊ အက္ခရာများ၊ ရေစာများ၊ လုံခြုံရေးကြိုးများ၊ ပုံနှိပ်နည်းစနစ်အပြင် အခြားသောလျှို့ဝှက်ချက်များဖြင့် တုပနိုင်ခြင်းမရှိစေရန် ကာကွယ်ထားပါကြောင်း ဖြေကြားသည်။



မြန်မာ နိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း



ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော်

အစည်းအဝေးတွင် ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၏ **မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသော ၁၀ နှစ်နှင့် အထက်ဝန်ထမ်းများအား အခြားသော ဝန်ထမ်းများနည်းတူ ပင်စင်လစာခံစားခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက နိုင်ငံ့ဝန်ထမ်းများအား အငြိမ်းစားခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ တွင် "သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင်၊ လျှော့ပေ့ါပင်စင်" ဟူ၍ ပင်စင် ခုနစ်မျိုးကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

၎င်းတို့အနက် သတ်မှတ်ချက်များနှင့် ညီညွတ်သည့် ပင်စင်တစ်မျိုးမျိုးကို ဝန်ထမ်းက တောင်းခံပါက ခံစားခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၁ တွင် "ရာထူးမှနုတ်ထွက်သည့်ဝန်ထမ်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရသည့်ဝန်ထမ်းသည် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွက် ပင်စင်လစာကိုဖြစ်စေ၊ လုပ်သက်ဆုငွေကိုဖြစ်စေခံစားခွင့်မရှိ"ဟု သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် ရာထူးမှနုတ်ထွက်သည့် ဝန်ထမ်းသည် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွက် ပင်စင်လစာကိုဖြစ်စေ၊ လုပ်သက်ဆုငွေကိုဖြစ်စေ ခံစားခွင့်မရှိပါကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ပင်စင်စနစ်သည် ထည့်ဝင်ကြေးမဲ့စနစ်ဖြစ်ပြီး ရန်ပုံငွေထူထောင်ထားခြင်းမရှိသော ပင်စင်အကျိုးခံစားခွင့်စနစ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပင်စင်စနစ်သည် နှစ်စဉ် နိုင်ငံတော် ရသုံးမှန်းခြေဘတ်ဂျက်မှ တိုက်ရိုက်ကျခံသည့်စနစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသော ၁၀ နှစ်နှင့်အထက်ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာခံစားခွင့်ပြုပေးနိုင်ရန် နိုင်ငံတော်၏ ရသုံးမှန်းခြေဘတ်ဂျက်အခြေအနေအပေါ် အခြေခံနေပါသဖြင့် ပင်စင်လစာခံစားခွင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့၏ ငွေရေးကြေးရေးနှင့် ပတ်သက်သော အစီရင်ခံစာများထုတ်ပြန်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ရုံးခွဲများ မြို့နယ်ပေါင်း ၃၃၀ တွင် ဖွင့်လှစ်ပေးရေး၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေရေးဆိုင်ရာ မေးခွန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတင်သွင်းထားသည့် **နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး၊ နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း**အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်က အလုပ်လက်မဲ့ပြဿနာသည် နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများကို ထိခိုက်စေပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပါကြောင်း၊ လူထုတွေ့ဆုံပွဲများတွင် ပြည်သူလူထုက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းပေးရန် အမြဲပြောကြားပါကြောင်း၊ အလုပ်လက်မဲ့လျော့နည်းရေးအတွက် ဆောင်ရွက်ရာတွင် အနာဂတ်စီးပွားရေး၌ အဓိကအခြေပြုမည့်ကဏ္ဍနှင့် ပညာရေးက မွေးထုတ်မည့် ကျွမ်းကျင်ပညာရှင်များ ကိုက်ညီရန် လိုအပ်ပါကြောင်း၊ လုပ်သားအသုံးပြုမှုများပြားသည့် လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာအောင် ဖောင်းပေးစီမံသင့်ပါကြောင်း ဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က အလုပ်လက်မဲ့ပြဿနာကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနိုင်ရန် အသက်မွေးမှုပညာ၊ လက်မှုပညာများကို ယခုထက်ပိုမို ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ မလိုအပ်ဘဲ စီမံကိန်းအတွက် မြေများကို အလွန်အကျွံ သိမ်းယူခြင်းသည် အလုပ်လက်မဲ့များလာစေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါကြောင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် စနစ်တကျ ဖော်ထုတ်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်းက အလုပ်လက်မဲ့လူငယ်လူရွယ်များနေခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် မကောင်းပါကြောင်း၊ ယင်းပြဿနာကို အလေးထားအဖြေရှာကြရန်လိုအပ်ပါကြောင်း၊ အလုပ်လက်မဲ့ ရာခိုင်နှုန်းများနေခြင်းသည် တိုင်းပြည်ဝင်ငွေ ဂျီဒီပီအပေါ် သက်ရောက်မှုရှိပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုစသည့် ရာဇဝတ်မှုများ ဖြစ်ပွားမှုကိုလည်း သက်ရောက်မှုရှိနိုင်သည့်အတွက် မြန်မြန်ဆန်ဆန်စီမံချက်ချဖြေရှင်းပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ဆောင်ရွက်ရန် လျာထားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်းနှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ရေဇွာမြို့မှအိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့ကြား ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့ကြား ဆက်သွယ်နေသော ကားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော သုံးမိုင်ခန့်ကို လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့အကြား ဆက်သွယ်နေသော ရေဇွာ-လိုင်လင်းပီလမ်းသည် ၅၈ မိုင် ရှည်လျားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် လျာထားရန်ပုံငွေကျပ် ၅၄၁ ဒသမ ၂၉၁ သန်းဖြင့် အတက်အဆင်းမတ်စောက်သော လမ်းကွေ့နေရာ ငါးဖာလုံလမ်းတာချဲ့ခြင်း၊ မိုးတွင်း တောင်ပြိုလမ်းပိတ်သောနေရာ လေးဖာလုံအား လမ်းတာချဲ့ခြင်း၊ လိုင်လင်းပီမြို့တွင်းအပိုင်းတွင် ကတ္တရာလမ်းသစ်ခင်းခြင်းနှစ်မိုင်၊ သံကူကွန်ကရစ် ရေထုတ်ပြွန်နှစ်စင်းနှင့် မြေကာနံရံလေးခု တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဆင့်သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ပေးနိုင်ရန်အတွက် ဘဏ္ဍာနှစ်အလိုက် လျာထားရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိုင်တိုင် ၃၆ နှင့် ၃၉ အတွင်း အတက်အဆင်းကြမ်းသော သုံးမိုင်ခန့်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာန(ရုံးချုပ်)မှ လမ်းတိုင်းတာ ပုံထုတ်ရေးအဖွဲ့အားခေါ်ယူ၍ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ပြီးပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၏ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အလိုက် လျာထားသတ်မှတ်ပေးသော လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ဈေးများ စသည်တို့ တည်ဆောက်မှုတွင် B.P, B.Q လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဒေသခံပြည်သူလူထု သိရှိစောင့်ကြည့်လေ့လာနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လမ်း၊ တံတားငယ်၊ ကျောင်း၊ ဆေးရုံ၊ ကျေးလက်ဆေးပေးခန်း၊ ဈေးတည်ဆောက်ရေးလုပ်ငန်းများကို



ဒုတိယ ဝန်ကြီး ဦးကျော်လင်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀) မှ ဦးလားလ် မင်းထန်

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီများ ဖွဲ့စည်း၍ တင်ဒါခေါ်ယူသည့်စနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ခန့်မှန်းခြေစာရင်းများကို အဆင့်ဆင့်စစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူပါကြောင်း၊ အရည်အသွေးပြည့်မီစေရန် အရည်အသွေးစစ်ဆေးရေး (Quality Control) အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သိရှိလို၍ မေးမြန်းတောင်းခံလာပါကလည်း ရှင်းလင်းဖြေကြားပေးသွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများကို တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင်လည်း လုပ်ငန်းအမည်၊ အတိုင်းအတာ၊ ခွင့်ပြုရန်ပုံငွေ၊ ပုံစံ၊ ဌာန၊ ဆောင်ရွက်မည့်အဖွဲ့၊ ကုမ္ပဏီအမည်စသည်တို့ကို ဆိုင်းဘုတ်စိုက်ထူထားရှိဆောင်ရွက်စေခြင်း၊ တည်ဆောက်ရေးကုမ္ပဏီများ၏ (Drawing)၊ ခန့်မှန်းခြေစာရင်း၊ B.Q များကို တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများဖြင့် စိစစ်အတည်ပြုခြင်း၊ ခန့်မှန်းခြေစာရင်းများအတိုင်း ကြီးကြပ်စစ်ဆေးခြင်း၊ (Drawing) (B.Q)လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဒေသခံပြည်သူလူထုက မေးမြန်းလာပါကလည်း ရှင်းလင်းပြသဖြေကြားပေးခြင်းတို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီများနှင့်အတူ လုပ်ငန်းကြီးကြပ်စစ်ဆေးသည့် ကော်မတီများဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားပြီး လုပ်ငန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသွားရန် ညွှန်ကြားထားရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) မှ ဒေါ်အိအိပြုံးနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့၏ လမ်း၊ တံတားနှင့် တာတမံများ တည်ဆောက်ပေးရန် မေးခွန်းနှင့် လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်သို့ အခွန်များမှန်ကန်စွာ ရရှိနိုင်ရေး မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်(သတင်းစဉ်)**

# ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးဖြစ်ထွန်းလာမှုနှင့် နိုင်ငံဖြတ်ကျော်အငြင်းပွားမှုများဖြေရှင်းရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပသည့် **"ဒုတိယကြိမ်မြောက် တရုတ်-အာဆီယံ တရားမျှတမှုဆိုင်ရာ ဖိုရမ်"**သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည်။




ယင်းဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့တရားရုံးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်များ၊ အာဆီယံနိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားရေးဥက္ကဋ္ဌများ၊ ဒုတိယတရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဖိုရမ်ဖွင့်ပွဲတွင် အာဆီယံနိုင်ငံများ၏ကိုယ်စား အမှာစကားပြောကြားခဲ့သည်။ အဆိုပါဖိုရမ်၌ အင်တာနက်ခေတ်တွင် တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးဖြစ်ထွန်းလာမှုနှင့် နိုင်ငံဖြတ်ကျော် အငြင်းပွားမှုများအား ဖြေရှင်းခြင်းစသည့် ခေါင်းစဉ်များအောက်တွင် သတ်မှတ်ထားသည့် ခေါင်းစဉ်ခွဲငယ်များဖြင့် ဖိုရမ်သို့ တက်ရောက်လာကြသူများက ဆွေးနွေးကြပြီးနောက် **"နန်နင်းကြေညာချက် (Nanning Statement)"**ကို သဘောတူထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် ဖိုရမ်သို့ တက်ရောက်စဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့တရားရုံးချုပ်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် H.E. Mr. ZHOU Qiang နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံတရားစီရင်ရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးခဲ့သည်။

နန်နင်းကြေညာချက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့တရားရုံးချုပ်နှင့် ဖိုရမ်သို့တက်ရောက်သည့်နိုင်ငံများ၏ တရားစီရင်ရေးကဏ္ဍများအကြား အပြန်အလှန်သွားလာလည်ပတ်မှုများ ဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ သတင်းအချက်အလက်နည်းပညာ အသုံးပြုမှုများဖြင့် တရားရုံးလုပ်ငန်းများ ပိုမိုပွင့်လင်းမြင်သာမှုရှိရေးနှင့် ထိရောက်လျင်မြန်စွာ ဆောင်ရွက်လာနိုင်ရေး၊ နိုင်ငံများတွင် လက်ခံကျင့်သုံးလျက်ရှိသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေများကို နှိုင်းယှဉ်လေ့လာရေး၊ အငြင်းပွားမှုများကို အခြားနည်းဖြင့် ဖြေရှင်းသည့်လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေးအတွက် စဉ်းစားနိုင်စေရေး၊ နိုင်ငံတစ်နိုင်ငံက ချမှတ်သည့် တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များကို အပြန်အလှန် အသိအမှတ်ပြု လိုက်နာဆောင်ရွက်နိုင်စေရန် အဆင်ပြေစေနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ပြည်သူ့တရားရုံးချုပ်က ဖွင့်လှစ်မည့် တရုတ်-အာဆီယံ တရားသူကြီးများအတွက် လေ့ကျင့်သင်ကြားပေးမှု သင်တန်းများတွင် အာဆီယံနိုင်ငံများက ပံ့ပိုးကူညီပေးရေး စသည့် အချက်များ ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် ၂၀ ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် ၂၀ ၌ တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ဇွန် ၂၀ ရက်တွင် စတင်ပြောင်းရွှေ့ဖွင့်လှစ်ပြီး ၂၂ ရက်တွင် ဖွင့်ပွဲပြုလုပ်မည့် မုံရွာညဈေးတန်း နေရာသစ်ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်

**မုံရွာ ဇွန် ၁၃**

မုံရွာမြို့ ညဈေးတန်းနေရာသစ်ကို ရုံးကြီးရပ်ကွက်ရုံးကြီးလမ်းသို့ ဇွန် ၂၀ ရက်တွင် စတင်ရွှေ့ပြောင်းဖွင့်လှစ်ရောင်းချကြရမည်ဖြစ်ပြီး ၂၂ ရက်တွင် ညဈေးတန်းဖွင့်ပွဲကို ကျင်းပမည်ဖြစ်ရာ လက်ရှိညဈေးတန်းဈေးသည်များအနေဖြင့် ရက်သတ္တပတ်ခန့် ပြင်ဆင်ချိန်ရကြောင်း ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့နယ်စည်ပင်ရုံးတွင် ပြုလုပ်သော ညဈေးတန်းဈေးဆိုင်နေရာမဲနှိုက်ရွေးချယ်ပွဲ၌ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာဦးစီးမှူး ဦးသစ်ထူးမြင့်က ပြောကြားသည်။

"အခုလက်ရှိညဈေးတန်းမှာ ရောင်းနေတဲ့သူတွေကိုပဲ နေရာသစ်မှာပေးမှာပါ။ ဈေးမရောင်းတော့တဲ့ မူလပိုင်ရှင်တွေကိုပေးဖို့အစီအစဉ်မရှိသလို အဲဒီလူတကယ်ရောင်းမယ်ဆိုရင်တော့နေရာပေးပါမယ်။ တကယ်ရောင်းချတဲ့သူတွေကိုပဲ မဲစနစ်နဲ့ပေးမှာ ဖြစ်ပါတယ်။ အခုမဲနှိုက်နေရာပေးနေချိန်မှာ မယူဘူးဆိုရင်တော့ အခြားသူတွေ ဦးသွားမှာဖြစ်ပါတယ်။ အခုလ ၁၉ ရက်အထိ ဗိုလ်ချုပ်လမ်း လက်ရှိနေရာမှာ ဖွင့်ခွင့်ပေးမှာဖြစ်ပြီး ၂၀ ရက်ကစပြီး နေရာသစ်မှာ ပြောင်းရွှေ့ရောင်းချကြရမှာဖြစ်ပြီး ၂၂ ရက် ညနေမှာ ဖွင့်ပွဲအခမ်းအနားလုပ်ပါမယ်။ စားသောက်ဆိုင်တွေအတွက် ရေရရှိရေးကိုလည်း ဆောင်ရွက်ပေးမှာဖြစ်သလို လျှပ်စစ်ကို လမ်းမီးကရအောင် သွယ်တန်းပေးမှာဖြစ်ပါတယ်။ သန့်ရှင်းရေးအနေနဲ့ ကိုယ့်ဆိုင်သန့်ရှင်းရေးကို ကိုယ်တိုင်လုပ်ရမှာဖြစ်ပြီး အမှိုက်ပုံးများထားရှိသိမ်းဆည်းပေးမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မုံရွာမြို့နယ်စည်ပင်သာယာရုံးခန်းအတွင်း ညဈေးတန်းနေရာသစ်မဲနှိုက်ရာတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ကြည်နှင့် ဒေါ်အမာကြည်၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဦးစီးမှူး ဦးသစ်ထူးမြင့်တို့နှင့်အတူ ညဈေးတန်းဈေးသူဈေးသားများ၏ ပူးပေါင်းပါဝင်မှုဖြင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရစ်ယာန်ကျောင်းနှင့် ဆရာဝန်ကြီးနေအိမ်ကြားလမ်းတွင် ကွန်တိန်နာအမှိုက်ပုံးကြီးတစ်ပုံးထားပေးမည်ဖြစ်သလို စည်ပင်သန့်ရှင်းရေးအဖွဲ့က ညတွင်းချင်းရှင်းလင်းပေးသွားမည်ဖြစ်သည်။ ယာဉ်ရှုပ်ထွေးမှုမရှိစေရန် ဆိုင်ကယ်နှင့် ကားအပ်လက်ခံဌာနနှင့်အတူ ယာဉ်အပ်စရာမလိုသည့် Free ဇရိယာထားပေးမည်ဖြစ်ကြောင်း သိရသည်။ ညဈေးတန်းဖွင့်ချိန် ညနေ ၄ နာရီမှ ည ၁၀ နာရီအတွင်းမှာ ညဈေးတန်းအတွင်း ယာဉ်များ ဖြတ်သန်းခွင့်ပြုမည်မဟုတ်ဘဲ လမ်းလျှောက်ဈေးဝယ်သည့်စနစ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။



မုံရွာညဈေးတန်းနေရာသစ်ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်စဉ်

လက်ရှိ ညဈေးတန်းဖွင့်နေသူ နှင်းဆီခိုင်ဒံပေါက်ဆိုင်မှ ကိုကျော်လွင်ဦးက "၁၉၉၃ ခုနှစ်ကတည်းက ဇောင်ကြမ်းပင်ရှေ့မှာ လုညည်းကြီးနဲ့ ညဈေးရောင်းလာတာဆိုတော့ စည်ပင်လုပ်တဲ့အပေါ် ဘာမှပြောစရာမရှိပါဘူး။ လိုအပ်ချက်အရလုပ်ရတာဆိုတော့လေ။ လက်ရှိက ရာပြည့်တိုက်တန်းမှာ ဆိုင်ခန်းရှိတော့ အခုပြောင်းမယ့် ညဈေးတန်းကိုလိုက်လည်းရသလို မလိုက်ရင်လည်းရတယ်။ လောလောဆယ်မလိုက်တော့ဘူးလို့ စဉ်းစားထားတယ်။ ဒါပေမယ့် မဲတော့နှိုက်ထားပြီး ဆိုင်ခန်းနေရာယူထားတယ်။ ကိုယ်မဖွင့်ဖြစ်ရင် မရှိတဲ့သူကို ပေးလိုက်မယ်" ဟု ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍ လူထုမျက်နှာကို ကြည့်၍ဈေးဝယ်သူအတွက် မြို့သူမြို့သားများ သွားလာရေးအတွက်နှင့် ဈေးသည်များအတွက် အားလုံးကောင်းမွန်စေရန် သေချာညှိနှိုင်းဆောင်ရွက်ထားသည့် အစီအစဉ်ဖြစ်ပြီး ဇွန် ၂၀ ရက်ကစပြီး လက်ရှိ ညဈေးတန်းလမ်းပေါ်မှာ ရောင်းချခွင့်မရှိတော့သလို ဆိုင်ခန်းပိုင်များအနေဖြင့် မိမိဆိုင်ခန်းအတွင်းမှာသာ ရောင်းချခွင့်ရှိပြီး အပြင်မှာ ရောင်းခွင့်မပြုတော့ကြောင်း ဦးသစ်ထူးမြင့်က ဖြည့်စွက်ပြောကြားသည်။

"ဇွန် ၁၂ ရက်က လက်ရှိညဈေးတန်းတစ်လျှောက်မှာ နေရာသစ်ပြောင်းဖို့ မဲနှိုက်ရမယ်ဆိုတဲ့ သဘောထားစာရွက်တွေလိုက်ဝေတာ တချို့လည်း လက်ခံသလို တချို့လည်း လက်မခံတာရှိပါတယ်။ မြေပြင်ဆင်းကောက်ထားတာ ၁၁၇ ဦးရှိပြီး ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ရှိပါတယ်။ လျှပ်စစ်မီးသုံးသူများကို မုံရွာခရိုင်စီမံခန့်ခွဲရေးကော်မတီရုံးရှေ့ကနေ တောင်ဘက်တောက်လျှောက်မီးများများသုံးရာကနေ နည်းနည်းချင်းသုံးတဲ့အထိနဲ့ မီးလုံးဝမသုံးတဲ့ဆိုင်တွေကို အရှေ့ဘက်တန်းမှာ နေရာချထားပေးဖို့ လျာထားပါတယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)အောင်လက်မှတ်ချီးမြှင့်အပ်နှင်း

**ရန်ကုန် ဇွန် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) အောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(ယာပုံ)**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက ဘွဲ့တံဆိပ်နှင့် ဒီပလိုမာအောင်လက်မှတ်ရရှိကြသည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ၊ ဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းတော်မူပြီး ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) MA (Buddha Dhamma)၌ ရဟန်းငါးပါး၊ သီလရှင် လေးပါးနှင့် လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးတို့ ဘွဲ့ရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) BA (Buddha Dhamma) တွင် ရဟန်း ၁၉ ပါး၊ သီလရှင် ၁၃ ပါး၊ လူပုဂ္ဂိုလ် အမျိုးသားသုံးဦးနှင့် လူပုဂ္ဂိုလ်အမျိုးသမီး ခြောက်ဦး၊ ဒီပလိုမာအောင်လက်မှတ် Dip.l (Buddha Dhamma) တွင် ရဟန်းအပါး ၃၀၊ သီလရှင် အပါး ၂၀၊ လူပုဂ္ဂိုလ်အမျိုးသား ၁၀ ဦး၊ လူပုဂ္ဂိုလ်အမျိုးသမီး ခြောက်ဦးတို့ ရရှိခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြည်ပနိုင်ငံများမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၃၀၈ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



အခမ်းအနားအပြီးတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော အခြေခံကမ္ဘာသုံး တရုတ်စကားပြောသင်တန်းသို့ ကြည့်ရှုအားပေးခဲ့သည်။

**(သတင်းစဉ်)**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ (၂၀၁၇) ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများကို အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်စေရန်နှင့် အပြန်အလှန်သဘောတူညီမှုများ ပိုမိုရရှိစေရန် ရည်ရွယ်ကျင်းပသည့် ဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ-၂၀၁၇ (Regional TVET Conference-2017) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသည်။

**ကြိုဆိုနှုတ်ခွန်းဆက်**

ညီလာခံတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် BMZ Germany, Regional Director Ms. Gisela Hammerschmidt နှင့် ADB Philippines, Human and Social Development Division, Southeast Asia Department Director Ms. Ayako Inagaki တို့က အမှာစကားပြောကြားပြီး ASEAN Secretariat, Deputy Secretary-General Mr. Vongthep Arthakaivalvatee က ပေးပို့သည့် Video Clip ကို ပြသသည်။




**တက်ရောက်**

ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ နိုင်ငံတကာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျွမ်းကျင်မှုတည်ဆောက်ရေး**

အဆိုပါညီလာခံတွင် အာဆီယံဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ၊ ဒေသတွင်း အသိပညာနှီးနှောဖလှယ်နိုင်မှုများ၊ လုပ်သားဈေးကွက်လိုအပ်မှုနှင့် ကျွမ်းကျင်မှုများ၊ စီးပွားရေးတိုးတက်စေမည့် နည်းပညာအသစ်ဖန်တီးရာတွင် လိုအပ်သည့် အဆင့်မြင့်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍကို ဦးတည်စေမည့် နည်းပညာများနှင့် ဖန်တီးဆောင်ရွက်မှုများ၊ လုပ်ငန်းရှင်များ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရမှ ချမှတ်ရမည့် မူဝါဒ၊ နည်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ သင်တန်းသားများ မွေးထုတ်ခြင်း၊ စံသတ်မှတ်ချက်များ အဆင့်မီတိုးတက်အောင်ဆောင်ရွက်ခြင်း၊ စစ်ဆေးအကဲဖြတ်မှုများ တိုးတက်ရန်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအားကောင်းရေးဆိုင်ရာများ၊ သက်မွေးပညာကျောင်းများနှင့် ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျွမ်းကျင်မှုတည်ဆောက်ရေး လိုအပ်ချက်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညီလာခံကို ၂၀၁၂ ခုနှစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုကျင်းပသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ ၂၀၁၇ ကို ပညာရေးဝန်ကြီးဌာန၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က **"အာဆီယံဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍနှင့် ဆက်နွယ်သည့် ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး"** ခေါင်းစဉ်ဖြင့် ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အကျိုးကျေးဇူးများ ရရှိနိုင်**

အဆိုပါညီလာခံကျင်းပခြင်းဖြင့် အာဆီယံနိုင်ငံများ၏ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများမှ အဆင့်မြင့်အရာရှိများအကြား အတွေ့အကြုံ၊ အသိအမြင်များ၊ အပြန်အလှန် ဖလှယ်နိုင်မည်ဖြစ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှု ကွန်ရက်များ ပိုမိုခိုင်မာလာစေခြင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းများ ပို့ချရာတွင် အပြန်အလှန် အချိတ်အဆက်မိမိ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လိုက်လျောညီထွေစွာ ဆောင်ရွက်လာနိုင်စေခြင်းနှင့် ညီလာခံဆွေးနွေးချက်များနှင့် အတွေ့အကြုံများကို အခြေခံ၍ သက်ဆိုင်ရာနိုင်ငံများအလိုက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ - ၂၀၁၇ ကို နေပြည်တော်၌ ဇွန် ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၅ ရက်တွင် အဆိုပါ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။**

**(သတင်းစဉ်)**




နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ-၂၀၁၇ တွင် ဆွေးနွေးပွဲ ကျင်းပနေမှုကို တွေ့ရစဉ်

# နယ်လှည့်ဆေးကုသရေးအဖွဲ့ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**အမ်း ဇွန် ၁၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ၌ ဇွန် ၁၂ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုဒဏ်ခံရသည့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စစ်တွေတပ်နယ် တပ်ရင်းတပ်ဖွဲ့များက စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများလှူဒါန်းခြင်း၊ နယ်မြေခံတပ်မတော်သားများက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူ ၁၄၈ ဦးအား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိုး/အိမ်ဆုံးရှုံးခဲ့သော ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်သားများက အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရဆောင်ရွက်မှုက စစ်ပွဲကြီးတစ်ခု ဖြစ်လာနိုင်ဟု ဂျိမ်းစ်မက်တစ်ပြောကြား

**ဝါရှင်တန် ဇွန် ၁၃**

မြောက်ကိုရီးယားနိုင်ငံအပေါ်ဆန့်ကျင်သည့် စစ်အင်အား အသုံးပြုမှုသည် ပြင်းထန်သောစစ်ပွဲကြီးတစ်ခု ဖြစ်လာစေနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်က သတိပေး ပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်အောက်လွှတ်တော် စစ်လက်နက်ကော်မတီသို့ တနင်္လာနေ့က ရေးသားခဲ့သည့်မက်တစ်၏စာထဲတွင် လက်ရှိအချိန်၌ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ဖျက်ဆီးပစ်နိုင်သည့် အရေးအကြီးဆုံးနှင့်အန္တရာယ်အကြီးဆုံး ခြိမ်းခြောက်မှုမှာ မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုအန္တရာယ်ပင်ဖြစ်ကြောင်း မက်တစ်က ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်အဆင့်ရှိ တိုက်ချင်းပစ်ဒုံးကျည်ဖြင့် အမေရိကန်ကို တိုက်ခိုက်နိုင်ခြင်းမရှိသေးသော်လည်း ထိုသို့တိုက်ခိုက်နိုင်သည့် အနေအထားသို့ရောက်ရှိလာစေမည့် နည်းပညာများရယူနိုင်ခြင်းမရှိအောင် တားဆီးနိုင်ရေး တတ်စွမ်းသမျှ ကြိုးစားသွားရမည်သာဖြစ်ကြောင်း မက်တစ်က အလေးအနက်ပြောကြားခဲ့သည်။

အကယ်၍ သံတမန်ရေးရာညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်ခြင်းမရှိဘဲ စစ်ရေးအရဆောင်ရွက်မှုဆီသို့ ဦးတည်လာခဲ့မည်ဆိုလျှင် အမေရိကန်အနေဖြင့် ရနိုင်သမျှအင်အားမျိုးစုံကို အသုံးပြု၍ ဖြေရှင်းသွားရန်သာရှိကြောင်း၊ သို့သော်လည်း အလွန့်အလွန်ပြင်းထန်သည့် စစ်ပွဲကြီးတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။



သောကြာနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်နှင့် ပူးတွဲစစ်ဦးစီးချုပ် အဖွဲ့အကြီးအကဲ ဂျိုးဆက်ဖ်ဒန်ဖို့တို့ကို တွေ့ရစဉ်

အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်ရုံးမှ ဥက္ကဋ္ဌ ဂျိုးဆက်ဖ်ဒန်ဖို့ကလည်း စစ်ဖြစ်ခဲ့လျှင်အမေရိကန်အနေဖြင့် ကျိန်းသေအနိုင်ရရှိမည်ဖြစ်သော်လည်း စစ်ပွဲကြောင့် အကြီးအကျယ် သေကျေပျက်စီးမှုကို ရှောင်လွှဲမရနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ဘင်္ဂလားဒေ့ရှ်တွင် ရေကြီးမြေပြိုမှုများဖြစ်ပွားရာ ၇၁ ဦးအထိ သေဆုံး

**ဒါကာ ဇွန် ၁၃**

ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ပိုင်းပြည်နယ်သုံးခုတွင် ဇွန် ၁၂ ရက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့ရာ ဇွန် ၁၃ ရက်အထိ သေဆုံးသူ ၇၁ ဦးရှိလာပြီဖြစ်ကြောင်း အရာရှိများက ပြောသည်။

ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ပိုင်းပြည်နယ်သုံးခု ဖြစ်သော စစ်တကောင်း၊ ဘန်ဒါဘန်နှင့် ရန်ဂါမတီတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဇွန် ၁၃ ရက်တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ဂါမတီပြည်နယ်တွင် မြေပြိုမှုကြောင့် ဘင်္ဂလားဒေ့ရှ် တပ်မတော်မှ အရာရှိနှစ်ဦးအပါအဝင် စစ်သည်လေးဦးသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်ပြည်သူ့ဆက်ဆံရေးဌာနက ပြောခဲ့သည်။ အခြားမတော်တဆ မှုများတွင် ဘင်္ဂလားဒေ့ရှ် တပ်မတော်မှ တပ်ဖွဲ့ဝင် ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒုတိယဗိုလ်မှူးကြီး ဟာဆန်က ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။

အဆိုပါဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဘင်္ဂလားဒေ့ရှ် တပ်ဖွဲ့ဝင်များသေဆုံးခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

သေဆုံးသူများကို လတ်တလောတွင် မည်သူဖြစ်ဝါဖြစ်ကြောင်း အတည်မပြုနိုင်သေးပေ။ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အဆိုပါဒေသများတွင် ရေကြီးမှုများ ဇွန် ၁၂ ရက်ကတည်းကဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ယခုအချိန်ထိ လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြောသည်။ **(ဆင်ဟွာ)**

## မီဒီယာဥပဒေပြင်ဆင်ရေးတိုက်တွန်းမှု ဂျပန်က အပြင်းအထန်ကန့်ကွက်

**တိုကျို ဇွန် ၁၃**

သတင်းမီဒီယာဆိုင်ရာဥပဒေကိုပြင်ဆင်ခြင်းအားဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို မြှင့်တင်ရန် ကုလသမဂ္ဂမှ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးက ဂျပန်သို့ တိုက်တွန်းခဲ့ရာ ဂျပန်အစိုးရအဖွဲ့က ၎င်း၏တင်ပြချက်ကိုကန့်ကွက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်တနင်္လာနေ့က ဂျီနီဗာ၌ ပြုလုပ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ဆွေးနွေးပွဲတွင် ကုလသမဂ္ဂမှ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် ဒေးဗစ်ကာရီက ၎င်း၏အတွေးအမြင်သဘောထားကိုထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားတက္ကသိုလ်၌ ပါမောက္ခတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည့် ကာရီသည် ဂျပန်နိုင်ငံ၌၎င်းပြုလုပ်ထားသည့် စစ်တမ်းကောက်ယူမှုရလဒ်ကို ထုတ်ဖော်တင်ပြခဲ့သည်။

ဂျပန်အစိုးရအဖွဲ့အာဏာပိုင်များသည် မီဒီယာအပေါ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် လွှမ်းမိုးနေကြောင်း ကာရီက ပြောကြားခဲ့သည်။ ဂျပန်အစိုးရအဖွဲ့သည် သတင်းမီဒီယာလွတ်လပ်ခွင့် ပိုမိုရရှိရန် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ အက်ဥပဒေ၏တစ်စိတ်တစ်ပိုင်းကို ပြန်လည်စိစစ်တည်းဖြတ်မှု ပြုလုပ်သင့်ကြောင်း အကြံပြုခဲ့သည်ဟုဆိုသည်။

ထို့ပြင် ပြည်သူတို့၏သတင်းသိရှိခွင့်နှင့် လွတ်လပ်စွာသတင်းဖော်ပြခွင့်ကိုခိုင်မာသေချာစေရာတွင် ဂျပန်သတင်းမီဒီယာသည် အဓိကကျသောကဏ္ဍမှပါဝင်လျက်ရှိကြောင်း ကာရီကအကြံပြုခဲ့သည်။ ဂျပန်နိုင်ငံဆိုင်ရာ အမြဲတမ်းမစ်ရှင်အဖွဲ့မှ သံအမတ်ဂျူနီချီက ကာရီ၏တင်ပြချက်ကို အပြင်းအထန်ဝေဖန်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## တောင်ကိုရီးယားတွင် ပရော်ဖက်ဆာတစ်ဦး စာအိတ်ဗုံးဖြင့် လုပ်ကြံခံရ

**ဆိုးလ် ဇွန် ၁၃**

တောင်ကိုရီးယားနိုင်ငံတွင် ပရော်ဖက်ဆာတစ်ဦး ပါဆယ်ဗုံးဖြင့် လုပ်ကြံတိုက်ခိုက်ခံရသဖြင့် သေကံမရောက်သော်လည်း အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားလျက် ယွန်ဟပ်သတင်း အေဂျင်စီက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့ နံနက်ပိုင်း ဒေသစံတော်ချိန် ၈ နာရီ မိနစ် ၄၀ တွင် ဆိုးလ်မြို့အနောက်ဘက် ယွန်ဆယ်တက္ကသိုလ် အင်ဂျင်နီယာဌာနရှိ ကင်မ်အမည်ရှိ ပရော်ဖက်ဆာတစ်ဦး၏ ရုံးခန်း၌ စာအိတ်ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

စာအိတ်ဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကင်မ်အား နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်း၏ ဒဏ်ရာများအား ဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

၎င်း၏ ရုံးခန်းတံခါးလက်ကိုင်တွင် ချိတ်ဆွဲထားသည့် ဈေးဝယ်စင်တာအိတ်အတွင်းရှိ သေတ္တာတစ်ခုအား ဖွင့်ကြည့်ရာမှ ရုတ်တရက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲများကို ပြောကြားခဲ့သည်။



ဖောက်ခွဲရေးပစ္စည်းမှာ အသေအချာလုပ်ထားသော ပစ္စည်းမဟုတ်ကြောင်း၊ သို့သော်လည်း အဆိုပါ တိုက်ခိုက်မှုသည် လူမှုရေးမုန်းတီးမှုကြောင့်လော၊ သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်းဟုတ်/မဟုတ်ဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## စင်ကာပူတွင် အကြမ်းဖက်ဝါဒီ အမျိုးသမီးအား ပြည်ထဲရေးဝန်ကြီးဌာနက ဖမ်းဆီးထိန်းသိမ်း

**စင်ကာပူ ဇွန် ၁၃**

အကြမ်းဖက်ဝါဒီ စင်ကာပူနိုင်ငံသူ အသက် ၂၂နှစ်အရွယ် အမျိုးသမီး ရှိတ်ခါ အစ်ဇ်ဇာဟ် ဇာရာဟ် အယ်လ် အန်ဆာရီကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ယမန်နေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အန်ဆာရီသည် မူကြိုကျောင်းတစ်ခုတွင် လက်ထောက်ဆရာမတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ကာ ၂၀၁၃ ခုနှစ်တွင် အွန်လိုင်းပေါ်တွင် ဝါဒဖြန့်ချိရေးလုပ်နေသည့် အိုင်အက်စ်အဖွဲ့နှင့် ချိတ်ဆက်မိခဲ့ကြောင်း ဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အန်ဆာရီသည် အိုင်အက်စ်ထောက်ခံသူတစ်ဦးဖြစ်သူ ဆာလာဖီနှင့်လက်ထပ်ပြီး ဆီးရီးယားတွင် အခြေချနေထိုင်ရန်နှင့် အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်ရန် ၎င်း၏ ရင်သွေးငယ်နှင့်အတူ ဆီးရီးယားသို့ သွားရောက်ရန် ပြင်ဆင်ခဲ့ကြောင်း၊ ထို့အပြင် စစ်သွေးကြွသင်တန်းတက်ရောက်ရန်နှင့် လက်နက်ကိုင်တိုက်ပွဲဝင်ရန် ပြင်ဆင်ထားကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အန်ဆာရီသည် ၂၀၁၅ခုနှစ်ကတည်းက အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်မှုများပြုလုပ်ခဲ့သည်ကို မိဘများက တားဆီးခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ထို့အတူ သက်ဆိုင်ရာသို့ သတင်းပေးရန်လည်း ပျက်ကွက်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသားများအနေဖြင့် တစ်စုံတစ်ယောက်သည် အကြမ်းဖက်အဖွဲ့အစည်းနှင့်ဆက်သွယ်ကြောင်း တွေ့ရှိပါက တန်ပြန်အကြမ်းဖက်မှုတိုက်ဖျက်ရေး အရေးပေါ်တယ်လီဖုန်းသို့ ဆက်သွယ်အကြောင်းကြားရန် ပြည်ထဲရေးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**စစ်တွေ ဇွန် ၁၃**

ရခိုင်ပြည်နယ်လေဘေးသင့်ပြည်သူများအတွက် အလှူငွေများနှင့် အလှူပစ္စည်းများအား ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၁၃ ရက် မွန်းတည့် ၁၂ နာရီက ပြည်နယ်ဝန်ကြီးချုပ်ညှိနှိုင်းမှု ကျင်းပခဲ့သည်။

ရှေးဦးစွာ ရက္ခိတစွမ်းအားလူမှုရေးအဖွဲ့အစည်းနာယက ဦးဝင်းမောင်မောင်က ရခိုင်ပြည်နယ်အတွင်း မိုရာမုန်တိုင်းတိုက်ခတ်ပြီးနောက် ဘူးသီးတောင်နှင့် မောင်တောဒေသများတွင် လေဘေးသင့်ပြည်သူများနှင့် ယင်းဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်မိသားစုများအတွက် သွားရောက်ထောက်ပံ့ခဲ့မှုနှင့် ယိုးတရုတ်စံပြကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မင်းဂံရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းအတွက် ထိုင်ခုံ ၅၀၊ ယိုးတရုတ်စံပြကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀ နှင့် ငွေကျပ်သိန်း ၃၀ တို့အား ရက္ခိတစွမ်းအား လူမှုရေးအဖွဲ့အစည်း နာယက ဦးဝင်းမောင်မောင်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူခဲ့သည်။ **(ယာပုံ)** ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါ အလှူငွေပေးအပ်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တောင်သာမြို့နယ် ကန်ရွာကျေးရွာအုပ်စုအတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား

**တောင်သာ ဇွန် ၁၃**

မြင်းခြံ-ညောင်ဦး ကားလမ်းမိုင်တိုင်အမှတ် ၂၉/၃ နှင့် ၂၉/၄ အကြား ကားလမ်းမှ ပေ ၃၀၀ ကျော်ခန့် ရထားလမ်းမှပေ ၂၅၀ ခန့်အကွာ တောင်သာမြို့နယ် ကန်ရွာကျေးရွာအုပ်စုအတွင်း၌ ဇွန် ၁၃ ရက် နံနက်ပိုင်းက သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ ချောက်ရေနံမြေမှ တာဝန်ရှိသူများအား ပြုပြင်ဆောင်ရွက်နိုင်ရေး ချိတ်ဆက်အကြောင်းကြားခဲ့ရာ ချောက်ရေနံမြေမှ အင်ဂျင်နီယာမှူး ဦးရဲထွန်း ဦးဆောင်သောအဖွဲ့က ယနေ့ မွန်းတည့် ၁၂ နာရီတွင် လာရောက်ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါပိုက်လိုင်းမှာ ချောက်-မြင်းခြံ-အမှတ်(၁) သံမဏိစက်ရုံမှ ပလိပ်မြို့အထိ ပို့လွှတ်သော အချင်း ၁၄ လက်မရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြေအနက် ခြောက်လက်မခန့် နေရာရှိ ဆွေးမြည့်အပေါက်ငယ်သုံးပေါက်မှ ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



# နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာန ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ကျီးကန်းပြင်မြောက်ရွာနှင့် တောင်ရွာ ဒေသခံများအတွက် ဆန်နှင့် အာဟာရများ ထောက်ပံ့လှူဒါန်း

**မောင်တော ဇွန် ၁၃**

'မိုရာ'ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့သည့် မောင်တောမြို့နယ် ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနမှ ရဲတပ်ဖွဲ့ဝင် မိသားစုများနှင့် ကျီးကန်းပြင်မြောက်ရွာနှင့် တောင်ရွာ ဒေသခံများအတွက် ရွှေလက်များ ပရဟိတအဖွဲ့နှင့် ရက္ခိတစွမ်းအားပရဟိတလူငယ်များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ ငါးဖွဲ့ပူးပေါင်းကာ ဆန်နှင့် အာဟာရများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၉ ရက်က အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ရွှေလက်များ ပရဟိတအဖွဲ့နှင့် ရက္ခိတစွမ်းအားပရဟိတလူငယ်များအဖွဲ့ အပါအဝင် ပရဟိတအဖွဲ့ ငါးဖွဲ့ကိုယ်စား ဦးဝင်းမောင်မောင်က ကျီးကန်းပြင်အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး ဉာဏ်မြင့်ကျော်အား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ရဲမှူးချုပ်သူရစန်းလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

"မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ရဲတပ်ဖွဲ့ဝင် မိသားစုတွေနဲ့ ကျီးကန်းပြင်မြောက်ရွာနဲ့ တောင်ရွာ ဒေသခံတွေအတွက် ဆန်အိတ် ၅၀ နဲ့ အာဟာရပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ ပရဟိတအဖွဲ့ငါးဖွဲ့ စုပေါင်းပြီး တတ်နိုင်သလောက် ဒုက္ခရောက်နေတဲ့ သွေးချင်းညီအစ်ကိုမောင်နှမတွေအတွက် လာလှူဒါန်းတာပါ" ဟု ဦးဝင်းမောင်မောင်က ပြောသည်။

ရွှေလက်များ ပရဟိတအဖွဲ့နှင့် ရက္ခိတစွမ်းအားပရဟိတ လူငယ်များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ ငါးဖွဲ့မှ မောင်တော မြို့နယ် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာန အနီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဇေယျာသီရိ တပ်ဦးစေတီတော် ပန်းလည်တိုင်ကိုလည်း ပြန်လည်ပြုပြင်ရန်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ 'မိုရာ'ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်မြို့နယ်များမှ ဒေသခံပြည်သူများအတွက်လည်း ရွှေလက်များပရဟိတအဖွဲ့နှင့် ရက္ခိတစွမ်းအားပရဟိတလူငယ် များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ ငါးဖွဲ့ ပူးပေါင်းကာ ရခိုင်ပြည်နယ်အစိုးရသို့ ဆန်အိတ် ၅၀ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပရဟိတအဖွဲ့များသည် ရခိုင်ပြည်နယ် သဘာဝဘေးဒုက္ခခံစားရသည့် နေရာများသို့ လှူဒါန်းမှုများပြုလုပ်ခဲ့ရာ ငါးကြိမ်လှူဒါန်းခဲ့ပြီး ငွေကျပ်သိန်း ၈၀၀ ခန့် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွဋ်**

# ရန်ကုန်-စစ်တွေ မြေနိမ့်ကားလမ်းအချို့ ရေကျော်နစ်မြုပ်မှုဖြစ်

**အမ်း ဇွန် ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဇွန် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ စီးဆင်းပြီး အမ်းမြို့နယ် မဲလက်မောင်း ကျေးရွာအုပ်စု ရန်ကုန်-စစ်တွေ ကားလမ်းမကြီး အမ်း-စစ်တွေ ကားလမ်းပိုင်း မိုင်တိုင်အမှတ်(၁၃/၂)တွင် အကျယ်ပေ ၂၀ ခန့်၊ အနက် ငါးပေခန့်နှင့် (၁၆/၄)မိုင် နေရာတွင် အကျယ်ပေ ၃၀ ခန့်၊ အနက် ခြောက်ပေခန့် ရေကျော်နစ်မြုပ်လျက်ရှိခြင်းကြောင့် ယာဉ်များ ဖြတ်သန်းသွားလာ၍ မရရှိသေးဘဲ ယာဉ်လမ်းကြောင်းများ ခေတ္တပြတ်တောက်လျက်ရှိပြီး ရေလျော့ကျချိန်အား စောင့်ဆိုင်းလျက်ရှိရာ ရေပြန်လည်လျော့ကျမှသာ ခရီးသည်များ လိုရာခရီးသို့ သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ကိုးလုံး သွပ်အမိုးလန်ပျက်စီးဆုံးရှုံး

**မင်းလှ ဇွန် ၁၃**

သာယာဝတီခရိုင် မင်းလှမြို့နယ် စစ်ကွင်းမြို့ မြောက်စုရပ်ကွက် အုန်းတောလမ်း၌ ဇွန် ၁၃ ရက် နံနက် ၂ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ကိုးလုံး အမိုးလန်ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သွပ်အမိုးလန်နေအိမ် ရှစ်လုံး၊ သွပ်အမိုးလန်ခြင်းနှင့် ဒိုင်း၊ မြားပျက်စီးနေအိမ် တစ်လုံး စုစုပေါင်း နေအိမ်ကိုးလုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုများမရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွဋ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ရွှေ့ပြောင်းပေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများအား အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



# တာခွကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကုက္ကိုပင် အမြစ်မှလန်ကာ နေအိမ်ပေါ်သို့ လဲကျ

**မြန်အောင် ဇွန် ၁၃**

မြန်အောင်မြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တာခွကျေးရွာတွင် ဇွန် ၁၃ ရက် ညနေ ၃ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေါ်မြင့်ကြည်နှင့် သမီးဖြစ်သူ ဒေါ်သန်းသန်းဆွေတို့ နေထိုင်သည့် နေအိမ် အနောက်ဘက် ၁၅ ပေခန့်အကွာရှိ လုံးပတ် ငါးပေ၊ အမြင့် ပေ ၃၀ ခန့်ရှိ ကုက္ကိုပင် အမြစ်မှလန်ကာ နေအိမ်ပေါ်သို့ လဲကျ၍ နေအိမ်၏ ခေါင်မိုး၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြားနှင့် အခင်းပျဉ် အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ မြန်အောင်မြို့မ ရဲစခန်းက ဒုရဲအုပ်သက်နိုင်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားတို့က အပျက်အစီးများအား ဝိုင်းဝန်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ကျွန်းလှ၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၅၇၅၀၀ ထုတ်ချေးရန် လျာထား

**ကျွန်းလှ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၅၇၅၀၀ ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

အဆိုပါ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို မေ ၂၃ ရက်မှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ကျေးရွာအုပ်စု ၁၀ အုပ်စု တောင်သူ ၁၀၃၈ ဦးအား စပါးဧက ၃၅၈၅ ဧကနှင့် ယာ ၂၀၆၂ ဧကအတွက် စုစုပေါင်းငွေကျပ် ၆၄၀၈ ဒသမ ၅ သိန်း ထုတ်ချေးပေးပြီး ကျန်တောင်သူများကိုလည်း စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဦးအောင်အေးက ပြောကြားသည်။

ယခုနှစ်တွင် စပါးတစ်ဧက ငွေတစ်သိန်းခွဲနှင့် ယာတစ်ဧက ငွေငါးသောင်းထုတ်ချေးပြီး အတိုးနှုန်း ရှစ်ရာခိုင်နှုန်း ပြန်လည်ကောက်ခံမည်ဖြစ်ကြောင်း တောင်သူများအား တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယတိုင်းမန်နေဂျာ ဦးအောင်ကျော်ထွန်းက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရန်ကုန်တိုင်းဒေသကြီး ကျူးကျော်နေထိုင်သူလေးသိန်းကျော် မှန် / မမှန်ကို လိုအပ်လျှင် သတင်းတပ်ဖွဲ့များအား တာဝန်ပေးကာစိစစ်မည်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုတွင် ကျူးကျော်နေထိုင်သူများအား အစိုးရအဖွဲ့အနေဖြင့် စာရင်းကောက်ယူမှုတွင် လူဦးရေ လေးသိန်း ကျော်ရှိရာ လိုအပ်လျှင် ကျူးကျော် မှန်/မမှန်ကို သတင်း တပ်ဖွဲ့ဝင်များအား တာဝန်ပေးကာ စိစစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

ကနဦးကောက်ယူစဉ်တွင် ကျူးကျော်နေထိုင်သူ သုံးသိန်းကျော်ရှိရာ စာရင်းအတိအကျ ကောက်ယူမည်၊ စမတ်ကတ်များ စိစစ်ကာထုတ်ပေးမည် ဆိုသည့် သတင်းများထွက်ပေါ်လာပြီးနောက် ကျူးကျော်နေထိုင်သူ တစ်သိန်းကျော် ထပ်တိုးလာကာ စုစုပေါင်း လူဦးရေ လေးသိန်းကျော်သွားကြောင်း သိရသည်။ ယင်းအပေါ် မသမာမှုများရှိ /မရှိ လိုအပ်လျှင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သတင်းတပ်ဖွဲ့အားတာဝန်ပေးကာ ကျူးကျော်မှန်/ မမှန် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် ကျူးကျော်စာရင်း လိုက်လံကောက်ယူမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကျူးကျော်စာရင်းကောက်ယူရေးကော်မတီက ဆောင်ရွက်လျက်ရှိရာ ကျူးကျော်အသိအမှတ်ပြု စမတ်ကတ်များ ပြုလုပ်ပေးနေကြောင်း သိရသည်။ ကျူးကျော်နေထိုင်သူများထဲတွင် အမှန်တကယ် ဆင်းရဲနွမ်းပါး၍ နေစရာ နေအိမ်မရှိ ကျူးကျော်နေထိုင်သူ ဟုတ်မဟုတ် စစ်ဆေးခြင်း၊ ပြေးလေးပြေးများ ပါဝင်ကာ ဒုစရိုက်မှုများကျူးလွန်နေမှု၊ ရာဇဝတ်မှု ကျူးလွန်ကာ ခိုအောင်းနေသူများနေခြင်း၊ ကျူးကျော် တစ်ဦးတစ်ယောက်တည်းမှ အခြားနေရာများတွင် နာမည်အမျိုးမျိုးပေးကာ ပြုလုပ်နေမှုများ၊ အစိုးရအဖွဲ့အား ကျူးကျော်နေထိုင်သူအဖြစ် လိမ်လည်စာရင်းသွင်းကာ ကျူးကျော်သူအဖြစ် စာရင်းပေးမှုတို့ကို ဥပဒေနှင့်အညီ ကျူးကျော်စာရင်းကောက်ယူရေးကော်မတီမှ စိစစ်ကာ စမတ်ကတ်များ ပြုလုပ်ပေးပြီး အခြား မသမာမှုများမရှိစေရန် နည်းပညာအကူအညီဖြင့် အဆင့်မီစွာ ကောက်ယူမည်ဖြစ်သည်။



**ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာစက်မှုဇုန်နှင့် အနောက်ဒဂုံ စက်မှုဇုန်မှ ကျူးကျော်နေထိုင်သူများအားတွေ့ရစဉ်**

စာရင်းကောက်ယူမှုတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဗဟန်း၊ မရမ်းကုန်း၊လှိုင်နှင့် အခြားမြို့နယ်များတွင်နေထိုင်သော ကျူးကျော်နေထိုင်သူ အများစုသည် အစိုးရပိုင်မြေ၊ စက်ရုံအလုပ်ရုံများ၏ ပတ်လည် ဥပစာ၊ စက်မှုဇုန်နယ်မြေများ၊ ရထားလမ်းဘေး ဝဲ/ယာ နှင့် ပုဂ္ဂလိကပိုင် မြေများ၊ လမ်းမကြီးများ၏ ဘေး ဝဲ/ယာ စည်ပင်မြေများနှင့် သွားလာရလွယ်ကူသည့် လမ်းဘေး လယ်သမားပိုင် လယ်မြေများတွင် အများဆုံးကျူးကျော်နေထိုင်ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ ခရိုင်လေးခုရှိ မြို့နယ်များတွင် ကျူးကျော်နေထိုင်သူဦးရေ လေးသိန်းကျော်ရှိပြီး အိမ်ခြေ တစ်သိန်းငါးထောင်ကျော်တွင် အိမ်ထောင်စုပေါင်း တစ်သိန်းခြောက်သောင်းခုနှစ်ထောင်ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျူးကျော်စာရင်းကောက်ယူရေးကော်မတီမှ သိရသည်။

တိကျသည့် ကျူးကျော်နေထိုင်သူစာရင်းထွက်လာလျှင် စနစ်တကျ ပြန်လည်နေရာချထားရေးကို နိုင်ငံတကာအဖွဲ့အစည်း UN Habitat အဖွဲ့များနှင့်ပူးပေါင်းကာ ပုံမှန်မဟုတ်သည့် လူနေထိုင်မှုကို စနစ်ကျသည့် လူနေထိုင်မှုများအဖြစ်သို့ ပြောင်းလဲနေရာချထားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သင့်တော်သော မြေနေရာဧရိယာများရရှိရန် ရွေးချယ်သတ်မှတ်နိုင်ရေးကို လေ့လာဆန်းစစ်မှု ပြုလုပ်နေကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပဲခူးမြို့နယ် သဲဖြူချောင်းရွာတွင် မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်းကောက်ယူ

**ရန်ကုန် ဇွန် ၁၃**

ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့မှ ပညာရှင်များ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သဲဖြူချောင်းကျေးရွာရှိ အိမ်ထောင်စုများ၏မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်း(၂၀၁၆-၂၀၁၇)ဆိုင်ရာအချက်အလက်များကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကောက်ယူကြသည်။

အိမ်ထောင်စုများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် နေထိုင်မှုအခြေအနေသိရှိနိုင်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDGs)များအကောင်အထည်ဖော်ဆောင်နိုင်ရန်၊ လိုအပ်သောအချက်အလက်ညွှန်းကိန်းများ၊ စားသောက်မှု၊ကျန်းမာရေး၊ ကလေးများ၏ ပညာရေး၊ အလုပ်အကိုင်၊ ဝင်ငွေ၊ အသုံးစရိတ်၊စားသုံးသူဈေးဆန္နန်း(CPI)၊ အမျိုးသားစာရင်းစနစ် (SNA) များတွက်ချက်နိုင်ရန်၊ စုစုပေါင်းစားသုံးမှုကုန်ကျစရိတ်တို့ကို ခန့်မှန်းနိုင်ရန်နှင့် အနာဂတ်တိုင်းပြည်လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှစ၍ မြန်မာတစ်နိုင်ငံလုံးတွင်အဖွဲ့ ၂၀ ဖြင့်ကောက်ယူလျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် စစ်တမ်းကောက်ပြီးကြောင်းသိရသည်။

အဆိုပါစစ်တမ်းကို လာမည့်နှစ်တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၅၊ ၂၀၁၀)၊အိမ်ထောင်စုဝင်ငွေနှင့်စားသုံးမှုစစ်တမ်း(၁၉၈၉၊ ၂၀၁၂)နှင့် မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် လူမှုအခြေအနေစစ်တမ်း (၂၀၁၅) တို့ကို ပေါင်းစည်းကာ ပိုမို ကောင်းမွန်သောဒီဇိုင်းပုံစံ၊ နည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို ချုပ်ငြိမ်းပပျောက်သွားစေရန် ကမ္ဘာ့ဘဏ်သည် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် စစ်တမ်းများကောက်ယူကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-သန့်ဇင်ဝင်း၊ဓာတ်ပုံ-ဖိုးသန့်**



# မြန်မာ-တရုတ်ချစ်ကြည်ရေးပုံရိပ်များ ပန်းချီပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၃**

မြန်မာ-တရုတ်ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်တွင် သတ်မှတ်ထားသော ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ လက်တွေ့ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ တရုတ်အမျိုးသားကုသိုလ်ဖြစ် အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီပြိုင်ပွဲကတော့ ကလေးတွေရဲ့ ပန်းချီအစွမ်းအစတွေကို ဖော်ထုတ်စေချင်တဲ့ သဘောလည်းပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ပန်းချီတွေဖြစ်လာအောင် နိုင်ငံတကာက ဖိတ်ခေါ်တဲ့ပန်းချီပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်စေချင်ပါတယ်။ ကျွန်တော်တို့ အရှေ့ပိုင်းခရိုင်က မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၂၅ ဦး ယှဉ်ပြိုင်ကြပါတယ်"ဟု အထက (၆) ဗိုလ်တထောင်တွင် ကြည့်ရှုစစ်ဆေးနေသော အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးမောင်ကြယ်ကပြောသည်။

ပြိုင်ပွဲတွင် ခရိုင်လေးခရိုင်၌ တစ်ခရိုင်လျှင် ကျောင်းသား ကျောင်းသူ ၁၂၅ ဦး စုစုပေါင်း ၅၀၀ တို့က မြန်မာ-တရုတ်ချစ်ကြည်ရေးပုံရိပ်များ ခေါင်းစဉ်မှ ကိုယ်ကြိုက်နှစ်သက်ရာ ပန်းချီကားများကို ရေဆေး၊ ဆီဆေး၊ ခဲတို့ဖြင့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**



# ကသာအကျဉ်းထောင်တွင် အကျဉ်းသားတစ်ဦး သေဆုံးမှုအပေါ် ကျေနပ်မှုမရှိ၍ တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်

**ကသာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာအကျဉ်းထောင်အတွင်း ကိုဇွဲမော်ဦး (ခ)ခေါင်းကြီး သေဆုံးမှုအပေါ် အမှုမှန်ပေါ်ပေါက်ရေးအတွက် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီမှမွန်းတည့် ၁၂ နာရီထိ ကသာမြို့အားကစားရုံးရှေ့မှ အကျဉ်းထောင်ရှေ့ထိ အောင်ကြည်မြင့်(ခ) နန္ဒ ဆိုသူသည် တစ်ကိုယ်တော်လမ်းလျှောက် ဆန္ဒဖော်ထုတ်သည်ကို တွေ့ရသည်။

ကသာအကျဉ်းထောင်အတွင်း ကသာမြို့ အမှတ်(၄)ရပ်ကွက်နေထိုင်သည့် ကိုဇွဲမော်ဦး(ခ) ခေါင်းကြီးသည် ဇွန် ၇ ရက် နံနက် ၅ နာရီ မိနစ် ၂၀ တွင် ရုတ်တရက် သေဆုံးခြင်းနှင့်ပတ်သက်၍ သိရှိရသည်မှာ ဇွန် ၆ ရက် ည ထောင်သားများအိပ်ချိန်ပေးသော ည ၉ နာရီခွဲတွင် ထောင်သူထောင်သားများ အိပ်မရအောင် ဆူပူနေသဖြင့် ထောင်ကျ စည်းကမ်းထိန်းသိမ်းရေးက ချုပ်နှောင်ထိန်းသိမ်းခဲ့ရကြောင်းနှင့် အကျဉ်းသား ကိုဇွဲမော်ဦးမှာ အရက်စွဲပြီး အမောဖောက်ခြင်းလက္ခဏာများတွေ့၍ ဇွန် ၇ ရက် နံနက် ၅ နာရီခွဲတွင်သေဆုံးနေသဖြင့် ရဲတပ်ဖွဲ့နှင့်မိဘများထံကောင်းမွန်စွာ သင်္ဂြိုဟ်နိုင်ရေးဆက်သွယ်ပေးခဲ့ကြောင်း ကသာအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

သေဆုံးသူသည် သူငယ်ချင်းဖြစ်သူ မိန်းမခိုးယူစဉ်က အားပေးကူညီခဲ့သဖြင့် ကသာရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၆၆/၁၁၄ မှုဖြင့် ချုပ်ရမန်တောင်းခံပြီး ကသာအကျဉ်းထောင်တွင်ချုပ်နှောင်ထားစဉ် နှစ်ရက်အကြာတွင် သေဆုံးခဲ့သဖြင့် သေမှုသေခင်းဖွင့်၍ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း ကသာမြို့နယ်ရဲမှူး မြင့်အောင်က ရှင်းပြခဲ့သည်။

ဆန္ဒဖော်ထုတ်သူ အောင်ကြည်မြင့်(ခ)နန္ဒသည် ဗီနိုင်းဆိုင်းဘုတ်ကိုင်ဆောင်၍ ကသာမြို့ပေါ်ရှိ အားကစားရုံးရှေ့၊ မြို့လယ် လမ်းမတော်လမ်းဆုံ၊ အကျဉ်းထောင်ရှေ့အသွားအပြန် တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်ပြီး ဝိုင်းရံအားပေးကြည့်ရှုသူများဖြင့် စည်ကားသည်ကိုလည်း တွေ့ရသည်။

**ငွေအိုး(ကသာ)**



# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၂ စီး၊ သွင်းကုန် ၆၀၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၇၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။




**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ''Parijat'' Tobacco များနှင့် သယ်ဆောင်သည့် ယာဉ်**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၂ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် ပျဉ်ကတိုးကုန်းလမ်း၌ Nissan Condor Truck ခြောက်ဘီးယာဉ်အား သတင်းအရ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် " Parijat" Tobacco (1×10) (95)Pkgs နှင့် သယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄၉ ဒသမ ၂၅ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဂုတ်တွင်းအနီး လေးထပ်ကွေ့၌ မြေပဲတင်ဆောင်လာသည့် ၁၂ ဘီးယာဉ် တိမ်းမှောက်

**သီပေါ ဇွန် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် နောင်ပိန်ရဲစခန်းအပိုင် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၈၄/၁-၂)အကြား ဇွန် ၁၃ ရက် နံနက် ၇ နာရီ ၃၅ မိနစ်က မန္တလေးမှ လားရှိုးဘက်သို့ ယာဉ်မောင်း ကိုလတ်(၃၀ နှစ်) မောင်းနှင်သည့် မြေပဲအိတ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်သည် ဂုတ်တွင်းအနီး လေးထပ်ကွေ့၌ ကွေ့စဉ် ဘရိတ်ပေါက်ပြီး နောက်ပြန်လိမ့်ဆင်းကျကာ လမ်းအောက်ဘက် သုံးထပ်ကွေ့မြေသားနံရံဘက်သို့ တိမ်းမှောက်သွားကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုကြောင့် လမ်းပိတ်ဆို့မှု မရှိကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုလတ်အား ကျောက်မဲယာဉ်ထိန်းရဲတပ်ဖွဲ့စု(၁၂၀)မှ ဒုရဲအုပ် တင်အောင်မိုးက တိုင်တန်း၍ နောင်ပိန်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း (သီပေါ)**



## တရုတ်မှ အခွန်တိမ်းရှောင်ဆန်ကုန်သည်နှင့်ဆက်နွယ်သည့် မြန်မာဆန်ကုန်သည် လင်မယားနှစ်ဦး ဖမ်းဆီးထိန်းသိမ်းခံရ

**ဗန်းမော် ဇွန် ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အောင်သစ္စာရပ်ကွက်၌ ဆန်ဂိုဒေါင်ဆောက်လုပ်၍ တရားမဝင်ဂျူတီဆန်များအား အရောင်းအဝယ်ပြုလုပ်လျက်ရှိသည့် မြန်မာဆန်ကုန်သည် လင်မယားနှစ်ဦးအား ဇွန် ၁၁ ရက် ညနေ ၆ နာရီတွင် တရုတ်နိုင်ငံအတွင်းရှိ အခွန်တိမ်းရှောင်ဆန်ကုန်သည်များနှင့် ဆက်နွယ်ပတ်သက်၍ တရုတ်နိုင်ငံ ရွှေလီရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးခံဆန်ကုန်သည် ဦးစိုင်းအိုက်ဆာ(၄၁ နှစ်)နှင့် ဇနီး ဒေါ်နန်းသိန်းနော်(ခ)မအေးလူ(ခ)မအားရန်(၃၈ နှစ်) ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နေသူ လင်မယားနှစ်ဦးသည် ဇွန် ၁၀ ရက်တွင် လွယ်ဂျယ်မှ တရုတ်နိုင်ငံ ကျန်းဖုန်း-ရွှေလီ-ကျယ်ဂေါင်လမ်းအတိုင်း မူဆယ်မြို့သို့ ထွက်ခွာပြီး ၎င်းတို့နေရပ် နမ့်ခမ်းမြို့ရှိ မိဘနေအိမ်သို့ ပြန်ကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဇွန် ၁၁ ရက်တွင် နမ့်ခမ်းမှ လွယ်ဂျယ်သို့ပြန်ရန်အတွက် မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီမြို့သို့ ရောက်ရှိလာစဉ် တရုတ်နိုင်ငံအတွင်းရှိ အခွန်ရှောင်ဆန်ကုန်သည်များနှင့် ဆက်နွယ်ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်၍ ရွှေလီရဲတပ်ဖွဲ့က ဖမ်းဆီးကာ ရွှေလီအကောက်ခွန်ရုံး၌ ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေတောင်မြို့နယ် ပြည်-ရန်ကုန်လမ်းမ၌ အထောက်အထားမဲ့ လူသုံးဦး ဖမ်းဆီးရမိ

**ရွှေတောင် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆင်မကြပ်လမ်းဆုံ ပြည်-ရန်ကုန် အဝေးပြေးကားလမ်းမပေါ်၌ ဇွန် ၁၂ ရက် နံနက် ၈ နာရီခွဲခန့်က ပရိဘောဂယာဉ်ပေါ်၌ အထောက်အထားမပါရှိသည့် လူသုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ပြည်မြို့ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူး ဝင်းနိုင်ဦးနှင့်အဖွဲ့သည် ပြည်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် AA/----ပရိဘောဂယာဉ်ပေါ်တွင် အထောက်အထားမဲ့လူများပါလာကြောင်း၊ ရွှေတောင်မြို့နယ်တပ်ဖွဲ့သို့ တာဝန်သိပြည်သူများက သတင်းပေးပို့သဖြင့် ရွှေတောင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရွှေတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူးတို့ဦးဆောင်သော ပူးပေါင်းအဖွဲ့က အဆိုပါယာဉ်အား စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ လှအောင်(ခ)ဆာလေး (၄၅ နှစ်) မောင်းနှင်ပြီး ပရိဘောဂယာဉ်ပေါ်၌ မာမွတ်ဂျာဘယ်(၂၁ နှစ်)(မှတ်ပုံတင်မရှိ) ကျောက်အိုးရွာ မင်းပြားမြို့၊ မာမွတ်ဆာဒ(၂၂ နှစ်)(မှတ်ပုံတင်မရှိ) တိမ်ဆိပ်ရွာ မင်းပြားမြို့၊ လော်ဟီး(၂၁ နှစ်)(မှတ်ပုံတင်မရှိ) ကိုင်းတောရွာ မြောင်းဘွေမြို့၊ မြောက်ဦးမြို့နယ်တို့ လိုက်ပါလာကြောင်း စစ်ဆေးတွေ့ရှိရ၍ ရွှေတောင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

ကချင်ပြည်နယ် ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ဟန်းတဲရပ်ကွက်အရောက် ဒိုင်ယန်း-၁၂၅ ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသည့် ခွန်သာရပ်ကွက်နေ ကျော်ဇင်မင်းဦး(၂၁ နှစ်)အား စစ်ဆေးရာ ဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသဖြင့် ၎င်းအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၁၀ နာရီခွဲက အဆိုပါရဲတပ်ဖွဲ့သည် မြို့သစ်ကြီးရပ်ကွက် မြို့ပတ်လမ်းမနှင့် ရွှေလမ်းမကြီးလမ်းဆုံတွင် ရင်ဇင်း-၁၂၅ ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသည့် မြို့သစ်ကြီးရပ်ကွက်နေ ကျော်ကျော်အောင်(၃၃ နှစ်)အား စစ်ဆေးရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မော်တော်ယာဉ်တစ်စီး လမ်းလျှောက်သူကို တိုက်မိပြီး ချောက်ထဲထိုးကျ

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရင်ဆိုင်အုပ်စု ငှက်ချောကွင်းကျေးရွာအနီး၌ လမ်းချော်သော မော်တော်ယာဉ်က လမ်းလျှောက်သူအား တိုက်မိပြီး ချောက်ထဲထိုးကျမှု ဇွန် ၁၃ ရက်တွင် ဖြစ်ပွားခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် ၇၇/၀ နှင့် ၇၇/၁ ကြား၊ ငှက်ချောကွင်းကျေးရွာအနီးတွင် ပုသိမ်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မျိုးမင်းထွန်း(၂၆ နှစ်) သာကေတမြို့နယ်နေသူ မောင်းနှင်သည့် 9G/---- လိုက်ထရပ်ယာဉ်သည် လမ်းချော်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး ရှေ့မှ လမ်းလျှောက်နေသူ ဦးအုန်းညွန့်(၅၇ နှစ်) ရင်ဆိုင်ဝရွာနေသူအား ဝင်ရောက်တိုက်မိ၍ တိမ်းမှောက်သွားကာ ဦးအုန်းညွန့်တွင် ဒဏ်ရာများရရှိသွားသဖြင့် ယာဉ်မောင်း မျိုးမင်းထွန်းအား ကျောင်းကုန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**


**ရွှေလမ်းခရီး**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။

Ph: 09-444808899
09-444808877
09-444808855


### ပျောက်ဆုံး

ကျွန်တော် သိန်းအေးထွန်း (ဘ)ဦးအုန်းရွှေ ၁၄/ကခန(နိုင်)၀၈၂၃၉၁ ၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၃၂၄၅၁၈**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက (၅)၊ ဆဌမတန်း (R-2) မှ မောင်ရဲရင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ထူး ၅/ကသန(နိုင်)၀၅၆၁၁၁ ဖြစ်ပါကြောင်း။ **ဦးကျော်ထူး**

### ဖခင်အမည်မှန်

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အထက (၁) ပဉ္စမတန်း (D) မှ မနွေဦးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်လင်း ၇/လပတ(နိုင်)၀၈၈၈၂၅ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်လင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8201 Toyota Hilux Vigo KUN 26/P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးရီ ၁၂/သဃက(နိုင်)၁၀၆၂၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8K-2156 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/4515 နှင့် 1B/3460 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက် (S-1)၊ အခန်း (၃၀၂)တိုက်ခန်းအား ပိုင်ရှင် ဦးစိုးမိုးအောင် ၁၂/တမန(နိုင်)၁၁၇၀၆၅ ထံမှ ဒေါ်စုရတနာဆွေ ၁၂/ဗဟန(နိုင်)၀၀၀၅၅၃ က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်စုရတနာဆွေ**

**တိုက် (S-1)၊ အခန်း (၃၀၁)**
**မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေး၊**
**ဖုန်း-၀၉-၂၅၄၂၀၇၀၇၂**

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### မြန်မာ့စီးပွားရေးဘဏ်
### (တိုင်းဒေသကြီးရုံး)
### မကွေးတိုင်းဒေသကြီး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မင်းဘူးခရိုင်ဘဏ်ခွဲ အဆောက်အအုံသစ်တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မင်းဘူးခရိုင်ဘဏ်ခွဲ အဆောက်အအုံသစ် ၆၀'×၄၀' သံကူကွန်ကရစ် (၂)ထပ်ဆောက်လုပ်ခြင်း(ရေလှောင်းအိမ်သာနှင့်မိလ္လာကန်အပါအဝင်)၊ ရေလိုင်း၊ မီးလိုင်းများသွယ်တန်းခြင်း၊ မြေညှိခြင်း၊ မြေဖို့ခြင်း၊ Drain နှင့် Apron ပြုလုပ်ခြင်း၊ ၅၀၀ပေမြစ်စည်းရိုးကာရံခြင်း (သံပန်းတံခါးအပါအဝင်)၊ လမ်းမကြီးမှ ဘဏ်အဆောက်အအုံသို့ ၂၅ပေ အကျယ်၊ အရှည် ၃၀၀ပေ အဝင်လမ်းဖောက်လုပ်ခြင်း(မြေညှိခြင်းအပါအဝင်)နှင့် ၃၅ပေအမြင့် ဂါလန် (၄၀၀) ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

(က) **တင်ဒါပုံစံများရရှိနိုင်သောနေရာ** - မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတိုင်းဒေသကြီးရုံး၊ မကွေးမြို့

(ခ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်ရက်** - ၁၅-၆-၂၀၁၇မှ ၁၄-၇-၂၀၁၇ထိ

(ဂ) **တင်ဒါပုံစံများတင်သွင်းရမည့်နေရာ** - မြန်မာ့စီးပွားရေးဘဏ်၊မကွေးတိုင်းဒေသကြီးရုံး၊ မကွေးမြို့

(ဃ) **နောက်ဆုံးတင်သွင်းရမည့် ရက်စွဲနှင့်အချိန်** - ၁၇-၇-၂၀၁၇၊ ၁၆း၀၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မကွေးမြို့

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၁၂၂၁၊ ၀၆၃-၂၃၈၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတိုင်းဒေသကြီးရုံးတွင် ၁၅-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

### မွေးသက္ကရာဇ် အမှန်

ဦးတင်မောင်ဝင်း၏သား ပြည်စိုးဝင်း ၉/မရတ(နိုင်)၁၂၉၄၁၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၉-၁၉၇၅ ဖြစ်ပါကြောင်း။

**ပြည်စိုးဝင်း**

### အမည်ပြောင်း

ဖားကန့်မြို့၊ အထက (ခွဲ) မော်ဝမ်းကျောင်း၊ ပဉ္စမတန်းမှ (ဘ)ဦးအောင်လတ် ၁/ကမန(နိုင်) ၀၂၉၀၂၈၏သား ကျောင်းဝင်အမှတ်-၃၃၅၇ ဖြစ်သူ မောင်ဘုန်းမြင့်အောင်အား မောင်ပီတာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
### ဒု-ဦးစီးမှူး(စက်/လျှပ်) (မြို့ပြ)ရာထူးနေရာများအတွက် လူတွေ့အောင်မြင်သူများ စာရင်းထုတ်ပြန်ခြင်း
### ကြော်ငြာစာအမှတ်(၃/၂၀၁၇)
### ၂၀၁၇ ခုနှစ် ဇွန်လ ၁၃ ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လက်အောက်တွင် လစ်လပ်လျက်ရှိသော ဒု-ဦးစီးမှူး(စက်/လျှပ်)(မြို့ပြ)ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လူတွေ့အောင်မြင်ခဲ့သူများ၏စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**(EP)** ဘာသာရပ်

| | | | | | | |
|---|---|---|---|---|---|---|
| EP-633 | EP-489 | EP-497 | EP-461 | EP-488 | EP-492 | EP-53 |
| EP-1008 | EP-631 | EP-487 | EP-694 | EP-202 | EP-1341 | EP-617 |
| EP-909 | EP-48 | EP-932 | EP-625 | EP-457 | EP-117 | EP-105 |
| EP-350 | EP-380 | EP-757 | EP-1 | EP-81 | EP-619 | EP-695 |
| EP-372 | EP-1018 | EP-314 | EP-659 | EP-445 | EP-1163 | EP-135 |
| EP-403 | EP-1202 | EP-52 | EP-1226 | EP-1041 | EP-13 | EP-572 |
| EP-191 | EP-1338 | EP-25 | EP-76 | EP-1274 | EP-684 | EP-995 |
| EP-1247 | EP-156 | EP-925 | EP-928 | EP-1072 | EP-1289 | EP-134 |

**(EC)** ဘာသာရပ်

| | | | | | | |
|---|---|---|---|---|---|---|
| EC-210 | EC-322 | EC-31 | EC-125 | EC-190 | EC-2 | EC-1 |
| EC-105 | EC-155 | EC-76 | | | | |

**(MP)/ (IT)** ဘာသာရပ်

| | | | | | | |
|---|---|---|---|---|---|---|
| MP-60 | MP-112 | MP-106 | MP-118 | MP-65 | | |
| IT-14 | IT-23 | IT-36 | IT-6 | IT-47 | | |

**(Civil)** ဘာသာရပ်

| | | | | | | |
|---|---|---|---|---|---|---|
| Civil-40 | Civil-81 | Civil-83 | Civil-85 | Civil-123 | Civil-114 | Civil-64 |
| Civil-231 | Civil-20 | Civil-246 | Civil-128 | Civil-74 | Civil-28 | Civil-236 |
| Civil-19 | Civil-76 | Civil-66 | Civil-156 | Civil-112 | | |

၂။ လူတွေ့အောင်မြင်သူများသည် ၂၀-၆-၂၀၁၇ရက် (၁၅း၃၀)နာရီထက် နောက်မကျစေဘဲ စီမံခန့်ခွဲရေးဌာန၊ ဌာနခွဲ (၁)၊ ဌာနစု (၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)နေပြည်တော်သို့ လူကိုယ်တိုင်သတင်းပို့ရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့်စာချုပ်ချုပ်ဆိုမှုများ ပြုလုပ် ရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်တွင် သတင်းပို့ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စက်မှုဇုန်စီမံချက်နှင့် ဟန်ချက်ညီညီ

**မောင်သန်းဝင်းရွှေ**

မျက်မှောက်မြန်မာ့လူမှုစီးပွားရေး အဆောက်အအုံဖွံ့ဖြိုးရေးအတွက် လယ်ယာအခြေခံခေတ်မီစက်မှုထူထောင်ရေးကို တည်ဆောက်သွားရန် ရည်မှန်းထားသည်နှင့်အညီ မြန်မာ့စီးပွားရေးရှူခင်းအတွက် အနာဂတ်မျှော်မှန်းချက်သည် ခေတ်မီစက်မှုနိုင်ငံတည်ဆောက်ရန်ဖြစ်ပေသည်။ ထို့ကြောင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များတွင်လည်း လက်ရှိစက်မှုဇုန်များအား အဆင့်မြှင့်တင်ရေးနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရေးမှာလည်း အလေးပေးဆောင်ရွက်မည့် ရည်မှန်းချက်တစ်ရပ် ဖြစ်ပေသည်။

စက်မှုဇုန်များတွင် စက်မှုထူထောင်ရေး အောင်မြင်စွာအဆင့်မြှင့်တင်ပေးရေးတွင် ဈေးကွက်ရှာဖွေခြင်းနှင့် မြှင့်တင်ခြင်း၊ စက်မှုဇုန်အတွင်း မြေအသုံးချရေးတို့မှာ ပင်မလိုအပ်ချက်များဖြစ်သည်။ ဈေးကွက်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အခြေခံအချက်အလက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် အထူးလိုအပ်ပေသည်။ ဈေးကွက်စီးပွားရေးစနစ်နှင့် ကုန်သွယ်မှုမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေး အတွက် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းညာ၊ ICT များ အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရေး၊ ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အရေးပါသည့် ကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးများသည် အခြေခံအချက်များပင်ဖြစ်ပါသည်။

ထို့အတူ စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးတွင် လုံးဝလျစ်လျူရှုထားရန် မသင့်သောအချင်းအရာတစ်ရပ်မှာ မိုက်ခရို (Micro) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း (SMEs) များအတွက် အထောက်အကူပြု စက်မှုလုပ်ငန်းများ (Supporting Industries) ဖြစ်လာစေရေးအတွက် အဆင့်ဆင့်တွင် ပြည့်စုံမှုရှိစေရေးအတွက် အားပေးကူညီသွားရန်ပင်ဖြစ်ပါသည်။ လက်ရှိ မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်တွင် စက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားပါသည်။

(က) **စက်မှုလုပ်ငန်း**ဆိုသည်မှာ စွမ်းအင် သို့မဟုတ် နည်းပညာတစ်မျိုးမျိုးကို အသုံးပြုပြီး အသွင်ပုံသဏ္ဌာန် သို့မဟုတ် ဂုဏ်သတ္တိပြောင်းလဲအောင် ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့် လုပ်ငန်းကို ဆိုသည်။

(ခ) **မိုက်ခရိုစက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အမြဲတမ်းဝန်ထမ်းငှားရမ်းအသုံးပြု၍ သော်လည်းကောင်း၊ ဝန်ထမ်းဦးရေ အမြဲတမ်း ၁၅ ဦးထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါသည့် မတည်ရင်းနှီးငွေကျပ်သန်း ၅၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့်ပြုပြင်မွမ်းမံသည့် လုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစက်မှုလုပ်ငန်း**ဆိုသည်မှာ ဝန်ထမ်းဦးရေ အမြဲတမ်း ၁၅ ဦးအထက်မှ ၅၀ အထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ်သန်း ၅၀ အထက်မှ ငွေကျပ်သန်း ၅၀၀ ထက် မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်။

(ဃ) **အလတ်စားစက်မှုလုပ်ငန်း**ဆိုသည်မှာ ဝန်ထမ်းဦးရေ အမြဲတမ်း ၅၀ အထက်မှ ၃၀၀ ထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ်သန်း ၅၀၀ အထက်မှ ငွေကျပ်သန်း ၁၀၀၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်။

(င) **အကြီးစားစက်မှုလုပ်ငန်း**ဆိုသည်မှာ ဝန်ထမ်းဦးရေအမြဲတမ်း ၃၀၁ ဦးနှင့် အထက်ရှိသော သို့မဟုတ် မြေတန်ဖိုး မပါဝင်သည့် မတည်ရင်းနှီး ငွေကျပ်သန်း ၁၀၀၀အထက်ရှိသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကိုဆိုသည်။

ပထဝီဝင် အနေအထား၊ စီးပွားရေးစကြံများ၏ အလားအလာနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုမျက်နှာစာဟူသော အခြေခံမှုကို ဦးတည်ချက်ထား၍ စက်မှုဖွံ့ဖြိုးမှုအချက်အချာဒေသများကို ရွေးချယ်မှုပြုရာ၌ နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Substaiable Development) အတွက် အဓိကစီးပွားရေးဝင်ရိုးနှစ်ရပ်မှာ ခေတ်အဆက်ဆက်ရန်ကုန်နှင့် မန္တလေးကို မူတည်၍ အချက်အချာ ဒေသများအဖြစ် သတ်မှတ်လာခဲ့ကြရာ မျက်မှောက်မြန်မာ့စက်မှုဖွံ့ဖြိုးမှုဖြစ်စဉ် (Industrial Development Process )တွင်လည်း ရန်ကုန်နှင့် မန္တလေးကိုပင် ရွေးချယ်ရခြင်းမှာ-

(၁) **ရန်ကုန်၊ ပဲခူးနှင့် ဆက်စပ်ဒေသများ**သည် ပင်လယ်ရေလမ်းကြောင်းနှင့် အလှမ်းမကွာဝေးခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးပြီးဖြစ်ခြင်းတို့ကြောင့် ယင်းဒေသအပါအဝင် ဆက်စပ်ဒေသများကိုပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အလားအလာရှိခြင်းကြောင့်လည်းကောင်း၊

(၂) **မန္တလေး၊ စစ်ကိုင်းနှင့် ဆက်စပ်ဒေသများ**သည် စီးပွားရေးစကြံများနှင့်နီးကပ်စွာတည်ရှိခြင်း၊ မြန်မာနိုင်ငံအထက်ပိုင်း၊ အောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများသို့လျင်မြန်စွာ ဆက်သွယ်နိုင်သည့် ဗဟိုနေရာတွင် တည်ရှိခြင်းနှင့် အာဆီယံအဝေးပြေးလမ်းမကြီးများ၏ တည်နေရာနှင့်နီးကပ်စွာ ရှိခြင်းကြောင့် လည်းကောင်း ရွေးချယ်ရန်အတွက် အသင့်လျော်ဆုံးဖြစ်သည်ဟူ၍ ကောက်ချက်ချရန်သာဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသကြီးအတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment FDI) ဆွဲဆောင်မှုရှိသည့်နေရာ တစ်နေရာဖြစ်သည်မှာ မျက်မှောက်ရင်းနှီးမြှုပ်နှံမှုအနေအထားအရ ထင်ရှားနေပါသည်။ ထို့ကြောင့် အခြေခံလိုအပ်ချက်များတွင် အဓိကဦးစားပေးဆောင်ရွက်ရန်မှာ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ ပါ ဆွဲဆောင်မှု၊ သက်သာမှုခွင့်နှင့် အကျိုးအမြတ်များကို စဉ်ဆက်မပြတ်စေရေးပင်ဖြစ်ပါသည်။ ထို့အတူ အကြီးစား၊ အလတ်စားစက်မှုလုပ်ငန်းအနက် အားနည်းပြီး ဆက်လက်ရှင်သန်ရန် အခက်အခဲရှိသော်လည်း အလားအလာကောင်းသော စက်မှုလုပ်ငန်းများ ပြန်လည်ဖွဲ့စည်းရေး၊ အင်အားဖြည့်တင်းထောက်ပံ့ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် အရေးပါသော Private Public Partnership (PPP) ကို အလေးအနက်စွဲကိုင်နိုင်စေရေးပင်ဖြစ်သည်။ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုပုံစံတွင် တတ်နိုင်သရွေ့ လက်ဝါးကြီးအုပ် ချုပ်ကိုင်မှုဖြင့် အများစု အစုရှယ်ယာကို တစ်ဦး၊ တစ်ဖွဲ့တည်းက စိုးမိုးခြင်းကင်းသော အများပိုင်ကုမ္ပဏီများ (Public Limited Co.,Ltd) ကို ခေတ်သစ်စီးပွားရေး ယဉ်ကျေးမှုနှင့်အညီ ဖွဲ့စည်းပါဝင်လျှင် မြန်မာ့စက်မှုဖွံ့ဖြိုးမှုသမိုင်းစဉ်သည် ရေရှည်တွင် အလားအလာကောင်းကိုသာ ဖန်တီးနိုင်စွမ်း ကေန်ရှိမည်ဖြစ်သည်။ ထုတ်လုပ်မှု စွမ်းရည်နှင့် အရည်အသွေးတိုးမြှင့်ရေးအတွက်-

(၁) ကုန်ထုတ်လုပ်မှုအဆင့်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းပညာဝန်ဆောင်မှုပေးသည့် အစီအစဉ်များ ချမှတ်ခြင်း။

(၂) နိုင်ငံပိုင် စက်ရုံများအနက် အကျိုးအမြတ်ရှိပြီး တည်ဆဲမူဝါဒအရ အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ရန် မလိုအပ်သည့် စက်မှုလုပ်ငန်းများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။

(၃) မိုက်ခရိုအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအနေဖြင့် ပြည်တွင်း၊ ပြည်ပစက်မှုလုပ်ငန်းကြီးများနှင့် ချိတ်ဆက်၍ အထောက်အကူပြုစက်အစိတ်အပိုင်းများ ထုတ်လုပ်ပေးခြင်းဖြင့် Supply Chain အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ရန်။

(၄) နိုင်ငံတကာမှ စက်မှုလုပ်ငန်းကြီးများ လာရောက်လုပ်ကိုင်နိုင်စေမည့် အခွင့်အလမ်းများကို နည်းလမ်းမျိုးစုံဖြင့် ဖော်ဆောင်ပေးရန်။

(၅) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုတွင် ထပ်မံလိုအပ်လာမည့် စွမ်းအင်ကဏ္ဍအား လိုက်လျောညီထွေ ဖြည့်ဆည်းပေးနိုင်ရေးကို အထူးအလေးပေး ဆောင်ရွက်ရန်။

(၆) ထုတ်လုပ်မှုလုပ်ငန်းများတွင် Computer Aided Desing

**မျက်မှောက်မြန်မာ့စီးပွားရေးတွင် အခြေခံစီးပွားရေးကဏ္ဍသည် စိုက်ပျိုးရေးထုတ်လုပ်မှုဖြစ်ပေသည်။ ပို့ကုန်မြှင့်တင်ရေးကို အားပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်ခု တည်းသော ထွက်ရပ်လမ်းမှာ စိုက်ပျိုးရေး ထုတ်ကုန်စက်မှုဇုန်ထူထောင်ရေးဖြစ်ပါသည်။**

(CAD), Computer Aided Manufacturing (CAM) နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ပံ့ပိုးကူညီပေးရန်၊ ကောင်းသော သတင်းကျော်ဇောခြင်းနှင့်အတူ အမှတ်တံဆိပ်မူပိုင်ခွင့်များအား လိုအပ်သော စောင့်ရှောက်မှုများ ဖန်တီးပေးရန်နှင့် စက်မှုထုတ်ကုန်များ၏ အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးဆောင်ရွက်ပေးရန်။

(၇) အထောက်အကူပြု စက်မှုလုပ်ငန်းများ (Supporting Industries) ပေါ်ထွန်းလာရေး ကူညီပံ့ပိုးပေးရန်တို့ပင်ဖြစ်ပါသည်။

စက်မှုဇုန်များတွင် လက်တွေ့ပေါ်ပေါက်နေသော ပြဿနာတစ်ရပ်မှာ မြေအသုံးချရေးဖြစ်သည်။ စက်မှုဇုန်များ တည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စက်ရုံအလုပ်ရုံများ၏ စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်သတ်မှတ်ရေိယာအတွင်း စိမ်းလန်းရေးဇုန်၊ ကုန်သွယ်ရေးဇုန်၊ စက်မှုလုပ်ငန်းဇုန်၊ လမ်း၊ မီး၊ ရေ၊ ရေဆိုးစွန့်စနစ်စသည်တို့ကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ထိုက်သင့်သည့် ဧရိယာအချိုးအစားများအတိုင်း နေရာချထားနိုင်ရေးကိုလည်း အထူးအလေးပေးရမည်ဖြစ်သည်။

စက်မှုဇုန်များတွင် မြေဈေးကစားမှု အလေ့အကျင့်ကို လျော့နည်းစေပြီး ရေရှည်တွင် စီးပွားရေးစွန့်ဦးတီထွင်မှုများ တိုးပွားစေရန်အတွက် သုံးနှစ်အတွင်း စက်မှုလုပ်ငန်း မထူထောင်လျှင် လျော်ကြေးတစ်စုံတစ်ရာမပေးဘဲ ပြန်လည်သိမ်းယူသည့်စနစ်နှင့် ထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ရမည့်အစား သိုလှောင်ရေးဂိုဒေါင် သက်သက်ဆောင်ရွက်နေကြသူများ၊ ယင်းသို့ သိုလှောင်ရေး ဂိုဒေါင်အဖြစ် ငှားရမ်းမှု သက်သက်ပြုနေမှုများအတွက် တစ်ပြေးညီ မူဝါဒတစ်ရပ်ချမှတ်၍ ပြတ်ပြတ်သားသား ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆပေသည်။

မျက်မှောက်မြန်မာ့စီးပွားရေးတွင် အခြေခံစီးပွားရေးကဏ္ဍသည် စိုက်ပျိုးရေးထုတ်လုပ်မှုဖြစ်ပေသည်။ ပို့ကုန်မြှင့်တင်ရေးကို အားပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသော ထွက်ရပ်လမ်းမှာ စိုက်ပျိုးရေး ထုတ်ကုန်စက်မှုဇုန်ထူထောင်ရေးဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်သောဒေသများတွင် စိုက်ပျိုးရေးထုတ်ကုန်စက်မှုဇုန်များ တည်ထောင်ရေး ဖြစ်နိုင်ခြေများကို လေ့လာ၍ အောက်ပါအတိုင်း တည်ထောင်ပါလျှင် ဟန်ချက်ညီညီ တိုးတက်မှုကို အထောက်အကူပြုနိုင်ပေမည်။

(က) **စစ်ကိုင်းတိုင်းဒေသကြီးတွင်** စစ်ကိုင်း၊ မုံရွာနှင့်ကလေးစက်မှုဇုန်တို့ရှိသည်။

စစ်ကိုင်းဇုန်တွင် ဆန်၊ ဆန်ထွက်ပစ္စည်း၊ ဂျုံ၊ ဂျုံထွက်ပစ္စည်း၊ ဆီထွက်ပစ္စည်း ထုတ်လုပ်ပြီး မုံရွာနှင့် ကလေးစက်မှုဇုန်တို့ကို အိန္ဒိယ-တမူး-ကလေး-မုံရွာ-မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-မိုင်းလား / တာချီလိတ်-လာအို / ထိုင်းတို့နှင့် ဆက်သွယ်ပြီး ပြည်တွင်း ပြည်ပကုန်သွယ်ရေးလုပ်ငန်းများ ပေါ်ထွန်းလာစေမည်ဖြစ်သည်။

(ခ) **ပဲခူးတိုင်းဒေသကြီးတွင်** ပဲခူး၊ ပြည်စက်မှုဇုန်တို့မှ ဆန်နှင့်ဆီထွက်သီးနှံ၊ ပဲမျိုးစုံထုတ်လုပ်ပြီး သီလဝါ-ပဲခူး-နေပြည်တော်-မိတ္ထီလာ-မန္တလေး-မြစ်ကြီးနား-ကန်ပိုက်တီး၊ ယူနန်ပြည်နယ် တရုတ်နိုင်ငံသို့ ဆက်သွယ်တင်ပို့လျှင် ဟန်ချက်ညီသော စီးပွားရေးသရုပ်ပေါ်မည်ဖြစ်သည်။

(ဂ) **မကွေးတိုင်းဒေသကြီးတွင်** ပခုက္ကူစက်မှုဇုန်နှင့် ရေနံချောင်းစက်မှုဇုန်တို့ ပါဝင်ပါသည်။ မကွေးတစ်ဝိုက်တွင် ပြန့်ကျဲနေသည့် မိုက်ခရိုနှင့် အသေးစားစက်မှုလုပ်ငန်းများကို စုပေါင်းဖွဲ့စည်းကာ ဆီထွက်သီးနှံ ပဲအမျိုးမျိုးနှင့် ဝါတို့ကို အခြေခံသော ထုတ်ကုန်များကို တန်ဖိုးမြှင့် ထုတ်လုပ်သည့် စိုက်ပျိုးရေးထုတ်ကုန် စက်မှုဇုန် ထူထောင်လျက် ကျောက်ဖြူ-မကွေး-မိတ္ထီလာ-မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်စကြံတစ်လျှောက်ထုတ်ကုန်များ တင်ပို့နိုင်မည်ဖြစ်သည်။

(ဃ) **ဧရာဝတီတိုင်းဒေသကြီးတွင်** ဟင်္သာတ-ပုသိမ်၊ မြောင်းမြစက်မှုဇုန်တို့ ပါဝင်ပြီး ဇုန်အသီးသီးမှ ဆန်၊ ပဲမျိုးစုံ၊ ပီလောပီနံများ ထုတ်လုပ်ပြီး ထုတ်ကုန်များကို ပုသိမ်ရေနက်ဆိပ်ကမ်းမှ ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့နိုင်ရေးကို အလွယ်တကူ စီစဉ်နိုင်သည်။

(င) **တနင်္သာရီတိုင်းဒေသကြီးတွင်** ထားဝယ်နှင့် မြိတ်စက်မှုဇုန်တို့ ပါဝင်ပြီး ဇုန်အသီးသီးမှ ထုတ်ကုန်များကို ထားဝယ်ရေနက် ဆိပ်ကမ်းမှ ပြည်ပ နိုင်ငံအသီးသီးသို့ ဆက်သွယ်ပို့ဆောင်ရန်အသင့်ဖြစ်သည်။

ထို့အတူ စိုက်ပျိုးရေးထုတ်ကုန်စက်မှုဇုန်အတွင်း ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရန် လိုအပ်သည့် စက်ရုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) **အခြေခံစားကုန်စက်ရုံများ** အခြေခံစားကုန် စက်ရုံများ တစ်ဆက်တစ်စပ်တည်း နေရာချထားပေးပြီး ယင်းစက်ရုံများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေအနည်းငယ်သာ လိုအပ်ပြီး ခြောက်သွေ့သည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် စက်ရုံအမျိုးအစားများဖြစ်ပါသည်။ (ဥပမာ-ဆီထွက်သီးနှံ အခွံချွတ်ခြင်း၊ ဆန်စက်နှင့် ပဲကြိတ်စက် စသည်တို့)

(ခ) **တန်ဖိုးမြှင့်စားကုန်စက်ရုံများ** အခြေခံကုန်စက်ရုံများနှင့် ဆက်စပ်၍ တန်ဖိုးမြှင့်စားကုန်စက်ရုံများကို တစ်စုတစ်စည်းတည်း နေရာချထားပေးပြီး ယင်းစက်ရုံများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေအသင့်အတင့် လိုအပ်ပြီး စိုစွတ်သည့် စွန့်ပစ်ပစ္စည်းများထွက်ရှိသည့် စက်ရုံအမျိုးအစားများ ဖြစ်ပါသည်။ (ဥပမာ- ဟင်းရွက်ဆီ၊ ဟင်းမွှေးအဆီနှင့် ရေမွှေးဆီလုပ်ငန်းစသည်ဖြင့်)

(ဂ) **ပြုပြင်ပြီးစားသောက်ကုန်စက်ရုံများ** ပြုပြင်ပြီး စားသောက်ကုန်စက်ရုံများအုပ်စုကိုမူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲနိုင်သည့် သင့်လျော်ကျယ်ဝန်းသော မြေနေရာတွင် နေရာချထားပေးရမည်။ ယင်းစက်ရုံများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေများစွာလိုအပ်ပြီး စိုစွတ်သည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် စက်ရုံအမျိုးအစားများဖြစ်ပါသည်။ (ဥပမာ-မုန့်ဖုတ်လုပ်ငန်း၊ ကိတ်မုန့်လုပ်ငန်း၊ မဆလာ လုပ်ငန်း၊ သစ်သီးယိုစုံလုပ်ငန်း စသည်တို့)

ဆင်းရဲမှုလျှော့ချရေးကို အလေးပေးဆောင်ရွက်နေသော ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး၊ LDC နိုင်ငံများသည် စက်မှုထူထောင်နိုင်ရေးကိုပါ ယှဉ်တွဲစဉ်းစားကြပါမူ လယ်ယာကဏ္ဍတွင် ပေါ်ပေါက်နေသော ဖုံးကွယ်အလုပ်လက်မဲ့ ပြဿနာကို တစ်ပြိုင်တည်း ဖြေရှင်းရာရောက်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြင့် တစ်ဦးကျဝင်ငွေ (per capital income) အစစ်အမှန်တိုးတက်မည်ဖြစ်ရာ ကျေးလက်ဒေသစက်မှုထူထောင်ရေးကိုလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးရေးတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၏အခြေခံဟု ယူဆ၍ ဖိဖိစီးစီး ဆောင်ရွက်ကြရပေမည်။

ကျေးလက်ဒေသစက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးနှင့် GDP တိုးတက်ရေးတွင် စက်မှုလယ်ယာလုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန် စက်မှုလုပ်ငန်းများကို အထူးအားပေးဆောင်ရွက်ကြရာ၌ အထူးအလေးထားရမည်မှာ-

(က) အသေးစား စွန့်ဦးတီထွင်သူများကို စိုက်ပျိုးရေးတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် နည်းပညာနှင့် ထောက်ပံ့ငွေများ ရရှိရန် အားပေး ကူညီပေးခြင်း၊

(ခ) ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် ခေတ်မီစက်ကိရိယာများ ပံ့ပိုး၍ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပေးခြင်း၊

(ဂ) နည်းပညာရှင်များဖြင့် ဝန်ဆောင်မှုပေးခြင်း၊

(ဃ) ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် စွမ်းအင်ရရှိရေး အလေးပေး ဆောင်ရွက်ခြင်း၊

(င) ချေးငွေရရှိရေးအတွက် အားပေးကူညီခြင်း၊

(စ) ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်း ဆက်သွယ်ရေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဆ) စက်မှုလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ တန်းတူရရှိအောင် စီစဉ်ပေးခြင်းတို့ ဖြစ်ပေသည်။

ကျေးလက်စက်မှုလုပ်ငန်းများကို ဒေသအလိုက် စီမံကိန်းများ ရေးဆွဲ၍ အားပေးကူညီ၊ စောင့်ရှောက်ခြင်းအပြင် အလားအလာရှိသော ဒေသထွက်ကုန်များကို စာရင်းကောက်ယူခြင်း၊ Supply Chain အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားစေပြီး၊ Cold Storage Yard များ၊ ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်နိုင်သည့် နေရာများကို လိုအပ်သလို စီစဉ်ပေးရန်ဖြစ်ပါသည်။

ဟန်ချက်ညီညီ ဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ရွက်ရာ၌ မိမိတစ်ကိုယ်တည်း ဖွံ့ဖြိုးအောင် ဆောင်ရွက်မှုမျိုးထက် ဒေသတွင်း အပြန်အလှန်ကူညီမှု၊ နိုင်ငံတကာ၏ အားပေးမှုများသည် များစွာအရေးပါလှပေသည်။ ထိုသို့ ကွင်းဆက်မိမိ ချိတ်ဆက်ဆောင်ရွက်ရေးမှုသည် ခေတ်သစ်မျက်မှောက်ကမ္ဘာ့စီးပွားရေး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် အဓိကအရေးပါလျက်ရှိသည်ဖြစ်ရာ အချင်းချင်းချိတ်ဆက်၍ စီးပွားရေးဆက်စပ်ဆောင်ရွက်မှုမှသည် စက်မှုဇုန်စီမံချက်များဖြင့် ဟန်ချက်ညီညီ ကုန်သွယ်မှုမြှင့်တင်ရေး Trade Promotion ဖြင့် အမျိုးသားစီးပွားရေး အဆောက်အအုံ၏ ဖွံ့ဖြိုးမှုကို ရယူကြရန် ဖြစ်ပေသည်။



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သနိ္နရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# လမ်း ၃၀ ရဲ့ရာဇဝင်ထဲမှာ မုန်ရေးပန်းချီ

## ဆူးငှက်

***ယခင်အပတ်မှ အဆက်***

တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းများတွင် ခေတ်ကာလနောက်ခံနှင့် ပညာသင်ကျောင်းသားများ၏ စိတ်ဝင်စားမှုများကိုလည်း ပြန်လှန်စူးစမ်းကြည့်ရတာ စိတ်ဝင်စားစရာ ကောင်းလှသည်။ မန္တလေးဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း၊ ၁၉၇၉ထဲမှာလည်း စိုးထွေး (အညာဆေးတက္ကသိုလ်)၏ ဘာသာပြန်ဝတ္ထုတစ်ပုဒ်ကိုဖတ်ရသည်။ Yang Hsiao ၏ The Marking of a Peasent Doctor ကိုဘာသာပြန်ထားခြင်း ဖြစ်သည်။ ကျော်စွာထက်က 'ပန်းချီကားတစ်ချပ်၏ တရား'ဆိုသော ကဗျာကိုရေးဖွဲ့၏။

ကျွန်တော်သည် လမ်း၃၀ပေါ်က ဆေးတက္ကသိုလ်ကျောင်းတော်ကြီးရှေ့ကိုရောက်တိုင်း ထိုမဂ္ဂဇင်းလေးကို ပြန်လှန်သတိရကာ အိမ်ရောက်လျှင်ပြန်လှန်ဖတ်ကြည့်ပြီး လွမ်းဆွတ်နေမိသည်။ ရှားရှားပါးပါး သည်မဂ္ဂဇင်းစာအုပ်လေးကလည်း မန္တလေးဆေးတက္ကသိုလ် မြန်မာစာဌာနမှာ ဆရာမဖြစ်ခဲ့စဉ် စာရေးဆရာမ ညိုညိုတင်လှက လက်ဆောင်ပေးထားခဲ့ခြင်း ဖြစ်၏။

စာရေးဆရာ ကြည်ဇော်ဝင်း၊ စာရေးဆရာ ကိုရိုးကွန့်နှင့် ကာတွန်းဆရာ အော်ပီကျယ်တို့ မန္တလေးဆေးတက္ကသိုလ် အနီးမှာနေစဉ်က သူတို့သူတို့အိမ်များတွင် မန္တလေးဆေးတက္ကသိုလ်က စာရေးဆရာ၊ ဆရာမများ၊ စာပေဝါသနာရှင် ကျောင်းသားများကို တွေ့ဆုံသိကျွမ်းခွင့် ရခဲ့၏။ တလောကတော့ တူတော်မောင်တစ်ယောက်၏ သူငယ်ချင်း ဆေးတက္ကသိုလ်ကျောင်းသားလေး တစ်ယောက်နှင့် စကားစပ်မိသည်။ သူ့လက်ထဲမှာ မဂ္ဂဇင်းတစ်အုပ်က ဖတ်လက်စ...။

**အားနည်းသူကို ကူမခြင်းဆိုသော တရားများကား ယနေ့လူငယ်များ၏ အသိဉာဏ်တွင် ခေတ်နောက်ကျနေပြီလား။ ဗြဟ္မစိုရ် တရား၊ လောကပါလတရား၊ ကိုယ်ချင်းစာတရား။ ကျွန်တော်ကတော့ သူ့စိတ်မပါဘဲ ရင်းနှီးမှုအတိုင်းအတာ နီးကပ်မှုမရှိသေးခင်တွင် ကျွန်တော့်'မေးခွန်းမာ'ကြီးကို ပါးနပ်သော လူငယ်တစ်ယောက်၏ အဆင်ပြေစွာဖြေလိုက်သည့် 'အဖြေ' ဖြစ်ပါစေဟုပဲ ဆုတောင်းနေမိသည်။**

"နော်မန်ဗက်သွန်းကို အားကျသေးလား"

ဟုကျွန်တော်က မေးကြည့်မိသည်။ သူက မဂ္ဂဇင်းစာအုပ်ထဲက ဖတ်လက်စဆောင်းပါးကြား လက်ညှိုးညှပ်ကာ စားပွဲပေါ်တင်ရင်း-

"အင်း...ဘယ်လိုပြောရမလဲ။ အခုအချိန်မှာ နော်မန်ဗက်သွန်းကို သိပ်အားကျပါတယ်လို့ ဖြေရင်ခေတ်မီတော့မှာ မဟုတ်ဘူးဗျ။ အားမကျချင်ပါဘူးဗျာ။ ငွေအများကြီးလိုချင်တယ်လို့ဖြေမှ ဖြစ်မယ်ထင်တယ်"

ဟုချိုန်ချိုန်ဆဆဖြေ၏။

သူစိတ်ထဲရှိသည့်အတိုင်း ဖြေတာလား၊ စကားလှအောင် ချိန်ဆပြောသလားမသိ။ သို့သော်

ကိုယ်ကျိုးစွန့်ခြင်း၊

အနစ်နာခံခြင်း၊

အားနည်းသူကို ကူမခြင်းဆိုသော တရားများကား ယနေ့လူငယ်များ၏အသိဉာဏ်တွင် ခေတ်နောက်ကျနေပြီလား။ ဗြဟ္မစိုရ် တရား၊ လောကပါလတရား၊ ကိုယ်ချင်းစာတရား။ ကျွန်တော်ကတော့ သူ့စိတ်မပါဘဲ ရင်းနှီးမှုအတိုင်းအတာ နီးကပ်မှုမရှိသေးခင်တွင် ကျွန်တော့်'မေးခွန်းမာ'ကြီးကို ပါးနပ်သော လူငယ်တစ်ယောက်၏ အဆင်ပြေစွာ ဖြေလိုက်သည့် 'အဖြေ' ဖြစ်ပါစေဟုပဲ ဆုတောင်းနေမိသည်။

နောက်ထပ်တွေ့ဖူးသော ဆေးတက္ကသိုလ်ကျောင်းသားလေးတစ်ယောက်ကတော့ Study Guide လုပ်ရင်း ကျောင်းတက်သည်။ သူက ပညာကို အငမ်းမရလိုချင်သည်။ ပညာတွေအများကြီးရဖို့ လျှောက်ရမည့်လမ်းမှာ ကုန်ကျမည့် စရိတ်စကအတွက် အချိန်အားရတိုင်း ငွေရှာသည်။ ဒါကလည်း စိတ်ဝင်စားစရာ။ ကျောင်းတက်ရင်း လက်ဖက်ရည်ဆိုင်စုထောင်ပြီး အလှည့်ကျဆိုင် ထိုင်သူထိုင်၊ ပွဲရုံစုဖွင့်သူဖွင့်။ ထိုအလုပ်များကလည်း ကျောင်းစရိတ်အတွက်၊ ကျောင်းတက်ရင်းအပိုဝင်ငွေအတွက်ပဲ ဖြစ်ကြစေလိုသည်။ ရနိုင်ခဲ၊ သင်နိုင်ခဲသော မြင့်မြတ်သည့် ဆေးပညာရပ်ကို ငွေကြေးအမြတ်အစွန်းသာယာမှုကြောင့် ဥပေက္ခာပြုသွားမှာတော့ စိုးရိမ်မိ၏။

တလောဆီက မြေဈေးကွက်အလှုပ်အခတ်မှာ ပွဲစားဝင်လုပ်ပြီး ရက်ပိုင်းအတွင်း သိန်း ၂၀ လောက် ပိုက်မိသွားသော ဆရာဝန်လေးတစ်ယောက်ကသူ့လစာ၊ သူ့ G.P ဝင်ငွေကို ပွဲခနှင့် ချိန်ထိုးပြီး ခေါင်းယမ်းကာ စိတ်မဝင်စားဘဲ ဖြစ်နေချင်းမျိုးတော့ မဖြစ်စေချင်။ ပညာလောက် ဘာတန်ဖိုးရှိဦးမှာလဲ။ ပညာလောက် ကမ္ဘာပေါ်မှာ ဘယ်နေရာရောက်ရောက် လူရာဝင်မှာလဲ။ တံလျှပ်သည် တံလျှပ်သာဖြစ်၏။

လမ်း ၃၀ ဆေးတက္ကသိုလ်နှင့်တွဲပြီး လူသိများတာက လက်ဖက်ရည်ဆိုင်များပဲ ဖြစ်ပါသည်။

၇၄ လမ်းထောင့်က ဝင်းသီတာသည် ဂျူးတို့၊ စုထားတို့၊ ကျော်စွာထက်တို့ခေတ်ကတည်းက။ ထို့နောက် အေးစန်း၊ ထို့နောက် မင်းမင်း၊ ထို့နောက် မိုးသောက်ပန်း၊ ထို့နောက် ပတ္တမြား၊ ထို့နောက် လှိုင်းရာဇာ။

ဆေးတက္ကသိုလ်ထွက် စာရေးဆရာများ၏ ဝတ္ထုတိုများတွင် ဝင်းသီတာလက်ဖက်ရည်ဆိုင်က အမြဲပါ၏။



လမ်း ၃၀ ပေါ်က မန္တလေးဆေးတက္ကသိုလ်

တစ်ခါတစ်ရံ ဝင်းသီတာ လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း မျိုးဆက်သစ် ဆေးတက္ကသိုလ်စာရေးဆရာများကို မျှော်နေမိတော့သည်။။

ဩော်....။

လမ်း ၃၀ နားမှာ နာမည်ကြီးတာတစ်ခုက မြေပွဲစားတန်း ဖြစ်၏။ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား ၇၂ လမ်းဖြစ်သည်။ ဒါကလည်း မန္တလေးမှာ မြို့သစ်များ ဖော်ထုတ်ပြီး ဝန်ထမ်းတွေကို မြေနေရာချထားပေးပြီးနောက်ပိုင်းမှ ပေါ်ပေါက်လာသော ဈေးကွက်ဖြစ်ပါသည်။ ထိုနေရာတွင် မြေပွဲစားတန်း မပေါ်ပေါက်မီကတည်းက ပုဂံအလှကဖေးဆိုတာ ရှိခဲ့သည်။ လက်ဖက်ရည်ကောင်းလို့ လူစည်ခဲ့၏။ အိမ်ထောင်မကျမီကာလက ဟို... အနောက်ပြင်ကနေ ပုဂံအလှအထိလာကာ လက်ဖက်ရည်နှစ်ခွက်မှာသောက်တာ ညတိုင်းဖြစ်သည်။ ကောင်တာဆီ ငေးရီရင်းပေါ့။

နောက်တော့ ထိုနေရာက မြေပွဲစားတန်းဖြစ်သွားတော့ အလွှာစုံ မြေပုံကိုယ်စီ၊ စာချုပ်ကိုယ်စီ၊ မြေစလစ်ကိုယ်စီကိုင်ကာ အရောင်းအဝယ်လုပ်ကြတာ ခြေချင်းလိမ်မျှ။ လုပ်ငန်းအပေါ် ကျွမ်းကျင်မှုကလည်း လမ်းနံပါတ်ပြောလျှင် အကွက်နံပါတ် ဦးပိုင်နံပါတ်တန်းသိ၏။ အကွက်နံပါတ်၊ ဦးပိုင်နံပါတ်ပြောလျှင် ဘယ်နှစ်လမ်းနှင့် ဘယ်နှစ်လမ်းကြား ဘယ်နှစ်ကွက်ငုတ်ဆိုတာထိ ဒက်ခနဲပြောနိုင်၏။ ဤမျှထိ ကျွမ်းကျင်သောပွဲစားများဖြစ်၏။ လက်ဖက်ရည်ဆိုင် စားပွဲမှာလည်း အလုပ်ဖြစ်သည်။ မိုးတိုးမတ်တတ်နှင့်လည်း အရောင်းအဝယ်ဖြစ်သည်။

ဤသို့ဖြင့် ငွေသိန်းရာချီပိုက်သွားသူ၊ ငွေသိန်းရာချီတန် မြေကွက်စလစ်ကို ပိုက်မိပြီး ငွေသိန်းဆယ်ဂဏန်းပင် ပြန်မပေါ်သူ စသည်စသည်ဖြင့် မြေပွဲစားတန်း၏ ဇာတ်လမ်းအဖုံဖုံက ပြောမကုန်။

မနှစ်ဆီက မြေဈေးအလှုပ်မှာ ပွဲတော်မက တိုးမပေါက်အောင် စည်ကားခဲ့သည့် ပွဲစားတန်းဖြစ်၏။ ချက်ချင်းပင် အကျိုးဆောင်ရုံးခန်းကြီးတွေ အလျှိုအလျှိုပေါ်လာသည်။

အခုတော့ အေးဆေးငြိမ်သက်။ စံသူလည်းစံကြ၊ ခံသူလည်း ခံကြ။ အနည်ထိုင်သွားပြန်တော့။ သို့သော် နောက်တစ်ပွဲလာလေဦးမလား မျှော်လင့်ရင်း စောင့်စားသူက စောင့်စား။ လူ့ဘဝကြီးက သည်လိုပါပဲလေ။ မျှော်လင့်ခြင်းဖြင့်ပင် အသက်ရှင်နေကြရပြန်ပေါ့။

ယခင်က ဘူတာကြီးအရှေ့ခြမ်းဆိုသည်မှာ ဘာမှမရှိ။ အထူးသဖြင့် ဆေးရုံ၊ ဆေးတက္ကသိုလ်၊ ရုံးကြီးအပါအဝင် အစိုးရရုံးများ၊ ရဲအတတ်သင် သိပ္ပံကျောင်း စသည်တို့သာရှိ၍ မစည်ကား။ အထူးသဖြင့် ညရောက်လျှင် လမ်း ၃၀ အနောက်ခြမ်းမှာသာ ဆိုင်ကလေးများ၏ အလင်းရောင်ရှိပြီး ကျန်နေရာများ တိတ်ဆိတ်ငြိမ်သက်၏။

အခုနောက်ပိုင်းမှာတော့ မန္တလေး၏ အထင်ကရ လက်ဖက်ရည်ဆိုင်များကအစ စားပွဲရုံများ၊ ခေတ်ပေါ် အရောင်းအဝယ်လုပ်ငန်းများက ဘူတာကြီးအရှေ့ခြမ်းလမ်း ၃၀ တစ်ဝိုက်မှာ အများဆုံးမို့ လမ်း ၃၀ ညချမ်းသည် ရောင်စုံလှုပ်ခတ် စည်ကားနေတတ်၏။

နေ့ခင်းပိုင်းဆိုလျှင် နာမည်ကျော် မင်းသီဟကဖေးကလည်း လမ်း ၃၀ နှင့် မလှမ်းမကမ်းမှာမို့ နေ့စဉ်နေ့တိုင်း လေးပြင်လေးရပ်မှ ဘူတာကြီးအရှေ့ခြမ်းဆီ လမ်း ၃၀ မှ တစ်ဆင့် တဖွဲဖွဲဝင်ရောက်လာကြသည်။

ဟော... ဒီကနေ့ နံနက်မှာပဲ ကြားလိုက်ရတာက လမ်း ၃၀ ဘေး ၇၄ လမ်းပေါ်မှာ မန္တလေးက နာမည်ကျော် ယူနီစံကဖေးကလည်း လာရောက်ဖွင့်လှစ်လိုက်ပြန်၏။ ဒီဆိုင်က ယူနီစံ၏ တတိယမြောက်ဆိုင်ဖြစ်သည်။ သူက မန္တလေး တက္ကသိုလ်အနီးမှာ ပင်ရင်းဆိုင်ရှိသည်။ ထို့ကြောင့် ယခုဆိုင်က မန္တလေးဆေးတက္ကသိုလ်ပရိသတ်ကို ရည်ရွယ်တာ ဖြစ်မှာပေါ့။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## အစားထိုးသီးနှံစိုက်ပျိုးရေးမျိုးစေ့နှင့် ပျိုးပင်များပေးအပ်

**နမ့်စန် ဇွန် ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၌ တောင်သူများ အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် အစားထိုးသီးနှံ မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးမင်းကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းစောမြတို့က အစားထိုးသီးနှံ နယူးရော(၁)မျိုးစေ့၊ အစေ့ထုတ်ပြောင်းမျိုးစေ့၊ မက္ကဒေးမီးယားပျိုးပင်နှင့် ကော်ဖီပျိုးပင်များကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ အခြေခံပညာကျောင်းငါးကျောင်းကိုအဆင့်တိုးမြှင့်

**တွံတေး ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်း ငါးကျောင်းကိုအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အထက်တန်းကျောင်း(ခွဲ)သဝန်းတောကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့ပြီး မယ်ပြေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ အလယ်တန်းကျောင်း(ခွဲ) အရှေ့အရိုးတောင် ကျေးရွာကိုအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ အ.မ.က(မူလွန်)ကျောက်ပုန်းကျေးရွာကို အလယ်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) မြောက်သံကြိုးကို အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးနန်းဦးထံမှ သိရသည်။

**မျိုးလှိုင်(တွံတေး)**

# သရက်ခြံစိုက်တောင်သူများ ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်ကိုပိုမိုစိတ်ဝင်စား

**မန္တလေး ဇွန် ၁၃**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ခြံများ၌ သရက်သီးများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး ဈေးကွက်များအတွင်း တင်ပို့ရောင်းချလျက်ရှိရာ ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်တွင် ပိုမိုအားထားရကြောင်း သရက်ခြံစိုက် တောင်သူများထံမှ သိရသည်။

သရက်ခြံများရှိရာ နေရာများတွင် ထွက်ရှိသော သရက်သီးပမာဏမှာ ဒေသတွင်းစားသုံးနိုင်မှုထက် ပိုမိုများပြားနေ၍ ဒေသအသီးသီး ဈေးကွက်အသီးသီးသို့ တင်ပို့ ရောင်းချနေကြရာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်လည်း ရရှိပြီး တင်ပို့ရောင်းချလျက်ရှိသည်။



ပြည်တွင်းဈေးကွက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တင်ပို့ရောင်းချရခြင်းဖြစ်ပြီး ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံသို့ အမြောက်အမြားနှင့် အခြားသောနိုင်ငံများသို့ ဈေးကွက်အနည်းငယ် ရရှိထားသည်။ တရုတ်ဈေးကွက်မှာ ဝယ်ယူမှုများသော်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းသို့ သရက်သီးအဝင် အနည်းအများနှင့် ငွေလဲလှယ်နှုန်းပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများပြားလေ့ရှိကြောင်း အခြားပြည်ပတင်ပို့မှုမှာ ဈေးနှုန်းတည်ငြိမ်သော်လည်း တင်ပို့ရသည့် ပမာဏနည်းပါးသေးကြောင်း သိရသည်။

“ပြည်ပတင်ပို့တဲ့ သရက်သီးတွေက အရည်အသွေးမြင့်မားဖို့ လိုပါတယ်။ ပြည်တွင်းဈေးကွက်မှာတော့ အရည်အသွေးအလိုက် ထိုက်သင့်တဲ့ဈေးရတယ် ဈေးနှုန်းလည်းတည်ငြိမ်တယ်။ ဒါ့ကြောင့် သေချာတဲ့ ပြည်တွင်းဈေးကွက်ကိုပဲ စိတ်ဝင်စားတယ်”ဟု တံတားဦးမြို့နယ်မှ သရက်စိုက်တောင်သူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကျောက်ဆည်၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ အမရပူရ၊ တံတားဦးနှင့် မတ္တရာမြို့နယ်များတွင် သရက်ခြံအများအပြားရှိပြီး ကျန်မြို့နယ်များတွင် အနည်းငယ်စီစိုက်ပျိုးကြကြောင်း တွေ့ရသည်။ ဒေသထွက် သရက်မျိုးပေါင်းတစ်ရာခန့်ရှိကာ စိန်တစ်လုံး ရွှေဟင်္သာ၊ ပတ္တမြားငမောက်နှင့် ရင်ကွဲ သရက်မျိုးများမှာ ထင်ရှားပြီး ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# အများပြည်သူသွားလာသောလမ်းပေါ်၌ ဈေးဆိုင်ခန်းဆောက်လုပ်နေမှုအား ဖယ်ရှားပေးစေလို

**ရန်ကုန် ဇွန် ၁၃**
ရန်ကုန်မြောက်ပိုင်းခရိုင်လှိုင်သာယာမြို့နယ်၌ အဆောက်နေထိုင်စရိတ်မြင့်တက်ခြင်း၊ အဆောင်ဆောက်လုပ်ငှားရမ်းသူများပြားလာခြင်းနှင့် လမ်းရေမြောင်းများပေါ်တွင်ဈေးဆိုင်၊ အဆောင်ဆောက်လုပ်မှုတို့များပြားလာလျက်ရှိသည်။ **(အောက်ပုံ)**

ဇွန် ၁၁ ရက်ကလည်း အမှတ် (၂၀) ရပ်ကွက်ဖိုလ်မိုးကြိုးလမ်းနှင့် ဝေပုလ္လလမ်းထောင့်၌ အများပြည်သူသွားလာသည့် လမ်းပေါ်တွင်ဈေးဆိုင်ခန်းများ ဆောက်လုပ်လျက်ရှိရာ ရပ်ကွက်နေပြည်သူတို့မှ အဆိုပါ ဈေးဆိုင်တန်းအား အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေး အခက်အခဲရှိနေသည့်အတွက် ရှင်းလင်းဖယ်ရှားပေးရန် လိုလားနေကြောင်း သိရသည်။

“ကျွန်တော်တို့ပြောလည်း ဂရုမစိုက်ဘူး ဖြစ်နေတယ်။ စည်ပင်မြောင်းပေါ်နဲ့ လူသွားလမ်းပေါ်မှာ ဈေးဆိုင်တန်းဆောက်တာဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းအရ တင်ပြအကြောင်းကြားတယ်။ လာပြီးရှင်းလင်းဆောင်ရွက်ရမှာက စည်ပင်ရဲ့တာဝန်ပဲ။ အားလုံးပူးပေါင်းလုပ်ဆောင်မှ မြောင်းကျူး၊ လမ်းကျူးတွေကင်းရှင်းသွားမှာပါ”ဟု အမှတ်(၂၀)ရပ်ကွက်အုပ်ချုပ်ရေးရုံးမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။



အမှတ်(၂၀)ရပ်ကွက် ဝေပုလ္လလမ်းမကြီးသည် အနောက်ပိုင်းတက္ကသိုလ်သို့ သွားသော အနော်ရထာလမ်းမကြီးနှင့် ထိစပ်လျက်ရှိပြီး အမှတ်(၈)အထက်တန်းကျောင်းနှင့် ကပ်လျက်ရှိကာ နံနက်ညနေကျောင်းသူကျောင်းသားများ ဖြတ်သန်းသွားလာသော လမ်းမကြီးဖြစ်ရာ ဈေးဆိုင်ငှားရမ်းရန် ဆောက်လုပ်နေသော ဆိုင်ခန်းကိုးခန်းကို ရှင်းလင်းဖယ်ရှားပေးရန် လမ်းသူလမ်းသားများက လိုလားနေခြင်းပင် ဖြစ်သည်။ “သူများဆောက်လို့ကျွန်မတို့လည်း ဆောက်တာ။ ဖျက်ခိုင်းရင်လည်း ဖျက်ပေးဖို့ အဆင်သင့်ပဲ”ဟု ထိုလမ်းထောင့်ရှိလမ်းပေါ်၌ ဆိုင်ခန်းဆောက်လုပ်နေသော ပိုင်ရှင်အမျိုးသမီးကြီးက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

# သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များရှင်းလင်း

**အင်းတော် ဇွန် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မြို့နယ်အဆင့်သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကသာခရိုင် ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများက သန်းကောင်စာရင်း နောက်ခံသမိုင်းအကြောင်းအရာများ၊ သန်းခေါင်စာရင်းအဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ၂၀၁၄ ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအစီရင်ခံစာအပေါ် ဇွန် ၁၃ ရက်ထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ အဆင့်မြှင့်တင်

**သီပေါ ဇွန် ၁၃**
သီပေါမြို့နယ် စည်ပင်သာယာရေးဌာန၏ အမှိုက်သိမ်းဆော်သြမှုသည် ယခင်က ခေါင်းလောင်းတီးပြီး အမှိုက်ကားဟု နှိုးဆော်သော်လည်း ယခုအခါ အမှိုက်သိမ်းယာဉ်မှ တေးသံသာဖွင့်ကာ မြို့တွင်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို အစားထိုး ပြောင်းလဲခဲ့ကြောင်း သိရသည်။ ယခုလို မိုးတွင်းကာလ၌ ဖြစ်ပွားတတ်သော ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်သည့် အနေဖြင့်လည်းကောင်း၊ မြို့နေပြည်သူများသန့်ရှင်းသာယာလှပရေးနှင့် စိတ်ချမ်းသာရမည်ဟူသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ပြောကြားသည်။

“အရင်က အမှိုက်ကားလာရင် မသိလိုက်တာများတယ်။ အခုတော့ တေးသံသာဖွင့်ပြီး အမှိုက်သိမ်းယာဉ်လာနေတော့ ထူးခြားမှုတစ်ခုပါပဲ။ ပြည်သူတွေဘက်ကလည်း စည်းကမ်းရှိရှိနဲ့ အမှိုက်ပစ်စေချင်ပါတယ်” ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။
**စိုင်း(သီပေါ)**

# စံချိန်စံညွှန်းမပြည့်သည့် စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**ဂန့်ဂေါ ဇွန် ၁၃**
ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့၌ ထုတ်ကုန်လုံခြုံစိတ်ချမှု၊ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသည့် စားသောက်ကုန်များကို ဂန့်ဂေါမြို့၏ ပြင်ပတစ်နေရာတွင် မီးရှို့ဖျက်ဆီးမှုကို ဇွန် ၉ ရက်က ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးပြုလုပ်ခဲ့သည်။

မီးရှို့သည့် စားသောက်ကုန်များမှာ ဂန့်ဂေါမြို့ဈေးအနီးတစ်ဝိုက်ရှိ ကုန်စုံဆိုင် ငါးဆိုင်ခန့်ကို ရှောင်တခင်ဝင်ရောက်စစ်ဆေး၍ သက်တမ်းကုန်အစားအသောက်များကို သိမ်းဆည်းပြီး ပြည်သူများအသိပညာရရှိစေရန် ရှင်းလင်းကာ မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။ **(၁၀၁)**

# နွားထိုးကြီး သရက်မန်းဈေးကွက်ဝင်

**နွားထိုးကြီး ဇွန် ၁၃**
နွားထိုးကြီးမြို့နယ်ထွက် သရက်ချော၊ သရက်ကြမ်းများမှာ မိုးစောကျ၍ အသီးအထွက်နည်းသော်လည်း ဈေးကောင်းရနေ၍ သရက်ပွဲစားတို့ အဆင်ပြေနေကြကြောင်း အမှတ်(၆)ရက်ကွက်မှ သရက်ပွဲစားတို့ထံမှ သိရသည်။

သရက်တစ်ခြံ အပင် ၃၀၊ ၄၀ ကို ယခင်နှစ်ကထက် ဈေးပိုပေးရသော်လည်း သရက်ဈေးကွက်ကြောင့် စိန်တစ်လုံးသရက်မှာ တရုတ်ဈေးကွက်ထိ တင်ပို့ခဲ့သည်။

နွားထိုးကြီး သရက်သီးမှာ ဈေးရသလောက် သရက်အထွက်နည်းခဲ့သည်။ အချို့ခြံပိုင်ရှင်တို့က သရက်ပွဲစားမအပ်ဘဲ ကိုယ်တိုင်ဈေးကွက်တင်၍ သရက်ဈေးမြှင့် တင်ခဲ့သည်။ပွဲစားတို့ကလည်း မြို့နယ်မခြား သရက်ခြံရှိသမျှကြိုတင်ဝယ်ယူ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ရှိခဲ့၍ သရက်ခြံပိုင်ရှင်များအဆင်ပြေခဲ့သည်။
**ငွေးမြင့်မောင်**

# ကမ်းနားလမ်းတစ်လျှောက်လိုင်စင်ရှိသော အနေးယာဉ်များသွားလာ၍ရ

**ရန်ကုန် ဇွန် ၁၃**
ကမ်းနားလမ်းတစ်လျှောက်အနေးယာဉ်များသွားလာရာတွင် လသာမြို့နယ်အတွင်း အရေးယူခြင်းရှိနေသည်ဆိုသောသတင်းအရ လမ်းမတော်မြို့နယ်မှအနေးယာဉ်များ လသာနယ်မြေကိုဖြတ်၍ ကမ်းနားလမ်းပေါ်မသွားကြသဖြင့် အနေးယာဉ်စီးသူများ နေ့ပိုင်းတွင် အခက်ကြုံတွေ့ရသည်ဟု လမ်းမတော်မြို့နယ်၁၀ လမ်းနေကိုဝင်းလှိုင်က ပြောသည်။

ဇွန်၈ ရက်က လသာမြို့နယ်ကမ်းနားလမ်းပေါ်ခရီးသည်ပို့အပြီး လမ်းမတော်ဘက်သို့ပြန်လာစဉ် ၁၈ လမ်းထိပ်အရောက်အနေးယာဉ်တစ်စင်းကို လသာမြို့နယ်စည်ပင်အဖွဲ့မှ ရပ်တန့်ခိုင်းကာ အရေးယူခဲ့သည်။

လိုင်စင်မဲ့မဟုတ်ဘဲတရားဝင်လိုင်စင်အပြည့်အစုံရှိကြောင်း ဖြေရှင်းပြီး တရားဝင်လိုင်စင်ဖြစ်ကြောင်း အမှတ်အသားများနှင့် လိုင်စင်များထုတ်ပြသော်လည်း မရဘဲရုံးသို့အထောက်အထားအစုံအလင်ယူလာပြရန် ပြောဆိုပြီး အနေးယာဉ်ထားခဲ့ရသည်ဟု လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ခုနစ်လမ်းထောင့်ဆိုက်ကားဂိတ်မှ အနေးယာဉ်နင်းသူ ကိုကျော်စွာက ပြောသည်။

တရားဝင်လိုင်စင်မှန်ကန်၍ ဇွန် ၉ ရက်တွင် အနေးယာဉ်ပြန်ရလာသည်။ အနေးယာဉ်လုပ်သားအများစုပြောနေသကဲ့သို့ လသာစသောအနေးယာဉ်မဝင်ရနယ်များအတွင်း ကမ်းနားလမ်းမပေါ် အနေးယာဉ်ဆိုက်ကားများသွားလာရာတွင်အရေးယူနေခြင်းမှာအနေးယာဉ်ဆိုက်ကားသွားလာ၍မဟုတ်ဘဲလိုင်စင်အမှန်ရှိမရှိသိရှိရန်စစ်ဆေးခြင်းသာဖြစ်သည်ဟု သိရသည်။

ယခုအခါကမ်းနားလမ်းဟောင်းပေါ် အနေးယာဉ်များကို အရေးယူခြင်းများသော လသာမြို့နယ်အပိုင် ကမ်းနားလမ်းပေါ်တရားဝင်အမှန်ဆိုက်ကားဖြစ်၍ ခရီးသည်များပို့ဆောင်ပေးနိုင်လာပြီဟုကိုကျော်စွာ၊ ကိုသိန်းထိုက်၊ ဦးထွန်းရီ စသည့် လမ်းမတော်မြို့နယ်အနော်ရထာလမ်းသုံး နှင့် လေးရပ်ကွက်အတွင်းဂိတ်များတွင်ဆိုက်ကားနင်းနေသူများက ပြောပြသည်။

အနေးယာဉ်ဖြစ်သော တွန်းလှည်းများသည် တရားဝင်လိုင်စင်ထုတ်ပေးထားခြင်းမရှိ၍ အရေးယူရာတွင် လသာမြို့နယ်အတွင်း လှည်းအသိမ်းခံရခြင်းအများဆုံးဖြစ်သည်ဟု ကမ်းနားလမ်းနှင့် မဟာဗန္ဓုလလမ်းပေါ် လှည်းအသုံးပြုလုပ်ငန်းလုပ်ကိုင်နေသူများက ပြောသည်။



သို့သော် ကမ်းနားလမ်းညဈေးတန်းသုံး တွန်းလှည်းမျိုးစုံမှာ လိုင်စင်မရှိသော်လည်း အရေးယူ လှည်းသိမ်းခံရခြင်းမျိုး မရှိသည်ကို မြင်တွေ့ရသည်”ဟု လသာ တစ်ရပ်ကွက် ၁၇ လမ်းနေ လုပ်ငန်းရှင် ဦးမြင့်သောင်း က ပြောသည်။
**ခင်ဆိုင်**

# အမ်တီဗွီတစ်ပုဒ်အတွက် ကျပ်သိန်း ၆၀ ကျော် အကုန်အကျခံရိုက်ကူးခဲ့သည့် တေးသံရှင်ပိုပို

ကိုလင်း



သီချင်းများကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆိုတတ်သည့် ဂီတလောကတွင် ကိုယ်ပိုင်ဖန်တီးမှုဖြင့် နာမည်ကျော်ကြားလာခဲ့သည့် တေးသံရှင် ပိုပို တစ်ယောက် နောက်ဆုံးထွက်ရှိမည့် တေးစီးရီးအတွက် ပြင်ဆင်နေပြီဖြစ်သည်။

**မေး ။ နောက်ထွက်မယ့် အခွေအကြောင်းလေး ပြောပြပေးပါဦး။**

ဖြေ ။ နောက်ထပ်စီးရီးအတွက် ပြင်ဆင်နေတဲ့ကာလမို့ သီချင်းလိုက်ဆိုတာမျိုး မရှိသလောက်ဘဲ။ ကျွန်မကသီချင်းတစ်ခွေလုပ်တော့မယ်ဆိုရင် အဲဒီအခွေအတွက် အာရုံကို လုံးဝစိုက်ထားတယ်။ ကျန်တာတွေအားလုံး မလုပ်ဖြစ်ဘူး။ သီချင်းတွေ ကိုယ်တိုင်ရေးတယ်။ တေးရေးဆရာတွေနဲ့လည်း တိုင်ပင်ပြီး လုပ်နေတာရှိတယ်။ ပထမထွက်တဲ့ ပုံစံနဲ့ကွဲပြားအောင် သီချင်းရွေးရတယ်။ တစ်ခွေတည်းပေါက်ပြီး နာမည်ပျောက်သွားမှာမျိုး မဖြစ်ချင်ဘူး။ လက်ရှိမှာ Audio CD အရင်ထွက်ဖို့ ရှိပါတယ်။ MTV ကိုတော့ ၁၀ လပိုင်းလောက်မှာ ထွက်ဖို့လုပ်နေတယ်။ အခွေကို Master Piece လို့ အမည်ပေးထားတယ်။ သီချင်းအမျိုးအစားကတော့ အစုံပဲ။ Gothic၊ punk၊ Jazz ၊ Rock၊ Modern၊ Pop အစုံပဲ။ အားလုံး ၁၀ ပုဒ်လောက်ပါမယ်။ တေးရေးတွေက ကိုကျားပေါက်၊ ကိုဆောင်းဦးလှိုင်၊ ကိုညီမင်းခိုင်၊ ကိုအဒီနိုနဲ့ ကျွန်မကိုယ်တိုင်ရေးထားတဲ့သီချင်းတွေပါ။ Featuring ကို ကို R ဇာနည်၊ ကိုဟဲလေး၊ ကိုရွှေထူး၊ မနီနီခင်ဇော်နဲ့ ငဲငယ်လေးတို့က ပါဝင်သီဆိုပေးထားပါတယ်။ အားလုံးက ကိုယ်ပိုင်သံစဉ် တွေဖြစ်ပါတယ်။ The Sun Music ကနေ ဖြန့်သွားဖို့ရှိပါတယ်။

**မေး ။ သီချင်းဖန်တီးတဲ့အခါ စိတ်ကူးယဉ်ဆန်တာနဲ့ လက်တွေ့ခံစားတာမျိုး ခွဲခြားပြီး ရေးပါသလား။**

ဖြေ ။ ဖန်တီးရေးသားတာတော့ ပိုများတယ်ရှင့်။ စိတ်ကူးယဉ်ဆန်တယ်ပဲ ပြောရမှာပေါ့။ ဘာလို့လဲဆိုတော့ ဒီအခွေမှာ ကိုရွှေထူးနဲ့ဆိုထားတဲ့ သီချင်းဆိုရင် စိတ်ကူးယဉ်ဆန်ပြီး ရေးသားထားတာ။ ကိုယ်ချစ်ရတဲ့ ကောင်လေးကို သတ်ပြီး နောက်ဆုံး ရေခဲသေတ္တာထဲထည့်ထားတယ်။ ချစ်ခြင်းကို မခံစားနိုင်တဲ့အခါတိုင်း သူ့အလောင်းကို ထုတ်ထုတ်ကြည့်တဲ့ ပုံစံမျိုး ဖန်တီးထားတာပါ။ အဲလိုလည်း ရိုက်ကူးထားတယ်။ အချစ်သီချင်းတွေမှာ အများစုကတော့ စိတ်ကူးယဉ်ပြီး ရေးကြတာများပါတယ်။ အချို့သီချင်းတွေမှာတော့ ဘဝနဲ့ခံစားချက်တွေကို ပေါ်လွင်အောင် ခံစားပြီးရေးတယ်။

> **MTV အတွက်က ကြိုရိုက်ထားတာတွေလည်း ရှိပါတယ်။ သရုပ်ဆောင်ပိုင်း အခက်အခဲရှိတယ်။ သရုပ်ဆောင်တွေမှာ ကိုနေတိုးတို့၊ မဝတ်မှုန်ရွှေရည်တို့၊ ကိုအောင်လေးတို့နဲ့ ရိုက်တာဆိုတော့ အားတဲ့အချိန်လေးတွေကို ကြိုရိုက်ထားကြရပါတယ်။ သီချင်းလေးတစ်ပုဒ်ကို ငွေကျပ် သိန်း ၆၀ ကျော် ကုန်ပါတယ်။ အဲဒီသီချင်းလေးက ကျွန်မကိုယ်တိုင်ရေးတဲ့ သီချင်းပါ။**

**မေး ။ Story ဖန်တီးပြီး MTV ရိုက်တာဆိုတော့ အခွေအတွက် ဘယ်လို Attraction ဖြစ်ဖို့ ကြိုးပမ်းထားလဲ။**

ဖြေ ။ MTV အတွက်က ကြိုရိုက်ထားတာတွေလည်း ရှိပါတယ်။ သရုပ်ဆောင်ပိုင်း အခက်အခဲရှိတယ်။ သရုပ်ဆောင်တွေမှာ ကိုနေတိုးတို့၊ မဝတ်မှုန်ရွှေရည်တို့၊ ကိုအောင်လေးတို့နဲ့ ရိုက်တာဆိုတော့ အားတဲ့အချိန်လေးတွေကို ကြိုရိုက်ထားကြရပါတယ်။ သီချင်းလေးတစ်ပုဒ်ကို ငွေကျပ် သိန်း ၆၀ ကျော် ကုန်ပါတယ်။ အဲဒီသီချင်းလေးက ကျွန်မကိုယ်တိုင်ရေးတဲ့ သီချင်းပါ။ သရုပ်ဆောင်တွေကတော့ နေတိုး၊ အောင်လေး၊ ဒေါင်း၊ ကျော်ထူး၊ ဇေယျတို့ ပါပါတယ်။ ထပ်လည်းထပ်ဖြစ်ဦးမယ်။ ဒါရိုက်တာတွေအနေနဲ့ကတော့ အောင်မြတ်၊ ပိုပို၊ ဇေယျ၊ သီဟ၊ ကိုဇော်ကြီးတို့ တွေ့ရိုက်ကြမှာပါ။ ပုံမှန်တွေ့နေကြမဟုတ်တဲ့ သရုပ်ဆောင်မှုတွေကို မြင်ရမှာပါ။ ပထမအခွေနဲ့တော့ အများကြီး ကွဲပြားပါလိမ့်မယ်ရှင့်။

**မေး ။ အခြားအနုပညာလှုပ်ရှားမှုရော လုပ်သေးလား။**

ဖြေ ။ ကျွန်မရေးတဲ့ ကဗျာလေးတွေ၊ အခြား ကဗျာဆရာတွေရဲ့ကဗျာလေးတွေကိုစုပြီး အပုဒ်ရေ ၂၀ လောက်ပါမယ့် ကဗျာစာအုပ်လေးတစ်အုပ် ထွက်ဖို့ရှိပါတယ်။ အနုပညာရှင်တွေရေးတဲ့ ကဗျာလေးတွေလည်း ထည့်ဖို့စိတ်ကူးထားတယ်။ ကိုနေတိုး၊ ကိုခန့်စည်သူ၊ ဒါရိုက်တာ ဩရသ၊ ကျော်ကျော်၊ လေးနက်၊ မစိုးမြတ်သူဇာ၊ Y-ZET တို့ရဲ့ ကဗျာလေးတွေပါမယ်။ ကဗျာနဲ့ စီးရီးခွေက တွဲထုတ်ဖြစ်မယ်ထင်တယ်။ ကဗျာစာအုပ်ကိုတော့ စိတ်ကူးချိုချိုက ဖြန့်မှာပါ။ တစ်အုပ်ကို ငွေကျပ် ၃၀၀၀ သတ်မှတ်ထားတယ်။ ဇူလိုင် ၇ ရက်နေ့ ထွက်ဖို့တော့ အကြမ်းဖျင်းလျာထားပါတယ်။ ။

## မိဘမဲ့ တိုင်းရင်းသားကလေးငယ် ၂၀၀ ကျော် အတွက် မွေးနေ့အလှူပြုလုပ်ခဲ့သည့် မော်ဒယ် မြကြာညို

အနုပညာလောကထဲကို မော်ဒယ်တစ်ယောက် အနေဖြင့် အခြေချလုပ်ကိုင်ရင်း နှလုံးသားရဲ့ သဘောထားအမည်ရှိ တစ်ကိုယ်တော်ခွေ ထွက်ရှိခဲ့ပြီးတဲ့နောက်မှာ အတွဲခွေများစွာတွင်လည်း ပါဝင်သီဆိုခဲ့သူတစ်ယောက်ဖြစ်သည့် မြကြာညိုက မွေးနေ့အထိမ်းအမှတ် အလှူဒါနများ ပြုလုပ်ခဲ့သည်။

"ဟိုအရင်ကတည်းက ညီမ ပရဟိတအလုပ်တွေလုပ်ခဲ့တာပါ၊ ဒီမော်ဒယ်လောကထဲကို မဝင်ခင်ကတည်းကလို့ပြောလို့ရပါတယ်၊ ညီမ မိဘတွေကလည်း ဘာသာတရားနဲ့ ပရဟိတလုပ်ငန်းတွေကို စိတ်ဝင်စားလာအောင် ငယ်ငယ်ကတည်းက ရိုက်သွင်းပေးခဲ့တဲ့ စရိုက်လက္ခဏာလေး တစ်ခုပေါ့နော်၊ မေမေကလည်း ဆရာမဆိုတော့ မေမေရဲ့ အမြဲလိုလို ဆုံးမစကားတွေ နားထဲမှာ နားရည်ဝနေတာလည်းပါပါတယ်၊ မွေးနေ့ရောက်တိုင်း လှူတာမဟုတ်ပါဘူး။ ဘယ်နေရာရောက်ရောက်၊ ဘယ်သူဒုက္ခရောက်ရောက်၊ ညီမအမြဲ ကူညီပါတယ်"ဟု မြကြာညိုက ပြောသည်။

မွေးနေ့ ဇွန် ၁၀ရက်တွင် ရန်ကုန်တိုင်း ဒေသကြီး ရွာသာကြီးမြို့နယ် တောင်ဒဂုံရှိ ဓမ္မစေတီလမ်းတွင် ဖွင့်လှစ်ထားသည့် မေတ္တာရောင်ခြည် တိုင်းရင်းသားမိဘမဲ့ကလေးငယ်များ စောင့်ရှောက်ရေး စာသင်တိုက်တွင် နေထိုင်ကြသည့် ကလေးငယ် ၂၀၀ ကျော်အတွက် အလှူငွေများနှင့် နေ့လယ်စာများကို ဒါနပြုလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ကိုလင်း



## မေတ္တာသင်္ဂဟအဖွဲ့မှ ခန့်စည်သူ၏ မွေးနေ့အလှူကျင်းပ

ကိုလင်း

မေတ္တာသင်္ဂဟအဖွဲ့၏ လူသားအချင်းချင်း ကိုးကွယ်ယုံကြည်ရာ ဘာသာ လူမျိုးမခွဲခြားဘဲ စာနာ သနားပေးကမ်း ထောက်ပံ့ခြင်း သင်္ဂဟတရား၊ မေတ္တာတရားနှင့်အလှူ လှူဒါန်းခြင်းကို လစဉ်လှူဒါန်းလာခဲ့ရာ ဇွန်လအတွက် အလှူကို ဓမ္မဝိဟာရပထမကျော်စာသင်တိုက်တွင် ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါအလှူတွင် ဆင်းရဲနွမ်းပါး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကလေးများအတွက် ပညာသင်စရိတ် ကျောင်းဝတ်စုံနှင့် ကျောင်းသင်ထောက်ကူပစ္စည်းများ၊ ကိုနေဝင်း၏ ကျန်ရစ်သူမိသားစုအတွက် အလှူငွေကျပ် သိန်း ၄၀၊ ဦးကိုနီ၏ ကျန်ရစ်သူမိသားစုအတွက် ငွေကျပ် ၁၀ သိန်း၊ Y-8 တပ်မတော်လေယာဉ်ပျက်ကြရာတွင် ပါဝင်သည့် ကျန်ရစ်သူမိသားစုအတွက် အလှူငွေ ကျပ် ၁၀ သိန်းတို့ကို လှူဒါန်းခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာရည်ချွန် ကလေးများအား ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

## လူငယ်ဆန်တဲ့သီချင်းတွေ မဆိုတော့ဘူးဆိုတဲ့ ကြက်ဖ

ကိုလင်း



ဂီတသက်တမ်း ၁၅ နှစ် ပြည့်ပြီးဖြစ်သည့် ဟစ်ပေါပ့်ဂီတလောက၌ နာမည်ရ အောင်မြင်ကျော်ကြားခဲ့သူ ကြက်ဖတစ်ယောက် ဂီတအလုပ်တွေအပြင် သရုပ်ဆောင်ပိုင်းကိုပါ လုပ်ကိုင်လာကြောင်း သိရသည်။

သူ့အနေဖြင့် ယခုလ ၁၄ ရက်နေ့ (ဗုဒ္ဓဟူး) တွင် mntv Channel ကနေ ထုတ်လွှင့်သွားမည့် တစ်၊ နှစ်၊ သုံး ရုပ်ရှင်ထုတ်လုပ်ရေးကနေ ထုတ်လုပ်ရိုက်ကူးပြီး သားစိုး၊ ညီထွဋ်ခေါင်၊ ဆုမြတ်နိုးဦးတို့နှင့်အတူ "ဂျော်နီငပိနဲ့ တော်ကီချက်ကြီး"ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဇာတ်ကားရိုက်တာကတော့ ကျွန်တော်ဒါနဲ့ဆို နှစ်ကားရှိပါပြီ "အော်ဒီဂျင်နယ် ဂိုဏ်းစတား" ဇာတ်ကားရယ်၊ အခုကားရယ် ရိုက်ခဲ့ပါတယ်။ နောက်ထပ်လည်းရိုက်ဖို့ ပြင်ဆင်နေပါတယ်။ ကျွန်တော့်ကို သီချင်းတွေ မဆိုတော့ဘူးလားလို့ မေးကြတယ်၊ ကျွန်တော် ဖန်တီးဖို့အတွက် စဉ်းစားထားပါတယ်၊ ဆိုဖြစ်ရင်တော့ လူငယ်ဆန်တာတွေ မဆိုတော့ဘူးလို့ စဉ်းစားထားတယ် ဘာလို့လဲဆို၊ ကျွန်တော်တို့ အရင်ကဆို လူငယ်ပီပီ စိတ်ထဲရှိသမျှ အကုန်ပေါက်ကွဲခဲ့တယ်၊ ပေါက်ကွဲတဲ့ သီချင်းတွေဆိုတာများတော့ အခုအချိန် အဲ့ဒါကို ပြန်ကြည့်၊ အလိုလို စိတ်ပျက်တာတော့မှန်တယ်" ဟု ပြောသည် ။

အဆိုတော်ကြက်ဖက ယနေ့ခေတ် ဟစ်ပေါပ့်ဂီတလောကနှင့် ယနေ့ခေတ်ဂီတ အပေါ် အမြင်ကို "ကျွန်တော်တို့ အရင်က ဂီတ ဈေးကွက်နဲ့ အခုဈေးကွက်ကလည်းလုံးဝအဆင်မပြေဘူး၊ စိတ်ချလို့မရတဲ့ အနေအထားတစ်ခုမှာ တခြားလုပ်ငန်းဘက်ကို ကျွန်တော်တို့ ရွှေ့ရတယ်၊ သူငယ်ချင်းတွေထဲမှာ အိမ်ထောင်ပြုသွားတဲ့သူတွေ၊ မိသားစုရဲ့စီးပွားရေးတွေကို ပြန်ကြည့်ရတဲ့အခါကြောင့် ကျွန်တော်တို့တွေ၊ ပြန်မဆုံနိုင်ဘူး။ ထပ်ပြီး၊ အချိန်ပေးပြီး မဖန်တီးနိုင်တော့ဘူးဖြစ်နေတယ်၊ နောက်ထပ်ဖန်တီးဖို့ ဆိုကြိုးစားရဦးမယ်၊ လေ့လာရဦးမယ်လို့ ကျွန်တော်ထင်ပါတယ်၊ ဒီဘက်ခေတ်ကတော့ အခွေ ထွက်တာတွေများတယ်။ ဒါပေမယ့် ခဏပဲ အရှိန်သတ်သွားတယ်၊ ထပ်မံမဖန်တီးနိုင်ကြတော့ဘူး။ ဘာလို့လဲဆို လုပ်ချင်စိတ်တွေ နည်းလာတယ်၊ ဒါပေမယ့် နောက်ထပ် ချီတက်လာတဲ့ လူငယ်တွေရှိတယ်၊ သူတို့နဲ့တွဲပြီး ကျွန်တော် ဂီတတွေ ဖန်တီးဖို့တော့ လုပ်နိုင်စွမ်း ပျောက်သွားဖူးတယ်။ အဲ့ဒါဘာလဲဆို ခေတ်ရဲ့လှည့်ကွက်တွေကြောင့်ရယ်၊ဂီတဈေးကွက်ကြောင့်ရယ်၊ ကျွန်တော် စိတ်ပျက်သွားတာပါ" ဟု ကြက်ဖက သုံးသပ်ပြောကြားခဲ့သည်။

> **နောက်ထပ် ချီတက်လာတဲ့ လူငယ်တွေရှိတယ်၊ သူတို့နဲ့တွဲပြီး ကျွန်တော် ဂီတတွေ ဖန်တီးဖို့တော့ လုပ်နိုင်စွမ်း ပျောက်သွားဖူးတယ်။ အဲ့ဒါဘာလဲဆို ခေတ်ရဲ့ လှည့်ကွက်တွေကြောင့်ရယ် ဂီတဈေးကွက်ကြောင့်ရယ် ကျွန်တော် စိတ်ပျက်သွားတာပါ**



# မန္တလေးတွင် ကျင်းပမည့် ဂီတဗေဒ လက်မှတ်ရေးထိုးပွဲ ဖျက်သိမ်းလိုက်တဲ့ လွှမ်းပိုင်

ဝေလင်း

ဇွန် ၂၅ ရက် မန္တလေးမြို့တွင် ပြုလုပ်မည့် လွှမ်းပိုင်၏ ဂီတဗေဒ အခွေသစ် လက်မှတ်ရေးထိုးပွဲအား လုံခြုံရေး အခြေအနေကြောင့် မပြုလုပ်ဖြစ်တော့ကြောင်း သိရသည်။

"မန္တလေးပရိသတ်ကြီးကို သီးသန့်တွေ့ဆုံ သွားမှာပါ။ လက်မှတ်ရေးထိုးပွဲတွေမှာ ရန်ပွဲတွေ အလွန်ဖြစ်တတ်တော့ လုံခြုံရေးမနိုင်မှာကို စိုးတယ်။ ပွဲမှာက လူကြီးရော၊ လူငယ်တွေရော အကုန်လာကြမှာ။ ရန်ပွဲတွေဘာတွေဖြစ်ပြီး အန္တရာယ်ရှိတာမျိုး၊ ကလေးတွေကို မိဘတွေ စိတ်ပူ နေရမှာမျိုးမဖြစ်စေချင်ဘူး။ ကျွန်တော်တို့ အနုပညာရှင်တွေကြောင့် သူများတွေအဆင်မပြေတာ၊ ထိခိုက်တာမျိုး မဖြစ်စေချင်ဘဲ စိတ်ချမ်းသာတာ၊ ပျော်တာကိုပဲ မြင်ချင်တာကြောင့် လက်မှတ်ထိုးပွဲကို ဖျက်သိမ်းလိုက်တာပါ" ဟု တေးသံရှင် လွှမ်းပိုင်က ဆိုသည်။

လွှမ်းပိုင်အနေနဲ့ ဂီတအလုပ်တွေကို ဆက်တိုက်လုပ်သွားဖို့ပြင်ဆင်ထားပြီး ပုံစံမတူသည့် ဂီတများကို ဖန်တီးဖြစ်လျက်ရှိသည်။ သူ၏ နောက်ဆုံးထွက်ရှိထားသည့် " ဂီတဗေဒ " စီးရီးအတွက် MTV ကို အကောင်းဆုံးရိုက်ကူးကာ ပရိသတ်ထံ အမြန်ဆုံးရောက်အောင် စီစဉ်နေကြောင်း သိရသည်။

# အာရှမော်ဒယ်ပြိုင်ပွဲသို့ သွားရောက်မည့် နေဦးခ

ကိုလင်း



ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ကျင်းပမည့် Asia Model Festival 2017 သို့ မြန်မာနိုင်ငံမှ မော်ဒယ်လ် နေဦးခက သွားရောက်ကိုယ်စားပြုယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုလ ၁၀ရက်က ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ဒီပွဲကြီးကို သွားရောက် ယှဉ်ပြိုင်ခွင့်ရတာ အလွန်ဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အတွက် ဒုတိယမြောက် ပြိုင်ပွဲခရီးစဉ်လည်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီ Asia Model Festival ပွဲကို သွားရောက်ဖို့အတွက် Face of Myanmar ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်တော် Winner ရခဲ့တယ်။ ပြီးတဲ့နောက် ကိုရီးယားမှာ သွားရောက် ယှဉ်ပြိုင်ဖို့အတွက် အများကြီး လေ့ကျင့်မှုတွေ လုပ်ခဲ့ရတယ်" ဟု နေဦးခက ပြောသည်။

အဆိုပါပြိုင်ပွဲ၏ အဓိကလိုအပ်ချက်မှာ နိုင်ငံတကာအဆင့်မီ မော်ဒယ်တစ်ယောက်အတွက် လိုအပ်သည့်အရည်အချင်းများ ရှိမရှိကို ဆန်းစစ်ခြင်းဖြစ်ပြီး ထို့အပြင် Asia Neo Star Model ဆိုသည့်အတိုင်း အာရှတွင်ရှိသည့် မော်ဒယ်တစ်ဦး၏ ပင်ကိုအရည်အချင်းများ၊ နေထိုင်စားသောက်ပုံများ စသည်တို့ကို အဓိက ရွေးချယ်အမှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေဦးခသည် ၂၀၁၅ ခုနှစ် အင်ဒိုနီးရှား နိုင်ငံ၌ ကျင်းပခဲ့သည့် Master University ပြိုင်ပွဲသို့လည်း ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးသူတစ်ဦးဖြစ်သည်။

ယခုသွားရောက်ယှဉ်ပြိုင်သည့် Asia Model Festival 2017 သည် အာရှအသိအမှတ်ပြုပွဲတော်တစ်ခုဖြစ်ပြီး နိုင်ငံတကာ မော်ဒယ်ရှိုးများတွင် ဝင်ရောက် လျှောက်လှမ်းခွင့်ရအောင် ပြုလုပ်ပေးသည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။ နိုင်ငံပေါင်းစုံမှ ပြိုင်ပွဲဝင် ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုင်ငံတကာ ဒီဇိုင်နာများ၊ မော်ဒယ်များနှင့်ပတ်သက်သည့် ပညာရှင်များ၊ အနုပညာရှင်များ၊ နာမည်ကျော် မော်ဒယ်များ လာရောက်ကြည့်ရှု အကဲဖြတ်ပေးမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် နေဦးခက ချင်းအမျိုးသားဝတ်စုံကို တိုင်းရင်းသားဝတ်စုံအဖြစ် ရွေးချယ်ဝတ်ဆင်သွားမည် ဖြစ်ကြောင်း သိရသည်။

# ကျေးရွာလေးရွာစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောက်လုပ်

ကျုံပျော် ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သရက်ကွဲကျေးရွာ၌ ဇွန် ၁၂ ရက်က ကျေးရွာလေးရွာ စုပေါင်းကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။



အဆိုပါကျောင်း ဖြစ်မြောက်ရန် မြေတစ်ဧကကို ငွေကျပ်သိန်း ၃၀ ဖြင့် ဝယ်ယူကာ အလျား ၅၂ ပေ၊ အနံ ၂၁ ပေရှိ ခနိမိုး၊ ထရံကာ စာသင်ကျောင်းအား ပညာရေးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လျက်ရှိပြီး ကျေးရွာလေးရွာမှ လူအား၊ ငွေအားများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ သရက်ကွဲ၊ ကွင်းသာ၊ ရွာသစ်၊ သရက်ကုန်း ကျေးရွာလေးရွာမှ ကျောင်းသူ ကျောင်းသားလေးများသည်ရွာနှင့် နှစ်မိုင်ခွဲခန့် ကွာဝေးသော ဆင်နှစ်ကောင် ကျေးရွာသို့ သွားရောက်ပညာသင်ကြားရသောကြောင့် အသွားအပြန် အချိန်သုံးနာရီခန့် ကြာမြင့်ကြောင်း၊ ☐☐ တန်း၊ မူလတန်းကလေးငယ်များဖြစ်သောကြောင့် ရွာလမ်းတစ်လျှောက်နှင့် ကတ္တရာလမ်းကူးတို့တွင် ယာဉ်အန္တရာယ်စိုးရိမ်ရပြီး မိဘများပါ လိုက်ပါပို့ဆောင်နေရသောကြောင့်လုပ်ငန်းခွင်လစ်ဟာမှုများရှိကြောင်း၊ ယခုဆောက်လုပ်သော မူလတန်းကျောင်းပြီးစီးပါက လေးရွာလုံးရှိ ကလေးငယ်များနှင့် မိဘများအတွက် များစွာအဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများမှ မူလတန်းကျောင်းသား ၅၆ ဦး ဆင်နှစ်ကောင် ကျေးရွာသို့ သွားရောက် ပညာသင်ကြားနေရပြီး စာသင်ကျောင်းပြီးစီးပါက ပညာရေးဌာန၏ စီစဉ်မှုဖြင့် ယခုကျောင်းသစ်တွင် ပညာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စေတနာရှင် အလှူရှင်များရှိပါကလည်း လှူဒါန်းနိုင်ကြောင်း၊ ဒေသပိုမိုဖွံ့ဖြိုးလာရန်၊ ကလေးများပညာရေးလွယ်ကူစွာ သင်ကြားနိုင်ရန် ကျေးရွာများစုပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျောင်း ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။ **နေဝင်းမြင့် (ပြန်/ဆက်)**

# A.G.T.I Society အသင်း၏ ပထမအကြိမ် အသင်းသားစုံညီ ညီလာခံသို့ တက်ရောက်နိုင်ရေးဆွေးနွေး

မန္တလေး ဇွန် ၁၃

ရန်ကုန်မြို့၌ ဇွန်လ ၂၄ ရက်တွင် ကျင်းပမည့် A.G.T.I Society အသင်း၏ ပထမအကြိမ် အသင်းသားစုံညီ ညီလာခံသို့ တက်ရောက်နိုင်ရေးအတွက် A.G.T.I Society (မန္တလေး) အသင်းခွဲမှ ကျောင်းသားဟောင်းများ တွေ့ဆုံအကြို ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၂ ရက်က ချမ်းအေးသာစံမြို့နယ် ၆၈ လမ်းနှင့် ၃၂ လမ်းထောင့်ရှိ မဟာဝိဇိတာ ရုံကျောင်းတိုက် အောင်သဇင်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် A.G.T.I Society (မန္တလေး အသင်းခွဲ) ဥက္ကဋ္ဌ ဦးခင်မောင်တင့် (အင်ဂျင်နီယာမှူးကြီး-ငြိမ်း) က အသင်းကြီး၏ ပထမအကြိမ် အသင်းသားစုံညီ ညီလာခံသို့ ဂျီတီအိုင်ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူဟောင်းများ အားလုံးမပျက်မကွက်တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့သို့ သွားရောက်ရာတွင် ခရီးစဉ် အခက်အခဲ မရှိစေရေး အတွက် ဝိုင်းဝန်းအကြံပြု တင်ပြကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝေက ညီလာခံသို့ တက်ရောက်ကြမည့် ကျောင်းသားဟောင်းများအား ခရီးစရိတ် အခမဲ့ဖြင့်ပို့ဆောင်နိုင်ရန် အတွက် လိုအပ်သည့် ငွေကြေးကို ကျောင်းသားဟောင်း အလှူရှင်က ထည့်ဝင်လှူဒါန်းကြမည့် အခြေအနေနှင့်လိုက်ပါမည့် စာရင်းကောက်ယူရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ရန်ကုန်မြို့တွင် ကျင်းပမည့် ပထမအကြိမ်လာခံသို့ တက်ရောက်လိုသည့် ဂျီတီအိုင် ကျောင်းသားဟောင်းများ၊ စိတ်ပါဝင်စားသူများအနေဖြင့် A.G.T. I Society မန္တလေးရုံးခွဲ ဒုရုံးခွဲမှူး ဦးမြင့်ထွန်း ဖုန်း ၀၉-၇၇ ၁၉၀-၆၀၀၃ ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ၂၀၁၇ ဆီးဂိမ်းအောင်မြင်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအဖြစ် ပြင်ဦးလွင်-ရန်ကုန် အသွားအပြန် မိုင်တစ်ထောင်ခရီး တစ်ကိုယ်တော်လမ်းလျှောက်

ပြင်ဦးလွင် ဇွန် ၁၃

၂၀၁၇ ဆီးဂိမ်း အောင်မြင်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားမှုအဖြစ် ပြင်ဦးလွင်-ရန်ကုန် အသွားအပြန် မိုင် ၁၀၀၀ ခရီးရှည် တစ်ကိုယ်တော်လမ်းလျှောက်မှုကို ဇွန် ၁၂ ရက်က ပြင်ဦးလွင်မြို့ရှိ ခရိုင်ပြည်သူ့အားကစားကွင်းအတွင်းမှ စတင်ထွက်ကြောင်း သိရသည်။

တစ်ကိုယ်တော် လမ်းလျှောက်သူသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၅) ဖောင်းတောကျေးရွာနေ ဦးကျော်ကျော်ဝင်း (၄၆) နှစ်ရှိသူဖြစ်ပြီး ယခုကဲ့သို့ မိုင်ရှည်လမ်းလျှောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လမ်းလျှောက်သူ ဦးကျော်ကျော်ဝင်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ပြင်ဦးလွင်မြို့မှ စတင်၍ လမ်းလျှောက်သွားမည်ဖြစ်ကြောင်းနှင့် လမ်းလျှောက်ခွင့်၌ စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့မှတစ်ဆင့် အားကစားဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုမိန့်ကျပြီးကြောင်း သိရသည်။

ဦးကျော်ကျော်ဝင်းသည် ယခင်က စက်ဘီးစီးအားကစားသမားတစ်ဦးဖြစ်ပြီး အားကစားကိုဝါသနာပါသည်နှင့်အညီ "အခုလမ်းလျှောက်ရခြင်းကတော့ ၂၀၁၇ မှာ ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေနဲ့ အောင်နိုင်ရေးရရှိဖို့နဲ့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာမှုအတွက် လှုပ်ရှားမှုအနေနဲ့ လျှောက်ရခြင်းဖြစ်ပါတယ်။ လူငယ်လူရွယ်တွေ ကျန်းမာသန်စွမ်းနေရင် အရာရာကို စိတ်ရှိတိုင်းလုပ်ကိုင် အောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ တစ်ခုကတော့ လူတိုင်းမူးယစ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်လိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လမ်းလျှောက်ရခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။



ဦးကျော်ကျော်ဝင်းအား မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး ဇွန် ၁၂ ရက်က မန္တလေးမြို့တွင် ညအိပ်ရပ်နားလျက် တစ်ရက်လျှင် မိုင် ၃၀ ကျော် လမ်းလျှောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးနီတိအမြင်ဖွင့် သင်တန်းပြုလုပ်

ရွှေကူ ဇွန် ၁၃

ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အမှတ် ၄ ရက်ကွက် ကာသိုလိပ်ဘုရားကျောင်းဝင်း၌ နေထိုင်သော တိုက်ပွဲရှောင်ပြည်သူများနှင့် ရပ်ကွက်နေပြည်သူ ၃၀ ခန့်ကို ဇွန် ၅ ရက်မှ ၉ ရက်အထိ ငြိမ်းဖောင်ဒေးရှင်းမှ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးနီတိအမြင်ဖွင့် သင်တန်းကို အများပြည်သူများ သိရှိနားလည်စေရန် အသိပညာ၊ အတတ်ပညာ၊ သိသင့်သိထိုက်သည်များအား ပညာပေးအမြင်ဖွင့် ဟောပြောပွဲကို ကာသိုလိပ်ဘုရား ကျောင်းဝင်းခန်းမ၌ ဆရာမနန်ခါးနှင့် ဆရာဝေါ်နပ်တတ်တို့မှ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**လဘန်အောင် (ကချင်မြေ)**

# ဆေးဖက်ဝင်ကြက်သွန်ဖြူကို နေ့စဉ်စားခြင်းအကျိုး

**ဆောင်းပါး - ကြည်လွင်မြင့်(မုဒြာ)**



တစ်ခါက အင်္ဂလန်နိုင်ငံသို့ ဘွဲ့လွန်ပါရဂူဘွဲ့ယူရန်သွားသော ဆရာဝန်ငယ်တစ်ဦးသည် အင်္ဂလန်ရောက်သောအခါ ဆောင်းဥတု မကြုံစဖူးအေးသော ရာသီဥတုနှင့် ကြုံတွေ့ပြီး အအေးမိ၊ နှာစေး၊ ခေါင်းကိုက်၊ နှာရည်ယိုသော ဝေဒနာများ ခံစားရလေသည်။

မြန်မာပြည်မှထွက်လာခဲ့စဉ်က ဆေးလည်း ပါမလာခဲ့သဖြင့် မိမိထက်အရင် ဆယ်နှစ်ကျော်က အင်္ဂလန်ရောက်နှင့်ပြီး ပါမောက္ခတာဝန် ထမ်းဆောင်နေသော ဆရာဝန်ကြီးမိသားစု နေအိမ်သို့သွားရောက်ပြီး...

“ဆရာကြီး ကျွန်တော့မှာ အအေးပတ်နှာစေးဖြစ်နေလို့ ပိုးသတ်ဆေး(Anti-biotic)တစ်မျိုးလောက်ပေးပါ”လို့တောင်းသတဲ့။ ဆရာဝန်ကြီးက “အအေးပတ်တာလောက်နဲ့တော့ Anti-biotic တွေ မသောက်ပါနဲ့”လို့ ပြန်ပြောပြီး သူ့ဇနီးကို “မိန်းမရေ ... ငါတို့စားနေကျဆေးလေး လုပ်ပါကွာ”လို့ ပြောတယ်။ ခဏကြာတော့ ဆရာကြီးကတော် မီးဖိုချောင်ထဲက ထွက်လာပြီး ပန်းကန်ငယ်တစ်ခုနဲ့ထည့်လာတဲ့ ကြက်သွန်ဖြူမီးဖုတ် မွှေးမွှေးလေး ချပေးတယ်။ ဆရာကြီးက “မင်း ကြက်သွန်ဖြူ မီးဖုတ်စားလိုက်၊ နှာစေး ပျောက်သွားလိမ့်မယ်”လို့ ပြောပါသတဲ့။

ဤသည်မှာ လွန်ခဲ့သော ၁၀ နှစ်ခန့်က အင်္ဂလန်မှပြန်လာသောဆရာဝန်တစ်ဦး ရေးသားသောဆောင်းပါးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ အိမ်သုံးဆေးမြီးတိုနှင့် မီးဖိုချောင်မှဆေးမြီးတိုမျှဖြင့် ပျောက်နိုင်သောအရာများကို လျစ်လျူရှုပြီး ဘေးထွက်ဆိုးကျိုးရှိသော ဆေးပြင်းများကို မသောက်သင့်ကြောင်း ဆရာဝန်တစ်ဦးကိုယ်တိုင် ရေးသားထားခြင်းဖြစ်ပါသည်။

ရှေးကမြန်မာလူကြီးများသည် ကြက်သွန်ဖြူကို ဆီသတ်ဟင်းချက်ရာတွင် မွှေးကြိုင်အောင် သုံးသည့်အပြင် ဆေးဖက်ဝင်သီးနှံအဖြစ်ပါ သုံးစွဲလေ့ရှိကြောင်း တွေ့ရသည်။ ကြက်သွန်ဖြူ ဥမြွှာနှင့် ဥတစ်လုံးဟူ၍ရှိရာ နှစ်မျိုးစလုံးပင် ဆေးဖက်ဝင်သည်။ ကြက်သွန်ဖြူဥမြွှာများကို အစိမ်းအတိုင်း လက်ဖက်သုပ်၊ လက်ဖက်နှပ်များတွင် ထည့်စားလေ့ရှိသည်။ လက်ဖက်မှာ လေချုပ်သဖြင့် လေသက်သောကြက်သွန်ဖြူနှင့် တွဲစားခြင်းဖြစ်သည်။

သွေးတိုး၊ နှလုံးသွေးကြောကျဉ်းနှင့် လေဖြတ်ရောဂါကို ကာကွယ်ရန်အတွက် ကြက်သွန်ဖြူဥကြီး၊ ဥတစ်လုံးများကို ပျားရည်နှင့်စိမ်ထားပြီး စားသူများရှိသည်။ ကြက်သွန်ဖြူကို တွယ်ချိတ်ကလေးဖြင့် အပေါက်များဖောက်ပြီး ပျားရည်တွင် စိမ်ထားကာ နေပြပြီး တစ်လခန့်ကြာမှ စားသုံးရသည်။ နေရောင်ဝင်စေရန် ဖန်ပုလင်းအဖြူရောင်နှင့်စိမ်လျှင် ပိုကောင်းသည်။ နေရောင်ခြည်မှ အပူဓာတ်သည် ကြက်သွန်ဖြူနှင့် ပျားရည်ကို ပေါင်းစပ်သော အာနိသင်ရစေနိုင်သည်။

ဝမ်းကိုက်၊ သွေးပါရောဂါဖြစ်သူများသည် ထန်းလျက်ကို အမှုန့်ထောင်းပြီး ကြက်သွန်ဖြူနှင့်ကြော်စားလျှင် လေလည်၍ သက်သာပျောက်ကင်းစေနိုင်သည်။ အချို့က ကြက်သွန်ဖြူကို အခွံခွာ၊ နေလှန်းပြီး နွမ်းသွားသောအခါမှ ထန်းလျက်နှင့် ရော၍ ကြော်စားသည်။ ချိုသောအရသာရှိသဖြင့် ဝမ်းကိုက်သော ကလေးငယ်များပင် စားသုံးနိုင်သည်။

သက်ကြီးရွယ်အိုများ၊ သွားမကောင်းသဖြင့် အစာမကြေသူများသည် ကြက်သွန်ဖြူ ဥမြွှာလေးများကို အခွံသင်ပြီး ပန်းကန်ငယ်ဖြင့်ထည့်ထားကာ ထမင်းစားတိုင်း အတို့အမြှုပ်လုပ်စားသင့်သည်။ ကြေညက်အောင်မဝါးနိုင်သော အစာများကို အစာအိမ်တွင်ကြေညက်စေရန် ကြက်သွန်ဖြူက အထောက်အကူပေးသည်။

ကြက်သွန်ဖြူကိုနေလှမ်းပြီး ကြက်သွန်ဖြူကြော် ပြုလုပ်ထားကာ မုန့်ဟင်းခါး၊ အသုပ်စုံများတွင် ထည့်စားသုံးခြင်းဖြင့် ဝမ်းတွင်းအစာရောက်ပြီးနောက် အပုပ်ဆန်ခြင်း၊ အထက်သို့ အစာပြန်အံခြင်း၊ လေလှန်ခြင်းများကို ကာကွယ်နိုင်သည်။ အထူးသဖြင့် မုန့်ဟင်းခါးမုန့်ဖတ်မှ အချဉ်ပေါက်ခြင်းကို ကြက်သွန်ဖြူကြော်က ကာကွယ်ပေးသည်။

လေသက်စေလိုလျှင် ကြက်သွန်ဖြူမီးဖုတ်စားခြင်းသည် အကောင်းဆုံးဖြစ်သည်။ လူကြီးများသာမက ကလေးငယ်များကိုပါ တစ်ပတ်လျှင်တစ်ကြိမ်ခန့် ကျွေးသင့်သည်။ ရာသီဥတုအေးသော ဆောင်းရာသီတွင် အအေးမိ၊ နှာစေး၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်းများကို ကြက်သွန်ဖြူမီးဖုတ် စားခြင်းဖြင့် ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပေသည်။

ကြက်သွန်ဖြူမီးဖုတ်စားခြင်းဖြင့် အအေးပတ်ခြင်း၊ အသံဝင်ခြင်း၊ လည်ချောင်းနာခြင်းများကိုလည်း သက်သာစေနိုင်သည်။

ဆောင်းဥတုတွင် အအေးပတ်သဖြင့် ကိုယ်တွင်းမှ အပူငွေ့များသည် လည်ချောင်းမှအပေါ်သို့ တက်လာသည်။ ထိုအခါ ချောင်းဆိုးလာသည်။ ကြာသောအခါ အသံပါ ဝင်လာတတ်သည်။ လည်ချောင်းနာ ကြာလာလျှင် စစ်ဆေးကြည့်သင့်သည်။ အာသီးရောင်ရောဂါ ဖြစ်နိုင်သည့်အတွက် ပေါ့ပေါ့ဆဆ မနေသင့်ပေ။

အအေးပတ်၍ ချောင်းဆိုးရာမှ လည်ချောင်းနာ၊ အသံဝင်ဖြစ်လျှင် အာသီးရောင်သောအဆင့်မရောက်မီ ကာကွယ်နိုင်သော မီးဖိုချောင်သုံးဆေးတစ်လက်မှာ ကြက်သွန်ဖြူဖြစ်သည်။

ကြက်သွန်ဖြူသည် ဥမြွှာမျိုးနှင့် ဥတစ်လုံးမျိုးဟူ၍ နှစ်မျိုးရှိသည်။ နှစ်မျိုးလုံးပင် ဆေးဖက်ဝင်သည်။ အနောက်တိုင်းဆေးပညာ လေ့လာတွေ့ရှိချက်များအရ ကြက်သွန်ဖြူကို နေ့စဉ်စားသုံးလျှင် သွေးကျဲစေပြီး နှလုံးသွေးကြောကျဉ်းရောဂါကို ကောင်းစွာကာကွယ်နိုင်သည်။ ကိုလက်စထရော နှစ်မျိုးမှ (LDL)ခေါ် မကောင်းသော ကိုလက်စထရောကို ကျဆင်းစေနိုင်သည်ဟုဆိုသည်။

အအေးပတ်၊ အသံဝင်၊ လည်ချောင်းနာခြင်းတို့အတွက် ကြက်သွန်ဖြူ အမြွှာကြီးကြီး (သို့မဟုတ်) ဥတစ်လုံးကို ဝါး သို့မဟုတ် စတီးချောင်းနှင့် တံစို့ထိုးပြီး မီးကင်ပါ။ ကျွမ်းအောင် မီးမဖုတ်ပါနှင့်။ မီးကင်၍ နွမ်းသွားလျှင် ကြက်သွန်ဖြူအရောင်မှာ အဖြူမှအဝါရောင်သို့ ပြောင်းသွားပြီး မွှေးသောအနံ့ ထွက်လာပါလိမ့်မည်။

တစ်ကြိမ် ခုနှစ်မွှာခန့် စားပေးလျှင် လည်ချောင်းအတွင်းမှ အပူ၊ အခိုးအငွေ့များ ကင်းစင်စေနိုင်သည်။ အာသီးရောင်သည့်ပိုးကိုလည်း ကြက်သွန်ဖြူမှထွက်သောအဆီက သေစေနိုင်သည်ဟု အဆိုရှိပါသည်။

ရှေးနှစ်တစ်ရာခန့်က ဆေးစာမှတ်စုများတွင် တိုင်းရင်းမြန်မာဆေးဆရာကြီးများသည် ကြက်သွန်ဖြူဥတစ်လုံးကို အခွံသင်၊ အပ်ဖြင့် အပေါက်ငယ်လေးများ ထွင်းဖောက်ပြီး ပျားရည်ဖြင့် စိမ်စေသည်။ ရက်သတ္တပတ်မျှ စိမ်ထားသော ကြက်သွန်ဖြူနှင့် ပျားရည်ကို နေ့စဉ် ဥတစ်ဥနှင့် တစ်ဇွန်းမျှ ပုံမှန်စားခြင်းဖြင့် ကိုယ်ခံအားကို ကောင်းစေသည်။ အဖျားအနာကိုလည်းကာကွယ်ပြီး ခံတွင်းကောင်း နှုတ်မြိန်ဆေးအဖြစ် လူကြီးများကို ပေးလေ့ရှိကြောင်း ဖတ်ရှုမှတ်သားရသည်။

သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါကို ကာကွယ်ရန်အတွက် ကြက်သွန်ဖြူဥကြီး ဥတစ်လုံးများကို ပျားရည်နှင့်စိမ်ထားပြီး စားသူများလည်း ရှိသည်။

ကြက်သွန်ဖြူသည် အနံ့ပြင်းသဖြင့် အစားရခက်သူများအတွက် မစားသုံးမီ ကြက်သွန်ဖြူဥများကို ဓားဖြင့် ခပ်ပါးပါး လှီးပြီးနောက် သံပုရာရည်ညှစ်လိုက်လျှင် အနံ့ဆိုးများပျောက်ကင်းပြီး အချဉ်ပွဲအဖြစ်ပါ စားသုံးနိုင်သည်။ ကြက်သွန်နီနှင့်လည်းတွဲဖက်ပြီး အချဉ်ညှစ်စားသုံးလေ့ရှိကြသည်။ ရှေးမြန်မာလူကြီးများသည် လက်ဖက်စားလျှင် လေချုပ်မည်စိုးသဖြင့် ကြက်သွန်ဖြူကြော်ဖြင့် တွဲဖက်စားသုံးကြသည်။ ကြက်သွန်ဖြူသည် လေသက်စေသောအစာဖြစ်သဖြင့် လေချုပ်ခြင်းကိုလည်း ကာကွယ်နိုင်သည်။

ကျန်းမာရေးအတွက် ကြက်သွန်ဖြူကို ပုံမှန်စားသုံးရန် အညွှန်းမှာ-

အဆီကျချင်လျှင် အစိမ်းစားပါ။

လေသက်၊ ဗိုက်ချပ်ချင်လျှင် မီးဖုတ်စားပါ။

နှုတ်မြိန်ချင်လျှင် ကြော်စားပါ။

အသက်ရှည်ချင်လျှင် ပျားရည်နှင့်စိမ်စားပါ။

**ကြက်သွန်ဖြူ ပျားရည်စိမ်နည်း**

ပျားရည်နှင့်စိမ်နည်း နောက်တစ်နည်းမှာ ကြက်သွန်ဖြူ ဥတစ်လုံးကို အခွံခွာပြီး ရေငွေ့စင်အောင် တစ်နေ့ နေလှန်းလိုက်ပါ။ အနည်းငယ်ခြောက်သွေ့သွားသောအခါ အချို့က အပ်နှင့် အပေါက်ဖောက်သည်။ နေလှန်းထားလျှင် ရေငွေ့စင်သဖြင့် အပေါက်မဖောက်လျှင်လည်း ရပါသည်။ ကြက်သွန်ဖြူကို ဇွန်းဖြင့်ဆယ်လျှင် ဝင်နိုင်သည့် ပုလင်းအဝကျယ်ထဲမှာထည့်၊ ပျားရည် သင့်သလောက် မြုပ်အောင်ထည့်၊ လုံအောင်ပိတ်ပြီး သုံးရက်ခန့်နေပြပြီးလျှင် စားလို့ရပါပြီ။

ပျားရည်စိမ်ထားသော ကြက်သွန်ဖြူဥတစ်လုံးကို နေ့လယ်ထမင်းစားပြီး တစ်ဥ၊ ညထမင်းစားပြီးတစ်ဥ စားပါ။ ၄၅ ရက်စာ ဥ ၉၀ စိမ်ပါ။ ပုလင်းသေးလျှင် နှစ်ပုလင်း၊ သုံးပုလင်း ခွဲစိမ်ပါ။ နှစ်နှင့်ချီပြီး စားလို့ရပါသည်။ ဘေးထွက်ဆိုးကျိုး အန္တရာယ်မရှိပါ။ ဤနည်းဖြင့် အဆုတ်တွင် ကင်ဆာကဲ့သို့ အလုံးရှိသူတစ်ဦး ပျောက်ကင်းဖူးပါသည်။ အဆုတ်ရေဝင်ခြင်းကိုလည်း နိုင်ပါသည်။ လည်ချောင်းနာပြီး အသံအိုးရောင်ကာ အသံအက်နေသူမှာ ခုနစ်ရက်ခန့်စားလျှင် သက်သာနိုင်ပါသည်။

ကြက်သွန်ဖြူမီးဖုတ် စားသူများသည် ရေခဲရေ၊ ရေခဲသေတ္တာမှထွက်သောရေအေး၊ အချိုရည်ဘူးများ လုံးဝမသောက်ဘဲ ရှောင်ကြဉ်ရပါမည်။ ဖြစ်နိုင်လျှင် အပူများ အောက်သို့ သက်စေရန် ညအိပ်ယာဝင်ချိန်မှာ ဒူးအောက်ပိုင်း ခြေနှစ်ဖက်ကို ရေဆေးအိပ်ပါ။ ။

**ရှေးကမြန်မာလူကြီးများသည် ကြက်သွန်ဖြူကို ဆီသတ် ဟင်းချက်ရာတွင် မွှေးကြိုင်အောင်သုံးသည့်အပြင် ဆေးဖက်ဝင်သီးနှံအဖြစ်ပါ သုံးစွဲလေ့ရှိကြောင်း တွေ့ရသည်။ ကြက်သွန်ဖြူ ဥမြွှာနှင့် ဥတစ်လုံးဟူ၍ရှိရာ နှစ်မျိုးစလုံးပင် ဆေးဖက်ဝင်သည်။ ကြက်သွန်ဖြူ ဥမြွှာများကို အစိမ်းအတိုင်း လက်ဖက်သုပ်၊ လက်ဖက်နှပ်များတွင် ထည့်စားလေ့ရှိသည်။ လက်ဖက်မှာ လေချုပ်သဖြင့် လေသက်သောကြက်သွန်ဖြူနှင့် တွဲစားခြင်းဖြစ်သည်။ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းနှင့် လေဖြတ်ရောဂါကို ကာကွယ်ရန်အတွက် ကြက်သွန်ဖြူ ဥကြီး၊ ဥတစ်လုံးများကို ပျားရည်နှင့်စိမ်ထားပြီး စားသူများရှိသည်။ ကြက်သွန်ဖြူကို တွယ်ချိတ်ကလေးဖြင့် အပေါက်များဖောက်ပြီး**

## ရန်ကုန်-မန္တလေး ကားလမ်းဘေးမှ ဈေးဆိုင်များကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်နေရ



**ရေတာရှည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များမှ စည်ပင်သာယာဈေးများသည် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် ထိစပ်လျက်ရှိပြီး ဈေးဆိုင်များမှာ ဈေးနေရာကို ကျူးကျော်ရောင်းချခြင်းကြောင့် ကားလမ်းနံဘေးကပ်လျက်အထိ ရောက်ရှိလာလျက်ရှိရာ လမ်းမကြီးပေါ်တွင် နေ့စဉ် မောင်းနှင်သွားလာလျက်ရှိသည့်ယာဉ်များအတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ကြောင်း ဒေသခံအချို့က ပြောသည်။

“ဈေးဆိုင်တွေကြောင့် ကားတွေရပ်ရင် လမ်းဘေးချရပ်လို့ မရတော့ဘူး။ လမ်းပေါ်တင် ရပ်ပြန်တော့ ယာဉ်အန္တရာယ်က စိုးရိမ်ရတယ်။ ကားတွေက မြို့တွင်းဆိုပြီး အချိန်လျှော့မောင်းတာ မဟုတ်ဘူး။ အရှိန်လွန် ဝင်တိုက်လိုက်ရင် တစ်သီကြီး ဒုက္ခရောက်ကြမှာ”ဟု ဆွာမြို့ခံပြည်သူတစ်ဦးက ပြောသည်။

ဈေးဆိုင်များအနေဖြင့် ဈေးနယ်နိမိတ် ရေမြောင်းများထက်ကျော်လွန်၍ ရောင်းချခြင်း မပြုရန် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တားမြစ်ထားသော်လည်း ဈေးသည်အများစုမှာ လိုက်နာခြင်းမရှိဘဲ ယခုကဲ့သို့ ကားလမ်းနံဘေးအထိ အပြိုင်အဆိုင် ရောင်းချနေကြခြင်းဖြစ်ကာ ဆိုင်အမျိုးအစားအနေဖြင့် သစ်သီးစုံဆိုင်များ၊ အကြော်ဆိုင်၊ ကွမ်းယာဆိုင်၊ မုန့်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအထိ ရောင်းချနေကြောင်း၊ ထိုဆိုင်များကြောင့် ယာဉ်အန္တရာယ်ကို နေ့ညမရွေး စိုးရိမ်နေကြရသဖြင့် စည်းကမ်းတကျ ရောင်းချကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများက စီစဉ်ပေးသင့်ကြောင်း ဆွာမြို့ခံတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ညောင်ကိုင်းအင်းအတွင်း ကျူးကျော်နေထိုင်သူ ၄၀၀ ကျော်ကို ပြောင်းရွှေ့ပြီး အင်းကို စနစ်တကျပြန်လည်ထိန်းသိမ်းမည်

**မုံရွာ ဇွန် ၁၃**

မုံရွာမြို့၏ ရေဆိုးထုတ်စနစ် အထူးကောင်းမွန်စေရန်နှင့် ညောင်ကိုင်းအင်း ရေရှည်တည်တံ့ကာ သာယာလှပစေရန်အတွက် ညောင်ကိုင်းအင်း စနစ်တကျ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ရေးဆွဲကာ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဇွန် ၁၀ ရက်က မုံရွာမြို့မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးအစိုးရတို့ တွေ့ဆုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

"ညောင်ကိုင်းအင်း ရေရှည်တည်တံ့ သာယာလှပရေး လုပ်ငန်းစီမံချက်ကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာက ကြီးကြပ်ရေးဆွဲသွားမှာပါ။ နောက်တစ်ခုက အင်းကိုပြန်ဖော်ပြီး ကန်ပေါင်လုပ်တာ၊ သာယာလှပအောင် လုပ်တာတွေကို မုံရွာမြို့မိမြို့ဖတွေက စက်ယန္တရား အကူအညီပေးပြီး ဝိုင်းဝန်းလုပ်သွားကြမှာဖြစ်ပါတယ်။ လိုအပ်တဲ့ စက်သုံးဆီတွေကိုတော့ တိုင်းဒေသကြီးအစိုးရနဲ့ ဆည်မြောင်းဦးစီးဌာနတို့ ပေါင်းစပ်ပံ့ပိုးပေးသွားဖို့ စီစဉ်သွားပါမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်က ပြောသည်။

ညောင်ကိုင်းအင်းကို စနစ်တကျ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် အင်းအတွင်း တရားမဝင် ကျူးကျော်နေထိုင်သူများကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်သလို ညောင်ကိုင်းအင်း၏ နယ်နိမိတ်ကို ပြန်လည်တိုင်းတာသတ်မှတ်၍ တူးဖော်သင့်သည်များကို တူးဖော်သွားမည်ဖြစ်ကြောင်းလည်း ဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့သည်။

"ကျူးကျော်တွေကိုရှင်းလင်းတဲ့အခါ ပေ ၂၀၊ ပေ ၄၀ မြေကွက်တွေကို ယာယီချထားပေးနိုင်ဖို့ ဆောင်ရွက်ပေးမယ်လို့ စီစဉ်ထားပါတယ်။ ပြန်လည်အစားထိုးနေနိုင်ဖို့အတွက် နေရာတွေဖော်ဆောင်ဖို့ စီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးအစိုးရ အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

ညောင်ကိုင်းအင်းသည် မုံရွာမြို့ ထန်းတောရပ်တွင်ရှိပြီး ကုန်းတွင်းရေကျန်အင်းအမျိုးအစားဖြစ်ကာ အရှေ့ဘက်တွင် နန္ဒဝန်ရပ်၊ အနောက်ဘက်တွင် မီးရထားသံလမ်း၊ တောင်ဘက်တွင် မုံရွာစက်မှုဇုန်နှင့် မြောက်ဘက်တွင် ရန်ကင်းရပ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ အင်း၏ရေိယာမှာ ၃၆၆ ဒသမ ၄၉ ဧက ကျယ်ဝန်းသည်။

"အင်းထဲကို အရင် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်နဲ့ လမ်းဘေးကျူးကျော်နေထိုင်သူတွေကို ညောင်ကိုင်းအင်း မြကန်သာလမ်းနဲ့ (၂၂)လမ်းထောင့်မှာ မိသားစုတစ်စု ၁၀ ပေနှုန်းနဲ့ ၉၈ ကွက် နေရာချပေးရာက ကျူးကျော် စခဲ့တာပါ။ နောက်ပိုင်း တစ်စတစ်စနဲ့ မြကန်သာလမ်းဘေးတစ်လျှောက်၊ အင်ကြင်းလမ်းတစ်လျှောက်နဲ့ အင်းဖြတ်လမ်းတစ်လျှောက်မှာ ကျူးကျော်သူတွေ များလာတာဖြစ်ပါတယ်"ဟု မုံရွာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက ရှင်းပြသည်။



**လက်ရှိအချိန်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ရှိနေသော ညောင်ကန်အင်းကို တွေ့ရစဉ်**

၂၀၁၄ ခုနှစ် မတ်လအထိ စာရင်းအရ ညောင်ကိုင်းအင်းအတွင်း တရားဝင်နေထိုင်သူ အိမ်ထောင်စု ၉၈ စုနှင့် ကျူးကျော်နေထိုင်သူ ၂၉၆ စုရှိခဲ့ပြီး ၂၀၁၆ ဧပြီလအထိ ထပ်မံကျူးကျော်လာသူ ၁၂ စုရှိကာ ၂၀၁၇ ဧပြီလအထိတွင် ထပ်မံကျူးကျော်လာသူ ရှစ်စုရှိ၍ စုစုပေါင်း ကျူးကျော်နေထိုင်သူ အိမ်ထောင်စု ၄၁၄ စုရှိကြောင်း၊ ကျူးကျော်နေထိုင်သူများထဲတွင် ၃၈၂ စုသည် အဆောက်အအုံ ဖောင်ဒေးရှင်းချ၍ ဆောက်လုပ်နေထိုင်သူများဖြစ်ကြောင်း မုံရွာခရိုင် စီမံခန့်ခွဲရေးကော်မတီ၏စာရင်းမှ သိရသည်။

ညောင်ကိုင်းအင်းအတွင်း နဂိုမူလအတိုင်း ကန်ရေပြည့်သွင်းမည်ဆိုလျှင် မုံရွာမြို့၏ နွေရာသီ သောက်သုံးရေအခက်အခဲနှင့် မီးဘေးကာကွယ်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့်အပြင် မြို့ကိုလည်း ယခုထက် သာယာလှပသွားစေမည်ဖြစ်သောကြောင့် ကျူးကျော်နေထိုင်သူများအတွက် စနစ်တကျ နေရာသတ်မှတ်ပေး၍ ပြောင်းရွှေ့စေကာ အင်းနယ်နိမိတ် ပြန်လည်သတ်မှတ်ခြင်းနှင့် တူးဖော်သင့်သည်များကို ပြန်လည်တူးဖော်ဆောင်ရွက်ရန် မြို့မိမြို့ဖများ၏ သဘောထားဆန္ဒနှင့်အညီ တိုင်းဒေသကြီးအစိုးရက အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး - မျိုးဝင်းထွန်း(မုံရွာ)**

## အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်း အခြေခံသင်တန်းဆင်း

**မြစ်ကြီးနား ဇွန် ၁၃**

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော အထည်ပန်းပုံရိုက်နှင့် အခြေခံဆေးရေးနည်း သင်တန်းဆင်းပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့ရာ ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက အမှာစကားပြောကြားပြီး သင်တန်းသူများ၏ လက်ရာ အထည်များကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အထည်ပန်းပုံရိုက်နှင့် အခြေခံဆေးရေးနည်း သင်တန်းကို မြစ်ကြီးနားမြို့နေ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေရန်၊ မိသားစုဝင်ငွေ ပိုမိုရရှိစေပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မှု လျော့နည်းသွားစေရန်နှင့် အထည်ပန်းပုံရိုက် ဆေးရေးနည်းပညာရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မေ ၂၉ ရက်မှ ဇွန် ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သော အဆိုပါသင်တန်းတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မဋ္ဌူဝင်းနှင့် ဆရာမများက သင်တန်းသူ ၂၀ အား ဂျပ်ဖောက်နည်း၊ ဆေးစပ်နည်း၊ ဆေးရိုက်နည်း၊ ရွှေကြောလိုက်နည်း၊ ဘောင်ကြပ်ဘောင်ခွေ၊ ပုံကူးနည်း၊ ဆေးရေးနည်း စသည့် ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မိုးကြိုနှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းနေ၍ ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေ

**ရေတာရှည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စပါးနှင့် ပဲမျိုးစုံပြီးလျှင် အများဆုံးစိုက်ပျိုးသည့် သီးနှံဖြစ်သော မိုးကြိုနှမ်းစိုက်ခင်းများမှာ ယခုနှစ်တွင် ဒေသအနှံ့အပြား၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ရန် ဒေသခံတောင်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နွေရာသီအတွင်းက စိုက်ပျိုးသောပဲများ ရိတ်သိမ်းပြီးနောက် မိုးကြိုနှမ်းများကို ရေတင်၍ စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး လက်ရှိ ရာသီဥတုအရ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေသဖြင့် နှမ်းစိုက်ပျိုးသည့်တောင်သူများအနေဖြင့် အောင်မြင်ရန် အလားအလာကောင်းများရှိနေသည်ကို တွေ့ရသည်။

"နွေစပါးမစိုက်တဲ့ တောင်သူတွေကတော့ အစောကတည်းက စိုက်ထားတာ။ အချို့ဆို ရိတ်တောင်ရိတ်ကုန်ပြီ။ မိုးဦးမှာ မိုးပါးရင် တောင်သူတွေနှမ်းရတယ်။ ရာသီနဲ့ပဲဆိုင်တယ်"ဟု နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ရေတာရှည်မြို့နယ်အတွင်းမှ နှမ်းစိုက်တောင်သူများမှာ လက်ရှိအချိန်တွင် စိုက်ပျိုးသောနှမ်းကို ဆီကြိတ်ခြင်းထက် ပြန်လည်ရောင်းချခြင်းသာ ပြုလုပ်လေ့ရှိကြရာ သီးနှံပေါ်ချိန်တွင် ဈေးကွက်ကောင်းမွန်ရန်သာ မျှော်လင့်နေရကြောင်းလည်း အဆိုပါ တောင်သူကပင် ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## တိရစ္ဆာန်များအား သဘာဝဘေးမှကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေး

**ဟသ်ာတ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် International Fund For Animal Welfare (IFAW)အဖွဲ့တို့ပူးပေါင်း၍ တိရစ္ဆာန်များအား သဘာဝဘေးမှကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ဒုတိယပတ်အတွင်းက ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် IFAW မှ အဖွဲ့ဝင်များက IFAW ၏ လက်ရှိလုပ်ဆောင်နေမှုများ၊ တိရစ္ဆာန်များအား သဘာဝဘေးမှ ကာကွယ်ရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာများအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဟသ်ာတမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမူက ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာဒေါ်အေးကြည်က IFAW အဖွဲ့မှ ဆောက်လုပ်လှူဒါန်းထားသည့် တိရစ္ဆာန် အသက်ကယ်ကုန်း(Safe-Land) ဆောက်လုပ်ခြင်း ရည်ရွယ်ချက်နှင့် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။



ဟသ်ာတခရိုင်တွင် နှစ်စဉ် ရေကြီးနစ်မြုပ်သည့်ဒေသများရှိပြီး ရေဘေးသင့်သည့်ဒဏ်ကို တိရစ္ဆာန်များလည်း ခံစားရကြောင်း၊ IFAW အဖွဲ့မှ ရေလွတ်ကုန်းများ တည်ဆောက်ပေးခြင်းကြောင့် တိရစ္ဆာန်များမှာ ရေကြီးချိန်တွင် ကုန်းများပေါ်၌နေထိုင်နိုင်ပြီး ထိုသို့ အသက်ကယ်ကုန်းများပေါ်တွင် တိရစ္ဆာန်များ တစုတစည်းရှိနေခြင်းကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်များကို ကုသပေးရာတွင်လည်း လုပ်ငန်းပိုင်းကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ကြောင်း ဟသ်ာတခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။

အမေရိကန်နိုင်ငံအခြေစိုက် IFAW အဖွဲ့သည် ၂၀၁၅ ခုနှစ်တွင် အင်္ဂပူမြို့နယ် နံကပ်ကြီးကျေးရွာ၌ အလှူငွေ ကျပ် ၁၁၄ သိန်း အကုန်အကျခံ၍ ကျွဲ၊ နွားနှင့် တိရစ္ဆာန်များအတွက် ရေလွတ်ကုန်း(အသက်ကယ်ကုန်း)ကို ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လှူဒါန်းပေးခဲ့ပြီး ၂၀၁၆ ခုနှစ် ရေကြီးနစ်မြုပ်မှုဖြစ်ချိန်တွင် အဆိုပါကုန်းပေါ်၌ ကျွဲ၊ နွား ကောင်ရေ ၃၀၀ ကျော်ကို ကယ်ဆယ်ထားနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မျိုးဆက်သစ် ဘောလုံးအားကစား နည်းပြသင်တန်းဆင်း

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့၌ Youth Development Pilot Project Committee(YDPP)က ကြီးမှူးဖွင့်လှစ်ခဲ့သည့် မျိုးဆက်သစ် ဘောလုံးအားကစား နည်းပြဆရာ သင်တန်း အမှတ်စဉ်(၁/၂၀၁၇)၏ သင်တန်းဆင်းပွဲကို ဇွန် ၁၀ ရက်က မန္တလေးမြို့ ဗထူးအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး YDPP ဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်(သံလွင်မြန်မာ)က မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော YDPP ၏ သင်တန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆရာ ဦးဝင်းသူမိုးက သင်တန်းသား ၃၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး YDPP ဥက္ကဋ္ဌက သင်တန်းဆရာများဖြစ်သော ဦးဘန်နီတင်အောင်နှင့် ဦးဝင်းသူမိုးတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ မျိုးဆက်သစ် ဘောလုံးအားကစား နည်းပြဆရာသင်တန်းမှဆင်းသော နည်းပြဆရာ ၃၀ သည် အခြေခံပညာကျောင်းများတွင် လူငယ်ကျောင်းသားများအား ဘောလုံးအားကစားပညာများ ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကန်သာယာ စိမ်းလန်းစိုပြည်ရေးနှင့်အတူ မသမာသူများ ဖျက်ဆီးမှုကိုလည်း စောင့်ကြည့်အရေးယူရန်လိုအပ်

**မုံရွာ ဇွန် ၁၃**
မုံရွာမြို့သာယာလှပရေးအတွက် ကန်သာယာ စိမ်းလန်းစိုပြည်သာယာရေးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် မြို့မိမြို့ဖများ၊ မြို့လူထုများ ပူးပေါင်းဆောင်ရွက်နေခြင်းနှင့်အတူ မသမာသူတို့၏ ဖျက်ဆီးမှုကို မျက်ခြည်မပြတ် စောင့်ကြည့်အရေးယူရန် အတွက်လည်း အထူးလိုအပ်နေကြောင်း မုံရွာဒေသခံအချို့က အကြံပြုပြောကြားသည်။

"မုံရွာကိုလာတဲ့သူအားလုံး စိတ်လက်ချမ်းသာစေဖို့ ကန်သာယာ စိမ်းလန်းစိုပြည်သာယာရေး လုပ်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ ရှေ့က သာသာယာယာဖြစ်အောင်လုပ်၊ နောက်က ဘာမှအကျိုးမရှိဘဲ ဖျက်လိုဖျက်ဆီးလုပ်တဲ့ အတွက် ပြန်ပြင်နေရတာတွေက မပြီးနိုင်မစီးနိုင် ဖြစ်နေတာတွေ့နေရပါတယ်။ ဘယ်သူလုပ်တယ်ဆိုတာကိုလည်း သက်ဆိုင်ရာအနေနဲ့ ဖော်ထုတ်အရေးယူနိုင်တယ်လို့ မကြားမိသေးပါဘူး။ ရှေ့ကလုပ် နောက်ကပျက်ဆိုရင်တော့ မဟုတ်သေးပါဘူး" ဟု မုံရွာမြို့ခံတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကန်သာယာ၌ အားကစားပစ္စည်းများထားရှိခြင်းနှင့်အတူ အလှဆင်ထားသော အရုပ်များ၊ သစ်သားလေညင်းခံဆောင်၊ ရေတံခွန်ငယ် စသည်များဖြင့် သာယာလှပအောင် ဆောင်ရွက်ထားရာ ဇွန် ၄ ရက်က ကန်သာယာရှေ့ ဗိုလ်ချုပ်လမ်းဘေးတွင် အလှဆင်ထားသော အိုးပွေ့ထားသည့် အမျိုးသမီးရုပ်တုနှင့် ဘဲငန်းရုပ်များကို မီးရှို့ဖျက်ဆီးမှုဖြစ်ခဲ့၍ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက တရားလိုပြုလုပ်ကာ ဇွန် ၁၀ ရက်က မုံရွာမြို့မရဲစခန်း၌ တိုင်တန်းခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိသည်။

မုံရွာမြို့ ဗိုလ်ချုပ်လမ်းအရှေ့ဘက်ခြမ်းရှိ ကန်သာယာသည် ၁၉၁ ဒသမ ၆၁ ဧက ကျယ်ဝန်းပြီး အနောက်ဘက် ကန်သာယာသည် ၄၇ ဒသမ ၂၂၆ ဧက ကျယ်ဝန်းရာ နှစ်ကန်ပေါင်း ၂၃၈ ဒသမ ၈၃၆ ဧက ကျယ်ဝန်းသည်။ အရှေ့ဘက် ကန်သာယာအတွင်း အကျယ် ၂ ဒသမ ၅၅ ဧကရှိ ကျောက်တိုင်ကျွန်း၊ အကျယ် ၀ ဒသမ ၇၅ ဧကရှိ ကုက္ကိုကျွန်း၊ အကျယ် ၁ ဒသမ ၅၅ ဧကရှိ ရွှေလိမ္မော်ကျွန်းနှင့် ၁ ဒသမ ၆၅ ဧကရှိ ရွှေတိဂုံပုံတူ စေတီ ဘုရားကျွန်းတို့ တည်ရှိနေသည်။ ကန်သာယာအတွင်းသို့ ချင်းတွင်းမြစ်ရေတံခါးမှ မြစ်ရေတက်ချိန်တွင် ရေသွင်းယူသည့်စနစ်နှင့် ကုန်းတွင်းပိုင်းရေများ စီးဝင်သည့်စနစ်တို့ဖြင့် ရေဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ ကန်သာယာ စိမ်းလန်းသာယာစိုပြည်ရေးအတွက် တိုင်းဒေသကြီးအစိုးရက မုံရွာမြို့မိမြို့ဖများနှင့် မြို့လူထု၏ အင်အားဖြင့် ကန်သာယာပတ်လည် သန့်ရှင်းရေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကန်ပတ်လည်တွင် သန့်ရှင်းသပ်ရပ်မှုရှိစေရန် ဆောင်ရွက်သွားမည့်အပြင် ကန်အတွင်းမှ အမှိုက်နှင့် ဗေဒါများကို စက်ယန္တရားအင်အားအသုံးပြု၍ ရှင်းလင်းကာ ကန်သာယာဥယျာဉ်နှင့် ကျောက်တိုင်ကျွန်းတို့တွင် ပန်းအလှပင်များစိုက်၍ ပုံဖော်ခြင်းများကိုလည်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ကန်သာယာ စိမ်းလန်းလှပရေးအတွက် တည်ဆောက်ထားသော သစ်သားလေညင်းခံဆောင်

## ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၄၀၀၀ ကျော် စုပေါင်းစိုက်ပျိုး

**ကန့်ဘလူ ဇွန် ၁၃**
ကန့်ဘလူမြို့နယ် ချပ်သင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် လှည်းပွဲကျေးရွာမှ ပုဏ္ဏားကြီးကျေးရွာအထိ နတလ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာတွင် သစ်ပင်ပေါင်း ၄၀၀၀ ကျော်ကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ နတလလမ်းတစ်လျှောက်၌ စိုက်ပျိုးရန်အတွက် ချပ်သင်း FOW အဖွဲ့က ရေတမာပင် ၄၀၀၊ သစ်ရာနှင့် ကုက္ကိုပင် ၃၀၀ တို့ကို ဖြန့်ဝေပေးပြီး ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာန၏ ရွှေကျွန်းတောပျိုးဥယျာဉ်မှ ကျွန်းပင် ၇၀၀၊ လျှော်ဖြူပင် ၇၀၀၊ မဲဇလီပင် ၈၀၀၊ စိန်ပန်းပင် ၃၀၀၊ ယူကလစ်ပင် ၄၅၀၊ ကံ့ကော်ပင် ၅၀ ကို ဖြန့်ဝေပေးကာ ကန့်ဘလူမြို့နေ ကိုစောသီဟက ဝါးပင် ၁၀၀၊ မန္တလေးအဖွဲ့က ပျိုးပင်စုံ ၂၀၀ တို့ကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ပျိုးပင်များကို ချပ်သင်းတိုက်နယ်ဆေးရုံမှ ဝန်ထမ်းများ၊ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အဆောင်နေ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ချပ်သင်း FOW အဖွဲ့ဝင်များ၊ မန္တလေးမှ မီဒီယာအဖွဲ့များ၊ မြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများက လမ်းတစ်လျှောက်တွင် တစ်ပင်နှင့်တစ်ပင် ၁၀ ပေစီခွာ၍ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

လှည်းပွဲကျေးရွာမှ ပုဏ္ဏားကြီးကျေးရွာအထိ နတလလမ်းတစ်လျှောက်တွင် ခရီးသွားပြည်သူများ နားခိုရန် အရိပ်ရသစ်ပင် ကြီးကြီးမားမား မရှိသောကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင် ဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ၊ စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများတွင် ဇွန် ၁၁ ရက်က ခြင်ဆေးများ ဖျန်းပေးနေစဉ်
သန့်ဇင် (ပြန်/ဆက်)

## ကျေးရွာအုပ်စုနှစ်စုတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲကျင်းပ

**ရမည်းသင်း ဇွန် ၁၃**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အလယ်ကုန်းကျေးရွာအုပ်စုနှင့် အင်းကုန်းကျေးရွာအုပ်စု အတွင်းမှ ကျေးရွာခုနစ်ရွာတွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇွန် ၁၁ ရက်က အလယ်ကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းက ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ကျေးရွာမီးလင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ် ၁၂၅ ဒသမ ၉၀၉ သန်း အကုန်ကျခံကာ ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေ ၉၁၇ သိန်းဖြင့် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာလေးလုံးကို တပ်ဆင်ပေးခဲ့ပြီး ယခု မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ကျေးရွာအုပ်စုနှစ်ခုရှိ အိမ်ထောင်စုပေါင်း ၉၀၀ ခန့်အနက် ၇၆၆ စုမှာ လျှပ်စစ်ဓာတ်အား ရယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

## ကျေးရွာမြေသားလမ်းခင်းခြင်းနှင့် ရေကန်တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်

**ရေစကြို ဇွန် ၁၃**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရက ထောက်ပံ့ပေးအပ်ထားသည့် Mini Excavator စက်ဖြင့် မအူအလယ်ကျေးရွာမှ မြိုင်မြို့နယ် လင်းကတောကျေးရွာကြား ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းခင်းခြင်းနှင့် သောက်သုံးရေကန်နှစ်ကန် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ မအူအလယ်ကျေးရွာနဲ့ မြိုင်မြို့နယ် လင်းကတောကျေးရွာတို့ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းမကြီးကို မြေသားခင်းတာနဲ့ အဲဒီလမ်းဘေးက အကျယ် ပေ ၃၀၀ ကျော်လောက်ရှိတဲ့ မြေသားသုံးရေကန်နှစ်ကန်ကို ပြန်လည်တူးဖော်တာတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ Mini Excavator စက် အသုံးပြုပြီးတော့ မုံရွာမြို့ စင်ကျူရီဓာတ်ပုံမိသားစုနဲ့ သူငယ်ချင်းများမှ လှူဒါန်းငွေ ကျပ် ၅၅ သိန်းနဲ့ ကျေးရွာနေပြည်သူများရဲ့အလှူငွေ ကျပ်သိန်း ၂၀ လောက်နဲ့ စုစုပေါင်း ၇၅ သိန်းခန့်ကို အသုံးပြုဆောင်ရွက်နေပါတယ်။ ရေကန်နှစ်ကန်က တူးဖော်ပြီးသွားပါပြီ။ မြေသားလမ်းခင်းခြင်းကတော့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ အခု မြေသားလမ်းခင်းနေတဲ့ မအူ-လင်းကတော့ လမ်းက ကျွန်တော်တို့ကျေးရွာ နယ်နိမိတ်ထဲမှာ လေးမိုင်ခွဲလောက်ရှည်ပါတယ်။ အလှူငွေ အနေအထားအရ အခု နှစ်မိုင်ခွဲမှာ လမ်းခင်းပြုပြင်နေပါတယ်။ ကျန်ရှိနေတဲ့လမ်းပိုင်းကို ပြုပြင် မြေသားလမ်းခင်းနိုင်ဖို့ အတွက်လည်း အလှူငွေများ လှူဒါန်းနိုင်ကြပါတယ်"ဟု မအူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းသည် ဒေသတွင်း ကျေးရွာကိုးရွာရှိ အိမ်ခြေ ၁၄၀၀ ခန့်မှ ပြည်သူ ၈၀၀၀ ခန့် အားထားအသုံးပြုနေရသော အဓိကလမ်းတစ်ခုဖြစ်၍ လမ်းပြုပြင်ရာတွင် ရေစကြိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မအူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများကပါ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



## ကန့်ဘလူမြို့နယ်အတွင်း ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်

**ကန့်ဘလူ ဇွန် ၁၃**
ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ဧရိယာတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကန့်ဘလူမြို့နယ်အတွင်း မိုးစပါး ၁၅၁၀၀၀ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားပြီး စပါးထုတ်လုပ်မှု တိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတု ရေမြေဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် မြို့နယ်အတွင်း၌ စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေသောက်စနစ်များကို အကျိုးရှိစွာဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျှော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီ လယ်ယာသုံးစက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ တောင်သူများအား စိုက်ပျိုးနည်းစနစ်များ၊ မြေဆီလွှာထိန်းသိမ်းရေး နည်းပညာများ ဟောပြောခြင်း၊ ပိုးမွှားရောဂါ ကျရောက်ပျက်စီးမှုမရှိစေရန် အပင်ဖြစ်ထွန်းချိန်အလိုက် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများ ဟောပြောခြင်းစသည့် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကာ သီးနှံမျိုးထုတ်ကွက်များကို တောင်သူတစ်ဦးချင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့်ပုံစံမှ အစုအဖွဲ့ပုံစံ ဖွဲ့စည်းပေးနိုင်ရေး၊ သမအသင်းအဖွဲ့ပုံစံအဖြစ် ဖွဲ့စည်းပေးပြီး လိုအပ်သည့်အရင်းအနှီး၊ သွင်းအားစုနှင့် နည်းပညာများ ပံ့ပိုးပေးခြင်းတို့ဖြင့်လည်း တောင်သူများ ဝင်ငွေတိုးတက်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (ထိန်းသိမ်းရေး)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(စက်ပစ္စည်း)ရန်ပုံငွေဖြင့် လမ်းအရည်အသွေး စစ်ဆေးရာတွင်အသုံးပြုသော အောက်ပါစမ်းသပ်ပစ္စည်းများအား ရုံးအမှတ်(၁၁)၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး) ရုံးအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။

| Sr No. | Equipment Name and Characteristics | Required Number | Unit |
|---|---|---|---|
| 1 | Plate Bearing Equipment (50 kg),ENERPAC/USA | 10 | Set |
| 2 | Core Drill (Drilling Machine) | 2 | Set |
| 3 | Compressive Machine (1500KN-Manual) Impact/UK | 3 | Set |
| 4 | Marshall Equipment (50KN),Impact/UK | 3 | Set |
| 5 | Centrifuge Extractor (ASTM) D.2172 | 3 | No |
| 6 | Water Bath (30Liters)USA/UK | 3 | No |
| 7 | Sieves for Coarse Ag gre gate (ASTM),Impact/UK | 2 | Set |
| 8 | Sieves for Fine Ag gre gate (ASTM),Impact/UK | 2 | Set |
| 9 | Grain Size Analysis Sieve | 2 | Set |
| 10 | Rebound Hammer | 5 | No |
| 11 | Balance (20 kg) | 3 | No |
| 12 | Balance (311 g) | 1 | No |
| 13 | Balance (2610 g) | 3 | No |
| 14 | Sand Cone | 3 | No |

၃။ Specification Proposal နှင့် Price Proposal ကို စာအိတ်တစ်ခုထဲတွင် တစ်ပေါင်းတည်း ထည့်သွင်းရမည်ဖြစ်ပါသည်။ လမ်းအရည်အသွေးစစ်ဆေးသော စမ်းသပ်ပစ္စည်းများ၏ စံချိန်စံညွှန်းအသေးစိတ်စာရင်း၊ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးအမှတ်(၁၁)၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး)ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၆၅၈၊ ၀၉-၇၇၉၇၄၄၄၅၀ တွင် ၁၆-၆-၂၀၁၇ ရက်မှ ၂၃-၆-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၇-၂၀၁၇ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၇-၂၀၁၇ ရက် ၁၃း၃၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ်(၁၁)၊ စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (ထိန်းသိမ်းရေး)ရုံး၊ နေပြည်တော်

# ရွှေထည်လက်ဝတ်ရတနာများရောင်းချရာတွင် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေးကိစ္စ

၁။ ရွှေထည်နှင့်လက်ဝတ်ရတနာများ ရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံပေးခြင်းအတွက် ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကိုရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကျသင့်အခွန်နှင့်ညီမျှသည့်တန်ဖိုးအတိုင်း ကပ်နှိပ်ထုတ်ပေးစေခြင်းအစီအစဉ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကို ရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်ထုတ်ပေးခြင်း အစီအစဉ်အား ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ၁-၆-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် ၁-၇-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူ မိဘပြည်သူများအနေဖြင့် ရွှေထည်သီးသန့်ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၁ ရာခိုင်နှုန်းကျသင့်မည်ဖြစ်ပါသည်။ ရွှေထည်နှင့်ကျောက်မျက်ရတနာ ပေါင်းစပ်ထားသော လက်ဝတ်ရတနာဖြစ်ပါက တန်ဖိုးအပေါ်တွင် ၁ ရာခိုင်နှုန်းနှင့် ကျောက်မျက်ရတနာ တန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်းကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၄။ ရွှေဆိုင်များမှ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်မည့် ကုန်သွယ်လုပ်ငန်းခွန် အမှတ်တံဆိပ် Commercial Tax Stamp Label များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




J-1(100 Ks) J-2(200 Ks) J-3(500 Ks) J-4(1000 Ks) J-5(5000 Ks) J-6(10000 Ks)

၅။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း တတိယတန်း (က)မှ မောင်ရှိန်းမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/ရစက(နိုင်)၁၃၆၀၆၀ ဖြစ်ပါသည်။

# ဖခင်အမည်မှန်

လားရှိုးမြို့၊ 'နေခြည်'ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မပန်းအိစိုး၏ ဖခင်အမည်မှန်မှာ ဦးလောက်ဆမ်း(ခ)လူယွီးချန် ၁၃/ကလတ(နိုင်)၀၁၈၅၈၅ဖြစ်ပါကြောင်း။

# ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊'စာပန်းအိမ်'ကိုယ်ပိုင် အထက်တန်းကျောင်း၊ သတ္တမတန်းမှ မောင်သီဟအောင်၏ ဖခင်အမည်မှန်မှာ ဦးလောက်ဆမ်း(ခ)လူယွီးချန် ၁၃/ကလတ(နိုင်)၀၁၈၅၈၅ဖြစ်ပါကြောင်း။

# ဖခင်အမည်မှန်

လောက်ကိုင်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ တတိယတန်းမှ မောင်လင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးလောက်ဆမ်း(ခ)လူယွီးချန် ၁၃/ကလတ(နိုင်)၀၁၈၅၈၅ ဖြစ်ပါကြောင်း။

# ဖခင်အမည်မှန်

လောက်ကိုင်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ ဒုတိယတန်းမှ မပန်းအိစံ၏ ဖခင်အမည်မှန်မှာ ဦးလောက်ဆမ်း(ခ)လူယွီးချန် ၁၃/ကလတ(နိုင်)၀၁၈၅၈၅ဖြစ်ပါကြောင်း။

# အမည်မှန်

မြစ်ကြီးနားမြို့၊ နောင်နန်း(၅)၊ အထက(ခွဲ)၊ န၀မတန်း(B)မှ မခိုင်သန္တာအောင်၏ အမည်မှန်မှာ မဂျာနူးပန် ဖြစ်ပါသည်။

# အမည်ပြောင်းနှင့် မိဘအမည်မှန်

ဟိုပင်မြို့၊အထက(ခွဲ)၊ ရွာသစ်ကြီး၊ တတိယတန်းမှ မောင်ဂျွန်ဖြိုး အား မောင်ဖြိုးသူရကိုဟု ပြောင်းလဲခေါ်ပါရန်နှင့် မိဘအမည်မှန်မှာ ဦးကိုကိုထွန်းနှင့် ဒေါ်လှလှဝင်း ဖြစ်ပါသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁) (၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန်မြို့ရှိ မြေထိုးစက်၊ မြေသယ်ယာဉ်၊ မြေတူးစက်၊ ဝန်ချီစက်၊ မြေသိပ်စက်၊ မြေတင်စက်များပြင်ဆင်ရန် လိုအပ်သော စက်အရန်ပစ္စည်းများနှင့် ငမိုးရိပ်ရေလှောင်တမံ ရေထုတ်ပြွန်ရေထိန်းတံခါးပြုပြင်ရာတွင် လိုအပ်သော ဆက်စပ်ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ** ၂၀၁၇ခုနှစ် ဇူလိုင် ၁၀ရက် ဖြစ်ပါသည်။
**အိတ်ဖွင့်တင်ဒါဖွင့်ရက်မှာ** ၂၀၁၇ခုနှစ်၊ ဇူလိုင် ၁၁ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၅၈၉၇**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတာရှဲ့ခြင်း၊ Shotcrete နံရံတည်ဆောက်ခြင်း လုပ်ငန်းနှင့် လမ်း၊ တံတား၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာ၊ ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ ကျောက်(ရွယ်စုံ)၊ သဲ၊ အုတ်၊ Concrete Pipe, Gabion box၊ ယာဉ် (Double Cab/Extra Cab)နှင့် သစ်ခွဲသားပေးသွင်းခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၇-၂၀၁၇ ရက် (ညနေ ၄း၃၀ နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၇-၂၀၁၇ ရက် (နံနက် ၁၀း၀၀ နာရီ)

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၁၄၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

# မြွေများဝယ်ယူရန် ဖိတ်ခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိသော **မြွေပွေး(၁၂၀၀)ကောင်နှင့် မြွေဟောက် (၄၀၀)ကောင်** ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့်မြွေများမှာ တစ်ကောင်လျှင် ငါးဆယ်ကျပ်သား အထက်ရှိရမည်ဖြစ်ပြီး တန်ဖိုးမှာ (၄၀၀၀ိ/-)နှုန်းဖြင့် စက်ရုံသို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ရောင်းချလိုသည့် အရေအတွက်အလိုက် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသွားမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)**
**ဆေးဝါးစက်ရုံလမ်း၊**
**ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၁-၆၄၆၂၇၃၊ ၆၄၆၂၈၃**

# အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုမ္ပဏီ(၆)ခုသည် အခွန်ကိစ္စများရှင်းလင်းဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရသော်လည်း လာရောက်ရှင်းလင်းဆောင်ရွက်ရန် ကျန်ရှိနေပါသဖြင့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသို့ ဇွန် ၂၅ရက် နောက်ဆုံးထား၍ သွားရောက်ဆက်သွယ်ပြီး အခွန်ဆိုင်ရာရှင်းလင်းဆောင်ရွက်ပါရန် အသိပေးအပ်ပါသည်။

သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

| စဉ် | ကုမ္ပဏီအမည် | မှတ်ချက် |
|---|---|---|
| ၁ | မဏိဇောတကုမ္ပဏီလီမိတက် Mani Zaw Ta Co.,Ltd | အမှတ် ၇၀၊ ကနောင်မင်းသားကြီးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | အေကေယုံဖူကုမ္ပဏီလီမိတက် AK Yong Fu Co.,Ltd | အမှတ် ၂၂၊ အကွက်အမှတ် ၃၆၄၊ ရန်ကုန်-ပုသိမ်လမ်း၊ ကူးချောင်းရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃ | ဆင်စွမ်းအားရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Elephant Power Trading Co.,Ltd | အမှတ် ၂၀၆၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄ | စည်းလုံးညီညွတ်ခြင်းအုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် United Group of Trading Co.,Ltd | အမှတ် ၂၅၊ တတိယထပ်၊ သီရိမွန်လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅ | ကံကောင်းသောရွှေလွယ်အိတ် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Golden Lucky Bag Trading Co.,Ltd | အမှတ် ၁၀၊ ရှင်စောပုလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆ | ရွှေပျားအပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Golden Bee International Trading Co.,Ltd | အကွက်အမှတ်(၈/၉၊ ၂၃/အေ)၊ လမ်း ၆၀၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**ဆက်သွယ်ရန်** - **အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး**
**အမှတ် ၁၃၂/၁၃၈၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Email** - **ltomyanmar2014@irdmyanmar.gov.mm**

**Phone** - **01-384812,384797,384512**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၃၅၉၂ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၉/ကပတ(နိုင်)၂၇၉၇၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဟန် (ညောင်လေးပင်)
### အသက်(၈၈)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်း အတွင်းဝန်(သစ်တော) ဦးဝင်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းမြင့်တို့၏ ဖခင်သည် ၁၃-၆-၂၀၁၇ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း-ဒေါ်စန်းစန်းငွေ**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဟန် (ညောင်လေးပင်)
### အသက်(၈၈)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်း အတွင်းဝန်(သစ်တော) ဦးဝင်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းမြင့်တို့၏ ဖခင်သည် ၁၃-၆-၂၀၁၇ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**ပြည်ထောင်စုဝန်ကြီးရုံးဝန်ထမ်းမိသားစုများ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဟန် (ညောင်လေးပင်)
### အသက်(၈၈)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်း အတွင်းဝန်(သစ်တော) ဦးဝင်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းမြင့်တို့၏ ဖခင်သည် ၁၃-၆-၂၀၁၇ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ရီ-ဒေါ်ဥမ္မာကို**
**အမြဲတမ်းအတွင်းဝန်**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်လှိုင်စိုး
### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်
### အသက်(၆၄)နှစ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လှိုင်စိုးသည် ၁၂-၆-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊**
**အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ**

## ဒေါ်ကျင်မွေး (မြောင်းမြမြို့)
### အသက်(၆၃)နှစ်

မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ ပြည်ခိုင်ဖြိုး(၂)လမ်း၊ အမှတ် C/5နှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ အမှတ် ၇၂၊ အခန်း ၈၀၅ (ရှစ်လွှာ)၊ ပင်လုံထိပ်ထားစံအိမ်နေ ဦးအေးသိန်း၏ဇနီး၊ ကိုအောင်အောင်-မမေဘီမွေး၊ မသဉ္ဇာမွေး၊ကိုဖြိုးဇင်ဝင်း-မဓိလျံအေးတို့၏မိခင်၊ မောင်ဘုန်းလျံဝင်း၏ဘွားဘွားကြီးသည် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမင်းလွင်(ခ)ဦးတင်လှိုင် အသက်(၈၁)နှစ်
### ဦးစီးအရာရှိ၊ လဝက(ငြိမ်း)၊ အမတ-၂၃၈၀

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မကြက်စုကျေးရွာနေ (ဦးလုဖေ-ဒေါ်သန်း)တို့၏သား၊ သနပ်ပင်မြို့နယ်နေ (ဦးလုံး-ဒေါ်လှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် ၃လမ်း၊ အမှတ် ၇၆၀ နေ [ဒေါ်မြင့်မြင့်(ခ)ဒေါ်ပိုး ]၏ခင်ပွန်း၊ ဗိုလ်မှူးသက်လွင်(ငြိမ်း) (လ/ထညွှန်မှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်ကြည်၊ဦးစိုးလွင်(ဒုညွှန်မှူး၊ရေကြောင်းဦးစီးဌာန)-ဒေါက်တာကေသီမြ(ပါမောက္ခ ဌာနမှူး၊ ပုသိမ်တက္ကသိုလ်)၊ဦးညဏ်မြင့်-ဒေါ်အေးအေးလွင် (တာဝန်ခံကျောင်းအုပ်ကြီး၊ ရန်ကင်းပညာရေးကောလိပ်)၊ ဦးစိုးမြင့်သိန်း-ဒေါ်ဥမ္မာလွင်၊ ဦးတင်မိုး(Superintendent Engineer, PEC Ltd, Singapore)-ဒေါ်စန်းစန်းပြုံးလွင်(Ex-ဒုလ.ဝ.ကမှူး)၊ ဦးသန်းလွင်(Ex. ဦးစီးအရာရှိ၊ ရ-ရ-မ)-ဒေါ်ခင်စောလှိုင်(မော်ကွန်းထိန်း၊ တောင်ကြီးတက္ကသိုလ်)၊ ဦးပြည့်မိုးလွင်(ရွှေဇမ္ဗူဒိတ်ကုမ္ပဏီ)-ဒေါ်အေးစောမူ(လ/ထ ကထိက၊ လှည်းကူးပညာရေးကောလိပ်)တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးကြီးသည် ၁၃-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသန်း
### မော်လမြိုင်(စမ်းကြီး)
### အသက်(၅၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၅လမ်း၊ အမှတ် ၅၁၀/ကနေ ဦးကိုကိုနိုင်၏ဇနီး၊ မဝင့်ရတနာဦး၊ မဝင့်ရည်မွန်ထက်၊ မဖူးပွင့်နိုင်တို့၏မိခင်သည် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်ငွေဝင်း(ကော့သောင်း)
### အသက်(၅၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နေ (ဦးဝင်းရွှေ၊ သတင်းတပ်ဖွဲ့၊ ငြိမ်း) - ဒေါ်မြစိန်တို့၏သမီး၊ ကော့သောင်းမြို့၊ အထက္ကာဝါရပ်ကွက်၊ ထွေအုပ်ဝန်ထမ်းအိမ်ရာနေ ဦးဆန်နီ (ကော့သောင်းမြို့နယ်ထွေအုပ်)၏ဇနီး၊ ကိုကျော်နေမျိုး (ကော့သောင်းခရိုင်ထွေအုပ်)၊ မရည်ရည်မွန်(ကော့သောင်းမြို့နယ်ထွေအုပ်)တို့၏မိခင်၊ ဦးမင်းလွင် (လ/ထညွှန်မှူး၊ မကွေးတိုင်းဒေသကြီး၊ ထွေအုပ်) - ဒေါ်အေးမာ (ကော့သောင်းမြို့နယ် ထွေအုပ်၊ ငြိမ်း)တို့၏ညီမသည် ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ရွှေပြည်သာ သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသူအသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းဟန် (ညောင်လေးပင်)
### အသက်(၈၈)နှစ်

ညောင်လေးပင်မြို့နေ (ဦးချမ်းဒွေး-ဒေါ်စိန်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း ၅လမ်း၊အမှတ် ၆၆၉နေ(ဒေါ်ညွန့်ရီ) ၏ခင်ပွန်း၊ ဦးဝင်းမြင့်(အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နှင့်(Consultant Shwe Taung Development Co.,Ltd)-ဒေါ်ဝေဝေမြင့်၊ ဦးအောင်ကြည်-ဒေါ်စမ်းစမ်းအေး၊ ဦးလှမြင့်-ဒေါ်မိုးစန္ဒာဝင်း၊ ဦးဝင်းဇော် (ဒုတိယအတွင်းဝန်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းနိုင်(ဘုရင့်နောင်ပွဲရုံ)-ဒေါ်မိမိခိုင်၊ (ဦးသိန်းထွန်း-ဒေါ်သက်သက်ခိုင်)၊ ဦးဇော်မင်းထွန်း-ဒေါ်အေးအေးသန့်(ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးဝင်းနိုင်(BSN Golden Day Co.)-ဒေါ်အေးအေးခန့်၊ ဦးသက်ဖြိုးဝေ(သံပန်း၊ သံတံခါးလုပ်ငန်း)-ဒေါ်ချောစုဟန်တို့၏ဖခင်၊ မြေး၁၁ယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးအောင်လှိုင်စိုး အသက်(၆၃)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး
### (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်)

(ကျောင်းဆရာကြီး ဦးထွန်းရွှေ-ဒေါ်သန်းရင်)တို့၏သား၊ (ဦးသိန်းဇော်-ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဦးအောင်စိုးဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ညီ၊ ဦးအောင်လှိုင်ဝင်း(ပြန်/ဆက်ဦးစီး၊ ရပ်ရှင်ခွဲ)-ဒေါ်ငွေငွေဝင်း(မြန်မာ့မီးရထား)၊ ဦးစန်းဦး (ကြော်ငြာလုပ်ငန်း) - ဒေါ်နီနီအေး (ဆောက်လုပ်ရေး)တို့၏အစ်ကို၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၃၁၃၊ ဒုထပ်နေ ဒေါ်မြတ်လေးနွယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဇေရာလှိုင်စိုး၊ မအိတြာလှိုင်စိုး (Htoo Group of Companies)၊မောင်ရာဇာလှိုင်စိုးတို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၆ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးအောင်လှိုင်စိုး အသက်(၆၃)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး
### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်

(ကျောင်းဆရာကြီး ဦးထွန်းရွှေ-ဒေါ်သန်းရင်)တို့၏သား၊ (ဦးသိန်းဇော်-ဒေါ်သန်းကြည်)တို့၏သားသမက်၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အထက်၊ အမှတ် ၃၁၃၊ ဒုထပ်နေ ဒေါ်မြတ်လေးနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းကျော်(ဆေးဝါးစက်ရုံ၊ စက်ရုံမှူး၊ ငြိမ်း)-ဒေါ်မူမူတို့၏ညီ၊ ဦးသိန်းထွန်း (စာရင်းစစ်)-ဒေါ်မေစံတင်(စာရင်းစစ်)၊ ဦးကျော်ရွှေ-ဒေါ်စန်းစန်းယု(အမက-၅၊ မြောက်ဥက္ကလာ)၊ ဦးဇော်မင်း(ParkRoyal Hotel)-ဒေါ်မီမီအောင်၊ မောင်မင်းမင်းစိုးတို့၏အစ်ကိုသည် ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ခေါ်ဂျင်အိန်း(ခ)ဦးခွေး အသက်(၉၂)နှစ်

(ဦးခေါဘိကျော်-ဒေါ်မွေး)တို့၏သား၊ (အန်တောင်လင်-ဒေါ်ကျင်အေး)တို့၏သားသမက်၊ (ဒေါ်ကြင်ငွေ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ ၅၀လမ်း၊ တိုက် ၂၁နေ ဦးဟုတ်ဝမ်-ဒေါ်မြင့်မြင့်၊ ဦးဟုတ်စိန်-ဒေါ်ကြည်ကြည်စန်း၊ ဦးကျော်ကျော်၊ (ဒေါ်တင်တင်)၊ ဦးဟုတ်အောင်-ဒေါ်နီနီထွန်း၊ ဒေါ်အေးအေးထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိုးကြည်
### အသက်(၈၅)နှစ်

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ ၈၄လမ်း၊ ၄၂×၄၅လမ်းကြား၊ အမှတ် (၅၄၉/ခ)နေ(Mr.R H Wiltshire -ဒေါ်ညွန့်ညွန့်)တို့၏သမီး၊(Captain George R Wiltshire - Captain Robet H Wiltshire) တို့၏ညီမ၊ [ဇေယျကျော်ထင် ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း) နိုင်ငံဂုဏ်ရည်(ပ)ဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင်(ပ)ဆင့် ]၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်မေညွန့်)၊ (Captain Ronald Lao)၊ ဒေါ်ခင်မေကျော့၊ (ဒေါ်ခင်မေထွေး)တို့၏တို့၏အစ်မကြီး၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးအောင်မြင့်(ငြိမ်း)-ဒေါ်မေဦးလွင်၊ (ဗိုလ်မှူးချုပ်မောင်ဦးလွင်)-ဒေါ်မာလာဝင်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၇-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်သန်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၁၁၀နေ ဗိုလ်ကြီးသာအောင်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကြည်သွင်-ဒေါ်အေးမြတ်မွန်၊ ဦးစိုးလွမ်းမိုး၊ ဦးမျိုးဇော်ထက်၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်အောင်(ရေ)-ဒေါ်လှယဉ်ဝင်း၊ ဦးနေမျိုးထွဋ်တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး
## ဒေါ်ခင်လှမြင့်(အမေဆရာမ) အသက်(၆၈)နှစ်
### အထက(၁)မြောက်ဥက္ကလာပ၊ အထက(၃)ဗဟန်း(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ် ၁၄၊ မြေညီထပ်နေ (ဦးကျော်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ ကိုသုတ (Uniteam Marine)-မနီနီအောင်ဆန်း၊ ကိုသီဟ(Top Century Agency)၊ ကိုမြတ်မင်းလူ(Zin Min International Co.,Ltd)တို့၏ချစ်လှစွာသောမိခင်၊ (ဦးမျိုးတင့်)(ကြယ်ငါးပွင့်)၏ ချစ်လှစွာသောဇနီးသည် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်အေး အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နေ(ဦးသိန်း-ဒေါ်အုန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၁၇နေ (ဒေါ်ညွန့်ရွှေ)၏ခင်ပွန်း၊ ကိုအောင်ကျော်ထွန်း၊ (ကိုဝင်းမြင့်ထွန်း)၊ မအေးအေးသက်၊ (ကိုတင်မောင်ထွန်း)တို့၏ ဖခင်သည် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးငွေအောင် (ချောက်)
### ယခင်အလုပ်သမားအစည်းအရုံး (ဗဟိုဦးစီးအဖွဲ့)
### မှတ်တမ်းဌာန၊ ပါတီဌာနချုပ်
### အသက်(၇၀)

ချောက်မြို့၊ဗဟိုကွက်သစ်ရပ်၊ အမှတ် ၂၁၁နေ (ဦးသင်း-ဒေါ်လှကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ် ၂၅၂နေ (ဦးလှ-ဒေါ်စန်းရင်)တို့၏သားသမက်၊ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်၊(ဦးအောင်ဆန်း-ဒေါ်မြင့်မြင့်)၊ ဒေါ်ခင်စောနွဲ့တို့၏မောင်၊ ဦးကိုကို-(ဒေါ်မိုးမိုး)၊ ဦးစိုးနိုင်-ဒေါ်အေးအေးမော်၊ (မောင်ငွေလှိုင်)၊ မထားထားလွင်တို့၏အစ်ကိုသည် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## ဒေါ်တင်တင်ရီ (လှိုင်ကော်)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်(၁)၊ ခိုင်ရွှေဝါလမ်း၊ အမှတ် ၁၃နေ (ဦးဘအို - ဒေါ်သိန်း)တို့၏သမီး၊ ဦးဝင်းအောင်၏ဇနီး၊ ကိုဘုန်းမင်းစိုး၊ ကိုအောင်ကိုကိုညွန့် - မနန်းမြတ်စန္ဒီအောင်၊ ဒေါက်တာဆွေသန့်ကို-မအေးသီတာဝင်းအောင်တို့၏မိခင်၊ နန်းမြတ်သီတာနွယ်၊ မောင်လေးတို့၏အဘွားသည် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးငွေဝင်း
### O.T.S (62)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ အကွက်(၂)၊ ရတနာပုံ ၁လမ်း၊ အမှတ် ၇၂/ကနေ ဒေါ်လှလှဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မချောစုသွယ်၊ မောင်ထွန်းဝေ-မမြသဲဖြူ၊ မောင်ဝင်းဇေယျာဖြိုး - မမွန်မွန်ကျော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၃-၆-၂၀၁၇ရက် နံနက် ၇း၄၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၄၊သုံးလွှာနေ(ဦးမောင်စိန် - ဒေါ်အုန်း)တို့၏သား၊ (ဒေါ်ယဉ်ယဉ်သိန်း)၏ ခင်ပွန်း၊ မောင်ကိုကိုအောင်-မအေးသန့်ဇင်တို့၏ဖခင်၊ (ဦးထွန်းဦး)၊ (ဦးပွား-ဒေါ်မြင့်မြင့်သိန်း)၊ ဦးကျော်ဝင်း-ဒေါ်ခင်ဝေ၊ ဦးမောင်တိုး-ဒေါ်ဝင်းမာတို့၏ အစ်ကိုသည် ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုသလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
### သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၀)

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ နဂါးလိန်လမ်း၊ မင်းဖူးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဆံတော်နယ်မြေသံဃနာယက ဥက္ကဋ္ဌ၊ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ဘုရားကြီး၊ ရွှေသာလျောင်းဘုရားကြီး၊ ဆွေးနွေးဘုရားကြီး၊ ရွှေနန်းဦးဘုရားကြီး၊ ရွှေဖားဝတ်ဘုရားကြီးတို့၏ သြဝါဒါစရိယ ဘဒ္ဒန္တကုသလ မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁၄ ရက်) ၈-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၈ရက်)၁၇-၆-၂၀၁၇ရက်(စနေနေ့) ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ဒါယိကာမများအားအသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးကျော်ဝင်းမှန် (B.Arch, ဗိသုကာ)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ် ၅၃၁/ဘီ(၁-အေ)နေ (ဦးတင်မှန်-ဒေါ်မြဆက်)တို့၏သား၊ (ဦးဘတင်-ဒေါ်ငြိမ်းတင်)၊ (ဒေါ်ငြိမ်းခင်) (ဒေါ်အေးကြည်)တို့၏သားသမက်၊ [ဒေါ်မြင့်မြင့်(ခ) Irene]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ညွန့်မှန်-ဒေါ်မေအုံးညွန့်ဝေ၊ ဦးကျော်တင်(နိုင်ငံခြားရေး)-ဒေါ်လွင်လွင်မှန်၊ ဦးကျော်တင်(C.P.A)-ဒေါ်အေးအေးမှန်၊ ဦးကျော်သန်းမှန်-ဒေါ်ခင်ဆွေဦး၊ ဦးလှိုင်ဘုန်းမြင့်-ဒေါ်ဖြူဖြူမှန်၊ ဦးကျော်မြင့်မှန်-Lorraineတို့၏အစ်ကိုသည် ၁၃-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၆း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးကျော်ဝင်းမှန် (B.Arch, ဗိသုကာ)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ် ၅၃၁/ဘီ၊(၁-အေ)နေ (ဦးတင်မှန်-ဒေါ်မြဆက်)တို့၏သား၊ (ဦးဘတင်-ဒေါ်ငြိမ်းတင်)၊ (ဒေါ်ငြိမ်းခင်) (ဒေါ်အေးကြည်)တို့၏သားသမက်၊ [ဒေါ်မြင့်မြင့်(ခ) Irene]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မာလာဝင်းမှန်-Mr. Jerome Price၊ ဒေါ်ချိုဇင်ဝင်းမှန်-(ဦးဝင်းဟန်ထွန်း)၊ ဒေါ်ဆွေဇင်ဝင်းမှန်၊ ဒေါ်ဆုစန္ဒီဝင်းမှန်တို့၏ချစ်လှစွာသောဖခင်၊ လင်းနန္ဒီထွန်း၊ David Price၊ နှင်းအိန္ဒြီထွန်း၊ Andrew Price, Natalie Irene Priceတို့၏အဘိုးသည် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသောင်းဇော်
### အသက်(၈၃)နှစ်

မော်လမြိုင်မြို့၊ ကတိုးရွာသစ်ပိုင်းနေ (ဦးဖိုးသက်-ဒေါ်မအေး)တို့၏သား၊ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဦးရွှေသိန်း-(ဒေါ်သောင်းရင်)၊ ဦးသိန်းရောင်-ဒေါ်စန်းရီ၊ ဦးထွန်းမြင့်(M.O.G.E)-ဒေါ်ခင်နှင်းဝေ(ကပစ)၊ ဗိုလ်မှူးချုပ်မျိုးမြင့်-ဒေါက်တာနီနီအုန်း၊ ဦးကျော်မြင့်-ဒေါ်လှဝင်း၊ ဦးနိုင်မျိုးထက်(M.P.P.E)-ဒေါ်ယဉ်ယဉ်အေး(M.P.P.E)၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း-ဒေါ်ပပထွန်းတို့၏ဖခင်၊ မြေး ၂၀၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကတိုးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၇ရက်(သောကြာနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့် (B.A Burmese)
### အလယ်တန်းပြဆရာ(ငြိမ်း)၊ အထက(၁)ကြည့်မြင်တိုင်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊အမှတ် ၄၀၊ ငါးလွှာနေ(ဦးအောင်မြင့်-ဒေါ်အမာ)တို့၏သား၊ ဦးချစ်ထွန်း-(ဒေါ်လှမြင့်)၊(ဦးသိန်းမြင့်-ဒေါ်ရီရီသိန်း)၊ဦးမြင့်စိုး-ဒေါ်တင်တင်မြင့်တို့၏မောင်၊ ဦးဝင်းတင်ထွန်း-ဒေါ်ချိုချိုမြင့်၊ ဦးဝွမ်အိမ်-ဒေါ်မော်မော်သန်း(ကြည့်/ထွေ) တို့၏အစ်ကို၊ ကိုကျော်သူ-မအိမွန်မွန်(အောင်သစ္စာဦးကုမ္ပဏီ)၊ မအင်ကြင်းခိုင် (အောင်သစ္စာဦးကုမ္ပဏီ)တို့၏ဘကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၁၃-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်မမ အသက်(၆၉)နှစ်
### တိုင်းနှင့်ပြည်နယ် လက်ရွေးစင်ဘောလီဘောအားကစားသမားဟောင်း
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်းဟောင်း

ရန်ကုန်မြို့နေ(ဦးသာရီ-ဒေါ်ခင်သန်း)တို့၏သမီး၊[Lt.Col.Kap Za Thang (Rtd.) - Daw Mee Nguk]တို့၏သမီးချွေးမ၊[U Kham Suan Mang (ခ)ဦးနီနီ (အရှေ့တောင်အာရှလက်ဝှေ့ချန်ပီယံဟောင်း ]၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ငွေမြင့်-(ဦးငြိမ်းအောင်)၊ (ဦးခင်မောင်မြင့်)-ဒေါ်မြင့်မြင့်ဝေ၊ ဦးခင်မောင်ဝင်း၊ ဒုရဲမှူးဒေါ်မာမာအေး(မြစ်ကြီးနား)-ဒုရဲမှူးကြီးလှရီ(ဒက္ခိဏခရိုင်မှူး၊ နေပြည်တော်)၊ ဦးခင်မောင်ရင်-ဒေါ်သန်းနွယ်တို့၏အစ်မ၊ Dom Khan Cing-(ဦးအုန်းလွင်)၊ Suan Lian Cing-Pastor Vungh En Thang(U.S.A), Zen Ngaih Lun (U.S.A), (Sian Khan Sut), Cing Sian Vung(U.S.A), Hung Lam Niang - ဦးဝင်းမော်တို့၏အစ်မ/ညီမ၊ ဒေါ်ကလျာနီနီ(Office Manager-MS Analytical Co.,Ltd. စီမံ/စီးပွားဝန်ထမ်းဟောင်း)၊ ဒေါ်ရတနာနီနီ(သုတေသနအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်)တို့၏ ချစ်လှစွာသောမိခင်၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်သည် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၁၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၆-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ်မှကားများ၊ ဓမ္မရွေလဘုရားကျောင်းရှေ့နှင့် MCC (မင်းဓမ္မလမ်း)တို့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာလာစိုး အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ သုဒဿန ၃လမ်း၊ အမှတ် ၁၃၈နေ ဦးစိုးဟန်-ဒေါ်ခင်ဖြူတို့၏သမီး၊ ဦးစိန်ဝင်း-ဒေါ်ခင်သီတာစိုးတို့၏ညီမ၊ ဦးကျော်စွာစိုး-ဒေါ်ဇင်မာဦးတို့၏အစ်မ၊ တူ၊တူမ ငါးယောက်တို့၏အဒေါ်သည် ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဗဟိုဘဏ်သည် ထုတ်ဝေထားသည့် ငွေစက္ကူများ၏ ခိုင်မာလုံခြုံမှုအတွက် လုံခြုံမှုအဆင့်အတန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိ**

ပြည်သူ့လွှတ်တော် စာ - ၇

**ရေစကြိုမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့ကြား ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးမည်**

အမျိုးသားလွှတ်တော် စာ - ၇



ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်

# ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၃**

ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ကို မြေပြင်တပ်များ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းစက်လှေများ ပူးပေါင်း၍ ပင်လယ်ပြင်အတွင်းနှင့် ကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ပင်လယ်ပြင်အတွင်း ပျက်ကျလေယာဉ်ကို ပြန်လည်ရှာဖွေရာတွင် ဆိုနာစနစ်တပ်ဆင်ထားသည့် စစ်ရေယာဉ်ကို အသုံးပြု၍ရှာဖွေခြင်း၊ ကျွမ်းကျင်ရေငုပ်စစ်သည်များအသုံးပြု၍ ရေငုပ်ရှာဖွေခြင်းများကို လုပ်ဆောင်ခဲ့သည်။

ထို့အတူ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဝေဟင်မှ ပင်လယ်ပြင်အတွင်း တွေ့ရှိသည့်အချက်အလက်များပေါင်းစပ်၍ စစ်ရေယာဉ်များ၊ ဒေသခံ

စာမျက်နှာ ၅ ကော်လံ ၁ ❄

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံတောင်ကြီးတောင်ပေါ်ဒေသ၌ မြေပြိုမှုများဖြစ်ပွား

**သံတောင်ကြီး ဇွန် ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့တွင် ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီမှစ၍ ဇွန် ၁၂ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် သံတောင်ကြီးမြို့ပေါ်ရပ်ကွက်များတွင် မိုးရေကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

သံတောင်ကြီးမြို့နယ် အမှတ်(၂)ရပ်ကွက် ကားလမ်းဘေးရှိ ဇေနေဇာ စားသောက်ဆိုင်အနောက်ဘက်ခြမ်းတွင် အလျားပေ ၂၀ ခန့်အကျယ်ရှိ မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး အောက်ဘက်တွင်ရှိသော လူနေအိမ်နှစ်အိမ်ပေါ် ကျရောက်ခဲ့သဖြင့် စားသောက်ဆိုင်ပိုင်ရှင်ဒေါ်စိန်ပန်းမိသားစုဝင်များနှင့် မြေစာများကျရောက်ခဲ့သော လူနေအိမ်နှစ်အိမ်ကို ဘေးကင်းရာသို့ သက်ဆိုင်ရာမှ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ ထို့အတူ အမှတ်(၁)ရပ်ကွက်မှ လိပ်ပြာကလေးရွာသွားလမ်းခြောက်ပေအကျယ်ရှိ မြေသားလမ်းပေါ်တွင် အလျား ၁၅ ပေခန့်ရှိ မြေပြိုကျမှုကြောင့် လူသွားလမ်းပိတ်ဆို့သွားခဲ့သည့်အပြင် နော်ဘူဘောဆုတောင်းတောင်

စာမျက်နှာ ၅ ကော်လံ ၁ ✱



# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်း အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရ



မြန်မာအသင်းနှင့် မကာအိုအသင်းတို့ ယှဉ်ပြိုင်နေစဉ်

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - MFF**

အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု ဒုတိယပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် မကာအိုအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲမစမီ မြန်မာ့တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် အသက်ဆုံးရှုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ခဲ့သည်။

အဖွင့်ပွဲတွင် ရှုံးနိမ့်ထားသည့် မြန်မာအသင်းသည် ယခုပွဲအနိုင်ရရန်

စာမျက်နှာ ၁၄ ကော်လံ ၁ ◆



ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
၂၀၁၇ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊



# မြို့ပြများနှင့် ရေကြီးခြင်းပြဿနာ

● ဇော်တင်မောင်အေး ●

**သဘာဝအန္တရာယ်ဆိုးများထဲမှာရေကြီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုဟာ အကြီးမားဆုံးဖြစ်ပါတယ်။ လူသားတွေအပေါ်မှာလည်း သက်ရောက်မှုအများဆုံး သဘာဝ အန္တရာယ်ဖြစ်ပါတယ်။ ရေကြီးခြင်းဒဏ်ကို ကမ္ဘာအရပ်ရပ်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ခံခဲ့ရတာ ဖြစ်ပါတယ်။**

ဒီဘက်ရာစုနှစ်တွေမှာတော့ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်းတွေကို အရင်ကထက် ပိုကြုံတွေ့နေရပါတယ်။ ရာသီဥတုဖောက်ပြန်လို့ မိုးပိုများ၊ မုန်တိုင်းတွေ ပိုဖြစ်လာလို့ ရေတွေကြီး၊ မြစ်တွေ ရေပိုလျှံလာတယ်လို့ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်။ မြို့ပြများမှာ လူဦးရေပိုများလာလို့ အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်လာပေမယ့် ရေနုတ်မြောင်းများကိုလိုသလောက် မဆောက်လုပ်တာတွေ၊ စနစ်တကျ မဆောက်လုပ်တာတွေကြောင့် ရေပိုကြီးလာတယ်လို့လည်း ပြောလာကြပါတယ်။ အာရှနိုင်ငံတော်တော်များများရဲ့ မြို့တွေဟာ သဘာဝအန္တရာယ် ဖြစ်နိုင်တဲ့နေရာတွေမှာ ရှိပါတယ်။ ၁၉၉၄ မှ ၂၀၀၄ အတွင်းမှာ ကမ္ဘာပေါ်မှာ ၁၅၆၂ ကြိမ် ရေကြီးတဲ့ ဒဏ်ခံခဲ့ရပြီး လူပေါင်း ခြောက်သောင်းနီးပါး အသက်ဆုံးရှုံးခဲ့ပါတယ်။ အဲဒီထဲမှာ သုံးပုံတစ်ပုံရေကြီး ဆုံးရှုံးခဲ့တာ အာရှနိုင်ငံတွေမှာဖြစ်ပါတယ်။ ဒါကြောင့် ရေကြီးခြင်း ပြဿနာကို ကျွန်တော်တို့ သမားရိုးကျနည်းလမ်းများနဲ့ ဖြေရှင်းလို့မရနိုင်တော့ပါဘူး။

ရေဆိုတာမရှိရင် ဒါမှမဟုတ် သိပ်နည်းရင် လူတွေရပ်တည်ဖို့ အခက်အခဲရှိသလို ရေတွေသိပ်များလာရင်လည်း ပြဿနာရှိတာပါပဲ။ မိုးရွာအောင် အဆင့်မြင့် သိပ္ပံနည်းပညာများနဲ့ အတိုင်းအတာတစ်ခုအထိ လုပ်နိုင်ပေမယ့် မိုးရွာတာကို တိတ်အောင် မလုပ်နိုင်သေးပါ၊ မုန်တိုင်းတွေကို ရပ်အောင် မလုပ်နိုင်သေးပါ၊ ဒါဆိုရင် ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်းတွေကို ဘယ်လိုဖြေရှင်းကြမလဲ။ ဒီနေရာမှာ နှစ်ပိုင်းခွဲပြီး ပြောရပါမယ်။

(၁) ရေမကြီးအောင် ဒါမှမဟုတ် ရေကြီးတာကိုနည်းအောင်လုပ်ခြင်း
(၂) ရေကြီးခဲ့ရင် ပျက်စီးတာနည်းအောင်လုပ်ခြင်း

**(၁) ရေမကြီးအောင် ဒါမှမဟုတ် ရေကြီးတာကို နည်းအောင်လုပ်ခြင်း**

ရေကြီးနိုင်တဲ့နေရာ၊ ရေကြီးနေကျ နေရာတွေမှာ ရေမကြီးရအောင်၊ ကြီးရင်လည်း ဆိုးဆိုးရွားရွား မကြီးအောင် လုပ်တာပါ။ ဥပမာ- ရန်ကုန်မြို့ဗဟန်း တစ်ဝိုက်မှာ မိုးရွာတိုင်း ရေကြီးနေရင်၊ ရေကြီးတဲ့ ပမာဏကိုတွက်ချက်ပြီး ရေထုတ်မြောင်းများကို ပိုကောင်းအောင်ပြုပြင်၊ လိုအပ်ပါက ရေမြောင်းအသစ်များကို ဆောက်လုပ်တာပါ။ ဒါကလည်း ပြောလို့လွယ်သလို ရှိပေမယ့် လက်တွေ့မှာ တကယ်အောင်မြင်အောင်လုပ်ဖို့က စနစ်တကျလေ့လာတာတွေ၊ တကယ်နည်းလမ်းမှန်ပြီး လုပ်ဖို့တွေက အရေးကြီးပါတယ်။ တစ်နေရာမှာ ရေကြီးတာကို ဖြေရှင်းနိုင်ပေမယ့် ဒီကရေတွေက တခြားမှာ သွားကြီးနေတာမျိုးတွေ ဖြစ်တတ်ပါတယ်။ ရန်ကုန်မြို့ကိုပဲ ဥပမာဆက် ပေးရရင် ရန်ကုန်တစ်မြို့လုံးရဲ့ဘူမိပထဝီအနေအထား၊ မြစ်ချောင်းများရဲ့ အနေအထား၊ ပင်လယ်ရေ အတက်အကျ၊ မြေပြင်အနိမ့်အမြင့်၊ မိုးရေချိန် ပမာဏ၊ မြေအောက်ရေအနေ အထားစတဲ့ အချက်အလက်များကို စနစ်တကျ လေ့လာတွက်ချက်ပြီး ရေလွှမ်းမိုးနိုင်တဲ့နေရာတွေပြတဲ့ မြေပုံတွေ (Flood Prone Area Maps) ရေလွှမ်းမိုးမှု အန္တရာယ်ဖြစ်နိုင်မှု ဆန်းစစ်မှု၊ (Flood Risk Assessment) တွေလုပ်ရပါတယ်။ ဒီအချက်အလက်တွေကို စနစ်တကျသေချာ စစ်ဆေးတွက်ချက်ပြီးမှ အတွေ့အကြုံရှိ၊ ကျွမ်းကျင်သူများက ရေလွှမ်းမိုးမှုကာကွယ်ရေးဒီဇိုင်းတွေ (Flood Protection Design)၊ ရေထုတ်မြောင်း ဒီဇိုင်းတွေကို ဆွဲရ ပါတယ်။ ရန်ကုန်လို လူဦးရေ ထူထပ်ပြီး အဆောက်အအုံတွေ များတဲ့ မြို့ကြီးတွေမှာတော့ မြေ အသုံးချမှုတွေ (Land Use) တွေကိုပါ ထည့်စဉ်းစားရပါတယ်။ အရေးကြီးတဲ့ အချက်ကတော့ ရေကြီးတာကို နေရာကွက်ပြီး



ဖြေရှင်းတာထက် နယ်မြေတစ်ခုလုံး၊ တစ်မြို့လုံးကို အသေးစိတ်လေ့လာပြီးမှ ဖြေရှင်းတာပါ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ရေကြီးခြင်းဒဏ်ကို ခံခဲ့ရတာ ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် အကြီးအကျယ်ရေကြီးပြီးကတည်းက တစ်မြို့လုံးရဲ့ရေထုတ်မြောင်းစနစ်ကို ရင်းနှီးမြှုပ်နှံပြီးလုပ်ခဲ့လို့ ဗန်ကောက်မြို့ဟာ ရေမမြုပ်ဘဲ ရပ်တည်နေနိုင်တာပါ။ ဗန်ကောက်မြို့ရဲ့ မြေအောက်ရေထုတ်ပိုက်များဟာ စုစုပေါင်း အရှည်ပေ ၁၂၀၀ လောက်ရှိပါတယ်။ ပျမ်းမျှ Diameter လေးပေမှ ခြောက်ပေရှိတဲ့ပိုက်တွေကို မြေပြင်အောက် သုံးပေမှ ခြောက်ပေခန့် မြုပ်ထားတဲ့ မြေအောက်ရေထုတ်စနစ်ပါ။ ဒီပိုက်တွေကို Network အနေနဲ့ဆက်ထားပြီး စတုတ္ထမြောက် ရာမဘုရင်လက်ထက်က ဆောက်ထားတဲ့ တူးမြောင်းတွေနဲ့ ဆက်ထားတယ်။ ဒီတူးမြောင်းတွေကမှ မြစ်ထဲ၊ ပင်လယ်ထဲကို တစ်ဆင့် ပြန်ထုတ်ပါတယ်။ ထူးခြားတဲ့အချက်က တူးမြောင်းတွေမှာ ရေထိန်းတံခါးများ တပ်ထားပြီး ရေပမာဏ(ရေမျက်နှာပြင်)ကို ဗဟိုကထိန်းချုပ်ထားတာပါ။ ရေတံခါးတွေနားမှာ Sensor တွေ တပ်ထားပြီး ရေမျက်နှာပြင်အနိမ့်အမြင့်ကို တိုင်းပြီး ရေတံခါးတွေကို အဖွင့်အပိတ်လုပ်နိုင်ပါတယ်။ ရေစုပ်စက်ကြီးများကိုလည်း လိုအပ်တဲ့ ရေတံခါးများနဲ့ ရေထုတ်မြောင်းများတစ်လျှောက် တပ်ထားတဲ့အတွက် လိုအပ်ရင်ရေကို စုပ်ထုတ်နိုင်ပါတယ်။ အခုနောက်ပိုင်းမှာတော့ မြေအောက်ဥမင် (Tunnel) တွေပါ တူးပြီး ရေကြီးမယ့် နေရာတွေက ရေတွေအမြန်ထုတ်နိုင်အောင် လုပ်လာပါတယ်။ မြေအောက်ဥမင်တွေသာ Diameter ၁၅ ပေလောက်ရှိလို့ Truck ထရပ်ကားအလတ်စားတွေ ဝင်နိုင်လောက်အောင် ကျယ်ပါတယ်။ မြေအောက်ဥမင်တွေဟာ ဗန်ကောက်မြို့ရဲ့ Flood Management မှာ အရေးပါထိရောက်တဲ့အခြေခံအဆောက်အအုံတွေပါပဲ။ ဗန်ကောက်မြို့ရေကြီးနိုင်စေတဲ့ ရေပမာဏဟာ မိုးရေ၊ မြောက်ဘက်က စီးဆင်းလာတဲ့မြစ်ရေနဲ့တောင်ဘက်က ပင်လယ်ရေအတက်မှာ မြစ်ထဲကနေပြန်ဝင်လာတဲ့ရေတို့ကနေလာတာပါ။ ၂၀၁၁ ခုနှစ်က အကြီးဆုံးဖြစ်ခဲ့တဲ့ ဗန်ကောက်ရေကြီးမှုကတော့ ထပ်ခါထပ်ခါဝင်လာတဲ့ မုန်တိုင်းတွေကြောင့် မိုးများပြီး မြောက်ပိုင်းက လာတဲ့ရေတွေကြောင့် ဖြစ်ခဲ့တာပါ။

ရန်ကုန်မြို့ကို ရေကြီးစေနိုင်တာလည်း ဗန်ကောက်လိုပဲ အဓိကသုံးနေရာကနေလာတာပါ။ ရန်ကုန်နဲ့ဗန်ကောက်မတူတဲ့ အချက်ကတော့ ဗန်ကောက်တစ်မြို့လုံးဟာ မြေမျက်နှာပြင် အနိမ့်အမြင့်မကွာလှတဲ့ ရေလွှမ်းလွင်ပြင်(Flood Plain) ထဲမှာရှိနေပြီး ရန်ကုန်မြို့ကတော့ တစ်နေရာနဲ့တစ်နေရာ အနိမ့်အမြင့်မတူပါ။ အနေအထားအရ

**အချပ်ပို (ခ) သို့**

**မိုးရွာအောင် အဆင့်မြင့် သိပ္ပံနည်းပညာများနဲ့ အတိုင်းအတာတစ်ခုအထိ လုပ်နိုင်ပေမယ့် မိုးရွာတာကိုတိတ်အောင် မလုပ်နိုင်သေးပါ၊ မုန်တိုင်းတွေကို ရပ်အောင် မလုပ်နိုင်သေးပါ၊ ဒါဆိုရင် ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်းတွေကို ဘယ်လိုဖြေရှင်းကြမလဲ။**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပြာရောင်ကမ္ပည်း တပ်ဆင်မည်

— သတင်း-ဝင်းစန္ဒီဝင်း —


နှစ်ပေါင်း ၁၄၄ နှစ်သက်တမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ (YHT) က အပြာရောင် ကမ္ပည်းပြား တပ်ဆင်ရန် အဆိုပြုထားကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လတုန်းက စိန်ပေါလ်ကျောင်းကို တပ်ခဲ့ပါတယ်။ သမိုင်းဝင် (Missionary) သာသနာပြုကျောင်းတွေကိုလည်းဆက်ပြီး တပ်ဆင်သွားဖို့ ရှိပါတယ်။ ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းနေပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဒေါ်မို့မို့လွင်က ပြောသည်။

ရန်ကုန်မြို့ပြ အမွေအနှစ်များကို ကာကွယ်ရန်၊ မြို့ပြအမွေအနှစ်များ၏ တန်ဖိုးဖော်ထုတ်ရန်အတွက် လူအများနှင့် သက်ဆိုင်သည့်နေရာများ၊ အဆိုပါနေရာများနှင့် ဆက်စပ်နေသည့် သမိုင်းဝင် လူပုဂ္ဂိုလ်များနှင့် သမိုင်းအဖြစ်အပျက်များကို ဖော်ပြပြီး မြို့၏အမှတ်အသားတစ်ခုအဖြစ် (YHT) က မဟာဗန္ဓုလပန်းခြံအပါအဝင် ရန်ကုန်မြို့၏ အထင်ကရ နေရာ ၁၈ ခုတွင် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ကမ္ပည်းပြားမှ တစ်ဆင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများ လေ့လာနိုင်မည်ဖြစ် သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးသုတေသီ၊ စီမံကိန်းမန်နေဂျာ ဦးသူရိန် အောင်က "ရန်ကုန်မြို့ရဲ့ အမွေအနှစ်က အရှေ့တောင်အာရှမှာ အရေအတွက်အများဆုံး အစုအဝေးအနေနဲ့ ကျန်ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ထိန်းသိမ်းနိုင်မယ်ဆိုရင် ပိုပြီးတန်ဖိုးရှိလာပြီး ခရီးသွားတွေအတွက် ဆွဲဆောင်စရာနေရာတစ်ခု ဖြစ်လာမှာပါ။ ပြည်ပခရီးသွားလာမှုအပိုင်းကို တိုက်ရိုက်အထောက်အကူမပြုသည့်တိုင် သွယ်ဝိုက်ပြီးတော့ အထောက်အကူပြုပါတယ်။ အပြာရောင်ကမ္ပည်း တပ်ဆင်ထားတဲ့ အဆောက်အအုံတွေကို ပြည်ပခရီးသွားတွေ သွားကြည့်နိုင်တဲ့ အစီအစဉ်၊ လမ်းလျှောက်ခရီးစဉ်တွေ စီစဉ်ထားပါတယ်၊ ဒီလိုသွားရောက်တဲ့အခါ ကမ္ပည်းပြားတွေမှာ အချက်အလက်တွေကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ ရေးထားတာကြောင့် သမိုင်းကြောင်းကို လွယ်လွယ်ကူကူနဲ့ သိရှိနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**အချပ်ပို (ဃ) သို့**



# နောက်ဖေးလမ်းကြားတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကို ရှောင်ကြဉ်စေချင်ပါသည်

ဆောင်းပါး - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်



မြို့နယ်တိုင်းလိုလိုတွင် ညစ်ပတ်နေသည့် နောက်ဖေးလမ်းကြားများကို ရန်ကုန်မြို့၌ မြင်တွေ့ခဲ့ကြဖူးမည်။ ပြည်သူများအနေဖြင့် နောက်ဖေးလမ်းကြားကို အမှိုက်ပစ်စရာ နေရာတစ်ခုအဖြစ် သဘောထားခဲ့ကြသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် နောက်ဖေးလမ်းကြား၌ အမှိုက်များ ပစ်မချခြင်းဖြင့် အနာဂတ်တွင် ကျန်းမာသန့်ရှင်းလှပသည့် ရန်ကုန်မြို့တော်ကြီး ဖြစ်အောင် ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိသည်။

ရန်ကုန်မြို့ပေါ်ရှိ တိုက်ခန်းပေါင်းများစွာမှ ထွက်ရှိသည့်အမှိုက်များကို အခကြေးငွေယူ၍ အမှိုက်သိမ်းခြင်း၊ ရန်ကုန်စည်ပင်၏ အမှိုက်သယ်ယာဉ်များဖြင့် လမ်းအများစု၏ လမ်းထိပ်များတွင် ချထားတတ်သည့် ရန်ကုန်စည်ပင် တံဆိပ်ပါ လိမ္မော်ရောင်နှင့် အခြားပလတ်စတစ်ပုံးများမှ သိမ်းယူခြင်းများ ဆောင်ရွက်နေသည်။

ရန်ကုန် နောက်ဖေးလမ်းကြားရှိ အမှိုက် နှင့် အညစ်အကြေးများသည် မြို့ကိုအကျည်း တန်စေရုံမျှမက ကြွက်၊ ခြင်၊ ယင်နှင့် အခြားပိုးမွှားများ အလွယ်တကူ ပေါက်ပွားခိုအောင်းနိုင်ပြီး မြို့တော်သားများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေသည်။

ဆယ်စုနှစ်ပေါင်းများစွာ အမှိုက်၊ အညစ်အကြေးများနှင့် ပေကျံခဲ့သည့် နောက်ဖေးလမ်းကြားများကို ရန်ကုန်မြို့တော် စည်ပင်သာယာ၏ သန့်ရှင်းရေးလုပ်သားများက သန့်ရှင်းမှုရှိစေရန် ကြိုးစား လုပ်ဆောင်ပေးလျက်ရှိသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအချို့က သန့်ရှင်းပြီးသား နောက်ဖေးလမ်းကြားများတွင် လူမမြင်သည့်အချိန် စွန့်ပစ်တတ်သည်က အကျင့်ဆိုးတစ်ခုကို မပြင်နိုင်သည့်၊ အပြောင်းအလဲနှင့်အတူ လိုက်မပါနိုင်သည့်အမူအကျင့်ဆိုးတစ်ခုဟု မှတ်ယူရမည်ဖြစ်သည်။

အထပ်မြင့်တိုက်ခန်းများပေါ်တွင် နေထိုင်သူအများစုအား အမှိုက်ပစ်ချရခြင်း၏ အဓိက အကြောင်းရင်းကို မေးမြန်းကြည့်ရာ အိမ်အကူများအား အမှိုက်ပစ်သည့်နေရာသို့ စေလွှတ်ချင်သည့် ဆန္ဒမရှိခြင်း၊ ယင်းသို့ ဆန္ဒမရှိခြင်းမှာ အိမ်အကူများကို မယုံကြည် ခြင်း၊ ပစ္စည်းပျောက်မှာ၊ ထွက်ပြေးမှာကို စိုးရိမ်ခြင်းကြောင့် ဖြစ်သည်ဟု ဖြေကြားသည်။

အခြားအရပ်ဒေသများမှနေ၍ လာရောက်အလုပ်လုပ်သူများနှင့် တိုက်ခန်းတွင် အမြဲနေထိုင်ခြင်းမရှိသူများသည် ညပိုင်းတွင်သာ နေထိုင်ရာတိုက်ခန်း ပြန်လာတတ်ကြပြီး အလွယ်တကူ နောက်ဖေးလမ်းများသို့ အမှိုက်ပစ်ချခြင်း၊ အိမ်ရှင်များကိုယ်တိုင် အထပ်မြင့်မှနေ၍ အမှိုက်ထုပ်ကို စနစ်တကျ သယ်ယူစွန့်ပစ်ရန် ဆန္ဒမရှိခြင်း၊ နောက်ဖေးလမ်းကြား သို့ အမှိုက်ပစ်ချပါက တိကျစွာအရေးယူမည့် ပြဋ္ဌာန်းမှု မရှိသေးခြင်းတို့ကြောင့်လည်း ပါဝင်နေသည်။

နောက်ဖေးလမ်းကြားတွင် အမှိုက်ပစ်မချခြင်းဖြင့် မိမိတို့၏ နောက်ဖေးလမ်းကြားများ သာယာလှပစေမည့် “နောက်ဖေးလမ်းကြား ဥယျာဉ် စီမံချက်”ကို ဒို့အိမ်အဖွဲ့က ဦးဆောင်၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၃) ရပ်ကွက် ၂၇ လမ်း နောက်ဖေး လမ်းကြားတွင် ပြီးခဲ့သည့် မတ်လဒုတိယပတ်က နောက်ဖေး လမ်းကြား သန့်ရှင်းရေးအတွက် စံပြလုပ်ဆောင်ပြသပေးခဲ့သည်။

ယင်းသို့ လုပ်ဆောင်မှုကြောင့် နောက်ဖေးလမ်းကြား သန့်ရှင်းရေးကို မြို့နေပြည်သူများ၊ ပရဟိတအသင်းအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာ အဖွဲ့အစည်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များပင် စိတ်ဝင်စားလာခဲ့သည်။

ဒို့အိမ်အဖွဲ့သည် ရန်ကုန်မြို့တော်ရှိ အိမ်နောက်ဖေးလမ်းကြားများ သာယာလှပစေရန်၊ ကလေးငယ်များ လွတ်လပ်စွာဆော့ကစားနိုင်စေရန်၊ နံရံဆေးရေးပန်းချီများ ရေးဆွဲနိုင်စေရန်၊ အပန်းဖြေမှုများ ပြုလုပ်နိုင်ရန်နှင့် အိမ်နောက်ဖေးတွင် စားပင်သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ၂၇ လမ်း နောက်ဖေးလမ်းကြားတွင် ကလေးများအတွက် နံရံပန်းချီများ ရေးဆွဲကာ စားပင်သီးနှံများ စိုက်ပျိုးခြင်းကို ပြုလုပ်၍ သပ်ရပ်သန့်ရှင်းသော နေရာလေးတစ်ခုအဖြစ် ပြသနိုင်ခဲ့သည်။

ဒို့အိမ် Social Interpret ကုမ္ပဏီ၏ operation Manager ဦးလှုတင်က“၂၇ လမ်းကို၊ ကျွန်တော်တို့ရုံးရဲ့ နောက်ဖေးလမ်းကြားလေးကို စလုပ်ဖြစ်တာ။ နောက်ဖေးလမ်းကြား က အရမ်းညစ်ပတ်တယ်။ ဒီပတ်ဝန်းကျင်က လူတွေကို လက်မှတ်လိုက်ထိုးခိုင်းတယ်။ နောက်ဖေးလမ်းကြားကို ဆေးသုတ်မယ်။ ပန်းချီဆွဲမယ်ဆိုပြီး ခွင့်ပြုချက်ယူရတာပေါ့။ အခုအချိန်မှာတော့ နောက်ဖေးလမ်းကြားမှာ ဥယျာဉ်လိုလုပ်ထားတယ်ဆိုပြီး လူတွေက နောက်ထပ် ညစ်ပတ်နေတဲ့ နောက်ဖေးလမ်းကြားတွေကို ဆက်ပြီး လုပ်ဖို့ပြောတယ်။ အားလုံးပါဝင်ပူးပေါင်းတော့ ပိုကောင်းတယ်။ အခက်အခဲတွေကိုလည်း ကျော်လွှားနိုင်တယ်”ဟု ၂၇ လမ်းတွင် စတင်ခဲ့ရသည့် အခြေအနေကို ပြောပြသည်။

ယခုအခါတွင် ဒို့အိမ်အဖွဲ့နှင့် ပူးပေါင်း၍ နောက်ဖေးလမ်းကြားဥယျာဉ် လုပ်လိုသည့် မြို့နယ်နှင့် လမ်းများရှိလာပြီး ကျောက်တံတားမြို့နယ် ၃၉ လမ်းနှင့် ဆိပ်ကမ်းသာလမ်း နောက်ဖေးလမ်းကြား၊ ၃၁ လမ်း x ၃၂ လမ်း နောက်ဖေးလမ်းကြား၊ လမ်းမတော်မြို့နယ် ၉ လမ်း x ၁၀ လမ်း နောက်ဖေးလမ်းကြား တို့တွင် “နောက်ဖေးလမ်းကြားဥယျာဉ်”ကို လုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။

နောက်ဖေးလမ်းကြားများတွင် ပန်းချီရေးဆွဲရာ၌ နံရံဆေးရေးပန်းချီရေးဆွဲနည်းကို Olga Children’s Art အဖွဲ့ တည်ထောင်ထားသူ ဒေါ်စိုးပပမြင့်က ဒို့အိမ်အဖွဲ့နှင့်အတူ ကူညီပေးလျက်ရှိသည်။

ဒေါ်စိုးပပမြင့်က “ဇွန် ၁၂ ရက်မှာ ၃၁ လမ်းနဲ့ ၃၂ လမ်းကြားမှာ ပန်းချီစဆွဲမယ်။ သူက ကြိုတင်ပြင်ဆင်ထားတာ၊ သန့်တယ်၊ ကျယ်တယ်။ မိုးရွာရင်တော့ မဆွဲဘူး။ နေသာရင်တော့ ဆွဲမယ်။ ၃၉ လမ်းမှာတော့ ဇွန် ၁၆ ရက်တွင် စဆွဲမယ်။ ဇွန်၁၇ရက်တော့ ဖွင့်ပွဲပေါ့။ နောက် ၃၉ လမ်းကလည်း သူတို့ စီစဉ်ထားတဲ့ ပန်းချီဆရာနဲ့ 3D ဆွဲဦးမယ်ကြားတယ်။ ၃၉ လမ်းကနံရံတွေကို ရေတွေထိုးဆေးပြီးမှ ဖြောင်းပြန်ချဲ့လိုက်ရတယ်။ လမ်းရဲ့သန့်ရှင်းမှု အခြေအနေက ကောင်းပါတယ်” ဟု ၃၁ လမ်း x ၃၂လမ်းကြားတွင် သွားရောက်ပန်းချီဆွဲပေးမည့် အခြေအနေကို ပြောသည်။

ကျောက်တံတားမြို့နယ်၊ အမှတ် ၈ ရပ်ကွက် ၃၉ လမ်းနှင့် ဆိပ်ကမ်းသာ လမ်းကြား၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြားတွင် နောက်ဖေးလမ်းကြားဥယျာဉ် ပြုလုပ်ရန် အတွက် အကောင်အထည်ဖော်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက မြို့တော်ဝန်ထံစာတင်သည်။ သက်ဆိုင်ရာဌာနများတွင် အကူအညီ တောင်းခံခဲ့သည်။ ကျောက်တံတားမြို့နယ် စည်ပင်သာယာရေးကော်မတီရေသန့်ဌာနနှင့် အခြားဌာနများက နောက် ဖေးလမ်းကြား အမှိုက်များကို သန့်ရှင်းပေး ခြင်း၊ သက်ဆိုင်ရာ တိုက်ခန်းများတွင်ရှိသည့် တိုက်ခန်းနေ

**အချပ်ပို (ဂ) သို့**



---

**အချပ်ပို (က) မှ**

ရန်ကုန်မြို့ဟာ ဗန်ကောက်လောက် အကြီးအကျယ်ရေမကြီးနိုင်ပေမဲ့ အသေးသစား၊ အလတ်စားရေကြီးတဲ့ဒဏ်တွေကိုတော့ ခံစားနေရဦးမှာပါ။ ရေကြီးတာတွေ တတ်နိုင်သမျှ နည်းအောင်စနစ်တကျစီမံကိန်းတွေချပြီး လုပ်သင့်ပါတယ်။

**(၂) ရေကြီးခဲ့ရင် ပျက်စီးဆုံးရှုံးမှုနည်းအောင် လုပ်ခြင်း**

မြန်မာနိုင်ငံတစ်ခုလုံးကို ခြုံကြည့်ရင်တော့ အန္တရာယ်များတဲ့ ရေကြီးတာတွေဖြစ်နိုင်တဲ့ နေရာတွေတော်တော်များပါတယ်။ အဲဒီထဲက တချို့နေရာတွေကို ချက်ချင်းလက်ငင်းရေမကြီးအောင်လုပ်ဖို့ မလွယ်သေးပါ။

လောလောဆယ်မှာ လုပ်သင့်တာတွေ၊ ရေကြီးလာရင် ပျက်စီးဆုံးရှုံးမှုတွေနည်းအောင် ဘယ်လိုလုပ်မလဲ၊ ရေကြီးပြီးတဲ့အခါ ပြန်လည်ထူထောင်ရေးတွေကို အမြန်ဆုံးနဲ့အကျိုးအရှိဆုံး ဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ ဒါတွေကို စီမံကိန်းတွေချပြီး ထိထိရောက်ရောက်လုပ်ရမှာပါ။ ပထမဆုံးလုပ်ရမှာကတော့ ရေကြီးမှုအန္တရာယ်ကြီးမှုကို ဆန်းသစ်တွက်ချက်တာပါ။ (Flood Rice Assessment) ဒီ Flood Risk Assessment ကို အခြေခံပြီး (၁) ရေမကြီးခင် (၂) ရေကြီးနေစဉ် (၃) ရေကြီးပြီးသွားတဲ့အခါ လုပ်ရမှာတွေကို စနစ်တကျ Guide Line တွေနဲ့ လုပ်ရမှာပါ။ အဓိက အရေးကြီးတာက ပျက်စီးဆုံးရှုံးမှုကို အနည်းဆုံးဖြစ်အောင်လုပ်ပြီး၊ ရေရှည်မှာ ရေကြီးလို့ ဆုံးရှုံးတာထက်၊ ရေကြီးတာကို အကျိုးရှိအောင် ဘယ်လိုလုပ်မလဲလို့ စနစ်တကျ လေ့လာပြီး တီထွင်ဆန်းသစ်တဲ့ အဖြေတွေ (Innovative Solution) တွေကို အသုံးချနိုင်ဖို့ ကြိုးစားရမှာပါ။ နယ်သာလန်နိုင်ငံဟာ ပင်လယ်အောက်မှာရှိနေလို့ အန္တရာယ်တကယ်ကြီးတဲ့ အခြေအနေအောက်မှာ နေရပေမယ့် သူတို့ရဲ့ သဘာဝအန္တရာယ်ကို ခံနိုင်အောင် ကျော်ဖြတ်နိုင်အောင် နည်းပညာအသစ်တွေတီထွင်ပြီး Hydraulic Engineering မှာ အတော်ဆုံးဖြစ်လာလို့ ဒီအတတ်ပညာကို အခြေခံပြီး ကိုယ့်နိုင်ငံရဲ့လုံခြုံရေးတင်မကဘဲ တခြားနိုင်ငံတွေကိုပါ ဝန်ဆောင်မှုတွေပေးနိုင်ပြီး တိုင်းပြည်အတွက်တောင် ဝင်ငွေရှာပေးနိုင်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအနေနဲ့လည်း ရေကြီးခြင်းလို သဘာဝအန္တရာယ်တွေကနေ ကျော်လွှန်အောင်လုပ်ရင်း ဒေသခံတွေအတွက်၊ နိုင်ငံတော်အတွက် အကျိုးရှိမယ့် စီမံကိန်းတွေပေါ်လာမယ်လို့ မျှော်လင့်နေပါတယ်။

Reference: (1) Developing Innovative Strategies for Flood-Reslient Cities, ESCAP, 2010

(2) Guidelines for Reducing Flood Losses, UNITED NATIONS,

> **မြို့ပြများမှာ လူဦးရေ ပိုများလာလို့ အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်လာပေမယ့် ရေနုတ်မြောင်းများကို လိုသလောက် မဆောက်လုပ်တာတွေ၊ စနစ်တကျ မဆောက်လုပ်တာတွေ ကြောင့် ရေပိုကြီးလာ**



ရန်ကုန်မြို့ ၂၇ လမ်းတွင် ပထမဦးဆုံး စတင်ပြုလုပ်သည့် နောက်ဖေး လမ်းကြားဥယျာဉ်ကို တွေ့ရစဉ်



**အချပ်ပို (ခ)မှ**

ပြည်သူများနှင့်ပူးပေါင်းကာ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။

၃၉ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြားတွင် နောက်ဖေးလမ်းကြား ဥယျာဉ်လုပ်မည့်အကြောင်းနှင့်ပတ်သက်၍ မြို့မိမြို့ဖ ဦးသိန်းနိုင်က "ကလေးတွေက ကစားမယ်ဆိုရင် ကျွန်တော်တို့ရပ်ကွက်မှာ ပန်းခြံမရှိတော့ အခက်အခဲရှိတယ်။ နောက်ဖေးလမ်းကြားဆိုရင်လည်း လူတွေက အမှိုက်ပစ်ဖို့လောက်ပဲ သတ်မှတ်ထားတယ်။ သန့်ရှင်းမှုမရှိဘူး။ ကလေးတွေက လမ်းမတွေမှာ ကစားကြတော့ ယာဉ်တွေကြောင့် အခက်အခဲ ရှိနိုင်သလို ယာဉ်တိုက်မှုတွေလည်း ရှိလာနိုင်တယ်။ ကျွန်တော်တို့ ရပ်ကွက်မှာ စံပြအနေနဲ့ လုပ်လိုက်မယ်ဆိုရင်နောက် ရပ်ကွက်တွေကလည်း လိုက်လုပ်မယ်။ ဒါဆိုရပ်ကွက်တိုင်းမှာ ပိုပြီးသန့်ရှင်းလာမယ်။ စည်စည်ကားကားလေး ဖြစ်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒါလေးကို စတင်အကောင်အထည်ဖော်လုပ်ဖြစ်တာပါ"ဟု ပြောသည်။

ကျောက်တံတားမြို့နယ်တွင် "မှုခင်းကျဆင်းရေး၊ လုံခြုံရေးအပြင် အမှိုက်ပစ်သူ များအား စောင့်ကြည့်၍ အရေးယူနိုင်ရေးတို့အတွက် လွှတ်တော်ဘတ်ဂျက်ဖြင့် CCTV ကင်မရာအလုံး ၃၀၀ ခန့် တပ်ဆင်ထားသည်" ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံက ပြောသည်။

"CCTV က ကျောက်တံတားမြို့နယ်မှာ ၃၀၀ နီးပါးတပ်ထားတယ်။ ၃၉ လမ်းမှာက အပေါ်လမ်းနဲ့ အောက်လမ်းတပ်ထားတယ်။ ဘတ်ဂျက်ခွဲတဲ့အခါမှာ အဝီစိတွင်း တူးလိုက်လို့ နောက်ဖေးလမ်းကြား စီမံချက်မှာလည်း နှစ်လုံးလောက်တပ်ဖို့တော့ လျာထားတယ်။ ပန်းဘဲတန်းတို့၊ ဗိုလ်တထောင်တို့မှာလည်း တပ်ထားတယ်။ CCTV တပ်တဲ့ ရည်ရွယ်ချက်က အမှိုက်ပစ်တာအပြင် လမ်းရဲ့လုံခြုံရေးအတွက်လည်း ပါတာပေါ့။ မှုခင်းကျဆင်းရေးအတွက်လည်း ရည်ရွယ်တယ်။ ကျောက်တံတား ရဲစခန်းမှာလည်း တပ်ပေးထားတယ်။ စတပ်တာက ဇန်နဝါရီလလောက်ကတည်းက တပ်ဆင်ခဲ့တာပါ"ဟု ဒေါ်မြလှစံက ဆက်လက်ပြောသည်။

CCTV ကင်မရာများ တပ်ဆင်ခြင်းသည် အမှိုက်ပစ်သည့်သူများကိုပါ စောင့်ကြည့်နိုင်ရန်အတွက်ဆိုသော်လည်း အရေးယူနိုင်ရန် ဥပဒေများမရှိသေး၍ အမှိုက်ကတော့ ပစ်နေကြဆဲပင်။

ဒေါ်မြလှစံက ဒီလိုပစ်တာတွေအတွက်လည်း အရေးယူမှုမလုပ်ရသေးဘူး။ အရေးယူမှုတွေ လုပ်နိုင်ဖို့စည်ပင်နဲ့ညှိနှိုင်းနေတယ်"ဟု ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် အမှိုက်သိမ်းပြီးသည့် နောက်ဖေး လမ်းကြားနေရာများကို ဒို့အိမ်အဖွဲ့သို့ အသိပေးထားပြီး ဒို့အိမ်က လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်တို့တွင် နောက်ဖေးလမ်းကြား ဥယျာဉ်များ ပြုလုပ်ပေးသွားနိုင်ရန် ကြိုးစားလျက်ရှိသည်။

ဦးလှတင် (ဒို့အိမ်) က "နောက်ဖေး လမ်းကြားဆိုတာ လူတွေသတ်မှတ်မှားနေ တာက အမှိုက်ပစ်တဲ့ နေရာတစ်ခုပေါ့။ နောက်ဖေးလမ်းကြားကို အခုလို ဥယျာဉ်တစ်ခုလိုလုပ်လိုက်မယ်။ ကလေးတွေ ကစားတဲ့နေရာလေးတွေ ဖန်တီးပေးလိုက်မယ်ဆိုရင် အများကြီးကောင်းသွားမှာပေါ့။ ဒါဟာ လူတစ်ဦးတစ်ယောက်တည်းလုပ်လို့ မပြီးပါဘူး။ ရပ်မိရပ်ဖတွေ၊ နောက်ဌာနဆိုင်ရာအားလုံးပူးပေါင်းပြီးလုပ်ရင်တော့ အများကြီး အဆင်ပြေမယ်"ဟု ပြောသည်။

နောက်ဖေးလမ်းကြား ဥယျာဉ်များ ပြုလုပ်ပြီးပါက လမ်းကြားလုံခြုံရေးအတွက် အဖြေရှာရမည်ဖြစ်သော်လည်း ကလေးငယ်များ ဆော့ကစားနိုင်စေရန်အတွက်မူ တံခါးများဖွင့်ပေးထားရန် လိုအပ်သည်။ ၂၇ လမ်းတွင်မူ လုံခြုံရေးအခြေအနေအရ တာဝန်ယူသူမရှိ၍ နောက်ဖေး လမ်းကြား တံခါးများ ဖွင့်ပေးထားနိုင်ခြင်း မရှိသေးပေ။

ဒေါ်စိုးပပမြင့်က "၂၇ လမ်းမှာ ဆက်လုပ်မယ့်နေရာက နှစ်ကီလိုမီတာအရှည်လောက်ရှိသေးတယ်။ ရပ်ကွက်က မပူးပေါင်းရင် မရဘူး။ ပူးပေါင်းဖို့လိုနေတယ်။ ၂၇ လမ်းမှာ သွားကြည့်ရင် အချို့က အမှိုက်ကို နောက်ဖေးမှာ စွန့်ပစ်နေတုန်းပဲ"။

ရန်ကုန်မြို့တော်တွင် နေ့စဉ်အမှိုက် စွန့်ပစ်မှုများကို စည်ပင်ဝန်ထမ်း ၄၀၀၀ ကျော်က ရှင်းလင်းလျက်ရှိသော်လည်း နေ့စဉ်လမ်းပေါ် စွန့်ပစ်လျက်ရှိပြီး နောက်ဖေးလမ်းကြားများတွင်လည်း စွန့်ပစ်လျက်ရှိဆဲပင်။ ပြည်သူများအနေဖြင့် အမှိုက်များ စနစ်တကျ စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပရဟိတ အဖွဲ့များပူးပေါင်း၍ အသိပညာပေးမှုများ ရှိသော်လည်း စည်းကမ်းလိုက်နာမှု အားနည်းနေသရွေ့ သန့်ရှင်း၍လှပသော ရန်ကုန်မြို့တော်ကြီးကို စိတ်ကူးအဖြစ်သာ မြင်ရပေလိမ့်မည်။

# လာသာ လာပါ ရွှေဟင်္သာရယ်

အစိုးရအဖွဲ့ရုံးရှေ့ရှိ ပြည်လမ်းမပေါ်မှ အဖြတ်တွင် ရွှေတိဂုံစေတီတော်ဘက် ပြည်သူ့ရင်ပြင်အတွင်း ရပ်တန့်ထားသော YBS ယာဉ်ကြီးများကို ခရီးသွားများ ငေးကြည့်ကြသည်။ မကြာမီ မြို့တော်ရန်ကုန်၏ လမ်းမများပေါ်တွင် သယ်ယူပို့ဆောင်ရေးတာဝန်ယူပေးကြတော့မည့် အဝါရောင်ကားကြီးများကို အစီးရေမြောက်မြားစွာ တွေ့ရသည်။

ကျွန်တော် စီးလာသော ကားပေါ်မှ လူငယ်လေးနှစ်ဦးက စိတ်မရှည်တော့သည့်လေသံဖြင့် "ကားကလည်းထွက်ရင် မြန်မြန်ထွက်ပါတော့။ အဲဒီကားတွေနဲ့ ဒီ YBS ကားတွေနဲ့ အဲကွန်းချင်းက မတူဘူး။ အဲဒီကားတွေက အလွန်အေးတာ။ မြို့ထဲကိုပဲပတ်ဆွဲနေတဲ့ကားတွေချည်းပါလား" ဟု တစ်ယောက်နှင့် တစ်ယောက်ပြောနေကြသည်။ စိတ်ချလုံခြုံ ဘေးကင်းစွာနှင့် သက်သောင့်သက်သာစီးနင်းနိုင်မည့် ကားသစ်ကြီးများ လမ်းပေါ်အမြန်ဆုံးထွက်လာရေးကို ပြည်သူများက မျှော်လင့်လျက်ရှိသည်ကို ကြားသိခဲ့ရပါကြောင်း။

**သတင်းဆောင်းပါး- ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)**

သတင်းကိုစွဖြင့် မြို့လုံးပတ်လည်ကူးရင်းသန်းရင်း YBS ယာဉ်လိုင်းတော်တော်များများစီးဖြစ်သည်။ YBS မရှိသည့် နေရာများသို့ ရံဖန်ရံခါ တက္ကစီငှား၍ သွားရသော်လည်း အများအားဖြင့် YBS ကို စီးနင်းကာ လိုရာခရီးသို့ ရောက်ခဲ့ရသည်က များပါသည်။ ကျွန်တော့်ထံမှ ကျပ် ၂၀၀၊ ၁၀၀ တန် အတော်များများ YBS ယာဉ်ပေါ်ရှိ ငွေသေတ္တာပုံးထဲသို့လည်းကောင်း၊ ယာဉ်အကူလက်ထဲသို့လည်းကောင်း မကြာမကြာ ထည့်ပေးနေရသည်။ မထသ ဘဝမှ YBS ဘဝသို့ ပထမဆုံးပြောင်းလဲလိုက်သောနေ့က YBS သတင်းကို ရေးသားခဲ့သော်လည်း နောက်ပိုင်းမရေးဖြစ်တော့။ YBS နှင့် ပတ်သက်၍ ဝေဖန်သံအမျိုးမျိုးကို နေ့စဉ်လိုလို ကြားခဲ့ရသည်။

ယနေ့တစ်ရက်တည်း YBSစီးသော အကြိမ်အရေအတွက် အတော်များသည်။ YBS ကား နံပါတ်အမျိုးမျိုးပေါ်သို့ တက်လိုက်ဆင်းလိုက် လုပ်ဖြစ်သည်။ ယာဉ်အကူပါ၍ ပိုက်ဆံကောက်သောYBS ကို စီးခဲ့ရသလို ယာဉ်ပေါ်ရှိ ငွေသေတ္တာပုံးထဲ မိမိကိုယ်တိုင်ထည့်၍လည်း စီးနင်းခဲ့ရသည်။ ယာဉ်လိုင်းတစ်လိုင်းနှင့် တစ်လိုင်း မတူကွဲပြားသည်။ အရှေ့ပေါက်မှတက်၍ နောက်ပေါက်မှ ဆင်းစေသော YBS ယာဉ်လိုင်းရှိသလို တက်ချင်သည့်အပေါက်က တက်၍၊ ဆင်းချင်သည့်အပေါက်က ဆင်းနိုင်သော YBS လည်းရှိသည်။ အေးစိမ့်နေအောင် လေအေးစက်ဖွင့်ပေးထားသော YBS ကြီးရှိသလို၊ သဘာဝလေကို ရှူရှိုက်စေသော YBS လည်းရှိသည်။ အသစ်မှာယူတင်သွင်းလာသော YBS ယာဉ်ကို စီးခဲ့ရသလို ကားအောက်မှ ကွေ့လိုက်တိုင်း ပြုတ်ထွက်တော့မည်ကဲ့သို့ ထင်ရသော အသံမျိုးကို ကြားနေရသည့် YBS ကိုလည်း တစ်နေ့တည်း စီးခဲ့ရသည်။

YBS တံဆိပ်ကပ်တာချင်းတူသော်လည်း မတူသောအကြောင်းအရာများကား အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ယာဉ်အကူပိုက်ဆံလိုက်ကောက်မည်ထင်၍ လက်ထဲကိုင်ထားမိသော်လည်း ယာဉ်အကူက မရှိ။ ကားရှေ့ပိုင်းရှိ ငွေသေတ္တာပုံးထဲ ထည့်ပြီးမှ ငွေလိုက်ကောက်နေသော ယာဉ်နောက်လိုက်ကို ယာဉ်စီးခပုံးထဲထည့်ပြီးဖြစ်ကြောင်း ပြန်ရှင်းပြရသည့်အဖြစ်နှင့်လည်း ဒီလိုကြုံရသည်။

မိုးဦးကျရာသီမို့ အပူရှိန်က မပြယ်သေး။ နေပူချင်သည့်အချိန်ပူ၍ မိုးရွာချင်သည့်အချိန်တွင် ရွာသည့် ပူအိုက်စွတ်စိုရာသီဥတု။ ဒီလိုအခြေအနေမှာ YBS ပေါ်တက်လိုက်တော့ လေအေးစက်ကလေး ဖွင့်ပေးထားသည့် YBS ဆိုလျှင် ခရီးသည်များ အဆင်ပြေသည်။ စိတ်ချမ်းသာသည်။

ယနေ့စီးလာသော YBS 21 ခရီးသည်တင်ယာဉ်ကြီး တိုင်းဒေသကြီး



# ရန်ကုန်မှာ ယာဉ်တွေ များလွန်းနေပြီလား

ဆုနှင်းလဲ့ (ကြေးမုံ)

**"YBS စနစ်ကိုလည်း လုပ်နေတယ်။ Traffic Control စနစ်တွေလည်း လုပ်နေတယ်ဆိုတော့ ရန်ကုန်မှာ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာ လျော့ သွားမှာလားလို့ မေးစရာရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံမှာ Traffic မလျော့ သွားနိုင်ပါဘူး။ Traffic ပြဿနာကို စီမံခန့်ခွဲမှု ကောင်းကောင်းနဲ့ လုပ်သွားရမှာပါ။ ရုံးတက်ရုံးဆင်းချိန်တွေမှာ ယာဉ်ကျပ်တာ ရှိနိုင်ပါတယ်။ ဒါကို ပြည်သူလူထုနဲ့အတူ ပြုပြင်ပြောင်းလဲရေးကို လုပ်ရမှာပါ။ အားလုံးရဲ့ ပူးပေါင်းကူညီမှုနဲ့ပဲ ပြောင်းရမှာပါ။ YBS စနစ်မှာ ပြည်သူလူထုအားလုံးက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ရှိရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးဆောင်ရွက်ချက်များနှင့် ရန်ကုန်မြို့ပြယာဉ်သွားလာမှု စနစ်အပေါ် သုံးသပ်ပြောကြားသည်။**

ဝန်ကြီးချုပ် ပြောဆိုသလိုပင် ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုအခြေအနေသည် လျော့နည်းသွားဖွယ်မရှိသော်လည်း သွားလာ၍ မရအောင် ပိတ်ဆို့နေမှုများ မဖြစ်အောင်ကို စီမံခန့်ခွဲမှု ပြုရမည်ဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့နေမှုများ၊ သွားလာမှု အခက်အခဲများသည် လူတစ်ဦးချင်းစီ၏ အလုပ်လုပ်ကိုင်နိုင်မှု၊ ထုတ်လုပ်နိုင်မှု စွမ်းရည်တို့တွင် လျော့နည်းကျဆင်းစေပြီး တိုင်းပြည်၏ GDP ကိုလည်း လျော့နည်းကျဆင်းစေသည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက ဝေဖန်ထောက်ပြထားကြသည်။ ထို့အတွက်ကြောင့်လည်း ရန်ကုန်မြို့ပြ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှု ပြဿနာကိုဖြေရှင်းရန်ဘက်ပေါင်းစုံက ဆောင်ရွက်နေကြပြီး အများပြည်သူသွားလာရေးစနစ်ကောင်းမွန်အောင် ဦးစွာအကောင်အထည်ဖော်နေသည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည့် YBS ဘတ်စ်ကားသစ်များ လွှဲပြောင်းပေးအပ်ပွဲတွင် ပြောသည်။

၎င်းပြောဆိုသုံးသပ်သကဲ့သို့ပင် ရန်ကုန်မြို့သည် လူဦးရေ သန်းချီရှိနေသည့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးတစ်ခုဖြစ်ပြီး မကြာမီပင် လူဦးရေ ၁၀ သန်းဖြစ်လာမည့် Mega City ကို ရောက်ရှိလာမည်ဖြစ်သည်။ စီးပွားရေးမြို့တော် ဖြစ်သည်နှင့်အညီ စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရှိနေသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအခြေချ နေထိုင်သူများနှင့် နှစ်စဉ်တိုးပွားလာသော လူဦးရေ ယာဉ်အစီးရေတို့ကြောင့် ရန်ကုန်မြို့၏ လူနေထိုင်မှုသည် လျော့နည်းကျဆင်းသွားဖွယ်မရှိနိုင်သလို၊ သယ်ယူပို့ဆောင်ရေးကဏ္ဍရှိ ယာဉ်အစီးရေသည် လည်းလျော့နည်းသွားဖွယ် မရှိနိုင်ပေ။ အလားတူ ယာဉ်ကြောကျပ်တည်းမှုများသည်လည်း လျော့နည်းသွားဖွယ်ရာ မရှိနိုင်ကြောင်း သုံးသပ်ကြခြင်းဖြစ်သည်။ သို့ရာတွင် ကောင်းမွန်သော ယာဉ်သွားလာမှုစနစ်နှင့် စည်းကမ်းရှိသော ယာဉ်စည်းကမ်းလမ်းစည်းကမ်းစနစ်များ ဖြစ်ပေါ်ရန်မှာ လုပ်ပိုင်ခွင့်ရ/အာဏာရ အစိုးရတစ်ရပ်၏ စီမံခန့်ခွဲမှုပေါ်တွင်မူတည်နေသည်။ လူဦးရေ၊ ယာဉ်အစီးရေ တိုးပွားလာသည်နှင့်အမျှ နောက်ဆက်တွဲရင်ဆိုင်ကြုံတွေ့ရမည့် ပြဿနာပေါင်း များစွာရှိရာ အနာဂတ်လူဦးရေ ၁၀ သန်း ဖြစ်လာမည့် မြို့ပြတစ်ခု၏ Master Plan သည် အရေးပါမည်ဖြစ်သည်။ ယင်းတွင် ယာဉ်အစီးရေ တိုးပွားလာမှုအပေါ် စီမံခန့်ခွဲမည့် Traffic Demand Management (TDM) သည် အရေးပါမည်ဖြစ်ကြောင်း အဆိုပါ စီမံခန့်ခွဲမှုစနစ်အပေါ် သုံးသပ်တင်ပြမှုများစွာပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က တင်ပြခဲ့သည်။

ယာဉ်အစီးရေ တိုးပွားလာမှုအပေါ် စီမံခန့်ခွဲမည့် Traffic Demand Management (TDM) ကို ယခုမှစတင်ဆောင်ရွက်နိုင်လာခြင်းဖြစ်ပြီး ရန်ကုန်မြို့ ဧရိယာအနှံ့ ယာဉ်ကြောပိတ်ဆို့နေမှု ပြဿနာရပ်များကို စနစ်ကျသော သွားလာမှုစနစ်များ ဖြစ်စေရန် တစ်မြို့လုံးလွှမ်းခြုံ စီမံခန့်ခွဲနိုင်သည့် Control Center မှာလည်း ယခုနှစ်တွင် စတင်အသုံးပြုနိုင်မည် ဖြစ်သည်။ ရန်ကုန်မြို့၏ ယာဉ်သွားလာမှုအပေါ် စီမံခန့်ခွဲရာတွင် လက်ရှိရန်ကုန်မြို့ရှိ မော်တော်ယာဉ်အစီးရေသည် ငါးသိန်းသုံးသောင်းခန့် ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။ တစ်နိုင်ငံလုံးရှိ မှတ်ပုံတင်ထားသော မော်တော်ယာဉ်စီးရေ ကိုးသိန်းကျော်အနက် ရန်ကုန်မြို့တွင် ကားအစီးရေ ငါးသိန်းကျော် ရှိနေခြင်းပင် ဖြစ်သည်။ အဆိုပါ ငါးသိန်းကျော်သော မော်တော်ယာဉ် အစီးရေသည် ၂၀၁၂ ခုနှစ်ရှိ ရန်ကုန်မြို့၏ မော်တော်ယာဉ်စီးရေထက် နှစ်ဆကျော် တိုးတက်များပြားလာသော်လည်း အိမ်နီးချင်းနိုင်ငံများ၏ မြို့တော်များရှိ ယာဉ်အစီးရေနှင့် နှိုင်းယှဉ်ပါက အဆမတန် နည်းပါးနေသော ပမာဏပင်ဖြစ်နေသေးသည်။ ဒေသတွင်း မြို့တော်များဖြစ်သည့် ဗန်ကောက်၊ စင်ကာပူတို့ရှိ မော်တော်ယာဉ် စီးရေမှာ သန်းနှင့်ချီ၍ ရှိနေပြီး ရန်ကုန်မြို့၏ ကားအစီးရေ ငါးသိန်းကျော်မှာ အဆိုပါမြို့တို့နှင့် ယှဉ်ပါက နည်းပါးလွန်းနေသည်။

သို့သော် ထိုမြို့တော်များတွင် အများပြည်သူသွားလာမှုစနစ်အပေါ် ကောင်းမွန်စွာ ဖော်ဆောင်ပေးထားပြီး လမ်းဧရိယာများနှင့် လမ်းများကိုလည်း အဆင့်မြှင့်တင်ထားသည်။ အထပ်မြင့်မိုးပျံလမ်းများ ဖော်ဆောင်ထားသည်။ ယာဉ်သွားလမ်းပေါ်တွင် စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းကို လုံးဝခွင့်မပြုဘဲ ယာဉ်ရပ်နားစခန်းကြီးများ၊ အထပ်မြင့် ယာဉ်ရပ်နားစခန်းများကို ပြည့်စုံစွာ စီမံပေးထားသည်။ အဆောက်အအုံတိုင်းတွင် ယာဉ်ရပ်နား ဧရိယာ များ ထည့်သွင်းထားသည်။

အလားတူ ရန်ကုန်မြို့၏ လမ်းမကြီးများ၏ အကျယ်ကို လေ့လာကြည့်ပါကလည်း ခြောက်လမ်းသွား အကျယ်ပေ ၇၂ ပေ မှာ အကျယ်ဆုံး လမ်းဖြစ်သည်။ အချို့လမ်းများသည် ၄၈ ပေ၊ ၄၄ ပေသာ ကျယ်သည်။ ထိုသို့သော လမ်းများတွင် လမ်းဘေးတွင် ယာဉ်ရပ်တန့်ထားခြင်းနှင့် ဈေးရောင်းချနေခြင်းများရှိပါက ယာဉ်သွားလမ်း တစ်လမ်းသာ ကောင်းကောင်းသွားလာနိုင်ပြီး မလိုလားအပ်ဘဲ ယာဉ်ကြောပိတ်ဆို့နေမှုများကို ကြုံတွေ့နေရသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက လူဦးရေ သိန်းဂဏန်း၊ ယာဉ်အစီးရေ သောင်းဂဏန်းမျှသော ပမာဏတို့အတွက် ဖော်ဆောင်တည်ဆောက်ခဲ့သော ရန်ကုန်မြို့ပြလမ်းများသည် ယနေ့ ယာဉ်အစီးရေ ငါးသိန်းကျော်သို့ ရောက်ရှိလာချိန်တွင် အဆိုပါ လမ်းများသည် ကျဉ်းလွန်းသည်ဟု ယူဆနိုင်စရာ ရှိသော်လည်း စည်းကမ်းမဲ့မှုများ၊ စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုများ၊ စည်းကမ်းမဲ့ ဈေးသည်များနှင့် ယာဉ်ကြောထိန်းသိမ်းမှုစနစ်၊ အချက်ပြစနစ် စီမံခန့်ခွဲမှုတို့အပေါ် လိုအပ်ချက်များရှိခြင်းက ယာဉ်ကြောပိတ်ဆို့နေမှုများ၏ အဓိက ပြဿနာရပ်များဟု ပညာရှင်များက သုံးသပ်သည်။ ထိုအချက်များကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ပါက ယာဉ်ကြောကျပ်တည်းမှုများရှိနေနိုင်သော်လည်း စနစ်တကျ ယာဉ်သွားလာနိုင်မည်ဟု သုံးသပ်ကြသည်။ ယခင်ကစနစ်မကျသော မြို့ပြဧရိယာတိုးချဲ့ခဲ့မှုနှင့် ရေရှည်စီမံကိန်းဖြင့် ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်း မရှိသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်၊ ယင်းအပြင် ဆောက်လုပ်ပြီးခဲ့သမျှ အဆောက်အအုံတိုင်းတွင် လုံလောက်သည့် ယာဉ်ရပ်နားမှု ဧရိယာ မဖော်ဆောင်ခဲ့သည့် မှားယွင်းမှုများ၊ လမ်းမကြီးများ၏ ဧရိယာကို အပြည့်အဝ အသုံးပြုနိုင်ခြင်း မရှိသည်က ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကိုအဓိက ဖြစ်ပေါ်စေသည့်အချက်များဖြစ်ပြီး လမ်းရှိလမ်းဧရိယာ၊ မြို့ဧရိယာနှင့် လက်ရှိယာဉ်အစီးရေ ပမာဏသည်များလွန်းသည်ဟု မဆိုနိုင်ကြောင်း မြို့ပြရေးရာ ပညာရှင်များက သုံးသပ်သည်။

"YBS စနစ်ကို တစ်နှစ်အတွင်း ပြောင်းလဲသွားနိုင်ဖို့အတွက် ရည်မှန်းချက်ထားပါတယ်။ အများပြည်သူဝန်ဆောင်မှုယာဉ်တွေကို လူတိုင်းစီးနိုင်တဲ့အဆင့်။ လူတိုင်းစီးနိုင်အောင်ဆိုတာ ချမ်းသာတဲ့သူတွေတောင် ဘတ်စ်ကားစီးရတာ ဘာမှ ဂုဏ်ငယ်စရာမရှိဘူးဆိုတဲ့ အခြေအနေ ဖြစ်သွားမှ ပုဂ္ဂလိကယာဉ်တွေ၊ တက္ကစီယာဉ်တွေရဲ့ အခန်းကဏ္ဍက တဖြည်းဖြည်းလျော့ချနိုင်မှာဖြစ်ပါတယ်။ ဘတ်စ်ကားစီးသွားလို့ ချောင်လည်နိုင်တယ် ဆိုရင် ကိုယ်ပိုင်ယာဉ်တွေ မစီးတော့ဘူးဆိုတဲ့ ဒီရည်ရွယ်ချက်ကိုသွားပါ တယ်။ မြို့ပြယာဉ်လမ်းကြောင်းပေါ်မှာပြေးဆွဲနေတဲ့ အထဲမှာ ဘတ်စ်ကားတွေက ၃၀ ရာခိုင်နှုန်းလောက်ပဲ နေရာယူထားတာပါ။ ၇၀ ရာခိုင်နှုန်းကတစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်တွေကနေရာ ယူထားတာဖြစ်ပါတယ်။ တဖြည်းဖြည်း အများပြည်သူသယ်ယူပို့ဆောင်ရေးက ပိုပြီး နေရာယူလာနိုင်ပြီးတော့ ပုဂ္ဂလိက ကဏ္ဍက ဘတ်စ်ကားနဲ့သွားတာ အဆင်ပြေနိုင်တယ် ဆိုတာမျိုးကို ဆောင်ရွက်သွားရမှာပါ" ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။


**စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့တွင် ယာဉ်အစီးရေသာမက လူဦးရေ တိုးပွားလာဦးမည်ဖြစ်ရာ လက်ရှိမော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်ကို စနစ်ကျသော စီမံခန့်ခွဲနိုင်ရန်နှင့် တိုးပွားလာမည့် လူဦးရေနှင့် ယာဉ်အစီးရေတို့၏ နောက်ဆက်တွဲ စီမံခန့်ခွဲမှုဆိုင်ရာ မြို့ပြရေးရာ ကိစ္စရပ်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည်**

ယင်းကြောင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး ဘတ်စ်ကားအခြေပြု သယ်ယူပို့ဆောင်မှုဖြစ်သည့် YBS စနစ် အောင်မြင်အောင် ဆောင်ရွက်ရန် အရေးကြီးပြီး ရန်ကုန်မြို့ပြသွားလာမှုတွင် ဘတ်စ်ကားများ၊ ရထားများကိုသာ အားထားအသုံးပြုမည်ဆိုပါက တစ်ဦးချင်းပိုင်ယာဉ်များ၊ ယာဉ်ငယ်များ အသုံးပြုမှုလျော့ကျ လာမည်ဖြစ်သည်။ သို့သော် စီးပွားရေး မြို့တော်တစ်ခုဖြစ်သည့်အတွက် ယာဉ်အစီးရေ လျော့နည်းကျဆင်းသွားနိုင်သည့် အခြေအနေနှင့် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားမည်ဆိုသော ဖြစ်ရပ်မျိုးရှိလာနိုင်မည် မဟုတ်ကြောင်း ဝန်ကြီးချုပ်က မှတ်ချက်ပြုထားသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးတွင် ယာဉ်သွားလာမှုနည်းပါးကာ ခြောက်ကပ်ကပ်နှင့် စည်ကားမှု မရှိတော့သည့်ဖြစ်ရပ်မျိုးကို ဆောင်ရွက်မည် မဟုတ်ဘဲတိုးတက်နေသည့် မြို့တော်တစ်ခုအနေဖြင့် သွားလာစည်ကားနေမှုများ ရှိနေမည်ဖြစ်ကာ ယာဉ်ကြောကျပ်တည်းမှုသည်လည်း ရှိနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောခြင်းဖြစ်သည်။

"ပြုပြင်ပြောင်းလဲဖို့ပေးထားတဲ့ အခြေအနေက အခုအခြေအနေအတိုင်းပါပဲ။ ဒီအခြေအနေကို စိတ်ပျက်နေလို့မရပါဘူး။ ဒီအခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းမယ်။ အပြောင်းအလဲဆိုတာ လူတိုင်းကရှိနေတဲ့အခြေအနေအတိုင်းနေချင်ပါတယ်။ ကျွန်တော်တို့လည်း အပြောင်းအလဲတစ်ရပ်ကို လုပ်ရတာ စိတ်ပင်ပန်းပါတယ်။ ဒါပေမယ့်လည်း စိတ်ပင်ပန်းသည်ရှိသော် ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ လုပ်သွားရမှာပါ" ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့ရှိ မော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်တွင် ဘတ်စ်ကားအစီးရေသည် အစီးရေ တစ်သောင်းပင် မပြည့်ပေ။ မြို့ပြလူဦးရေ၏ ထက်ဝက်ခန့် အသုံးပြုနေသော ဘတ်စ်ကားအစီးရေသည် ယခုအသစ်တင်သွင်းလာသော ဘတ်စ်ကားသစ်များ အပါအဝင်မှ ထောင်ဂဏန်းမျှသာ ရှိနေသေးသည်။ အလားတူ နေ့စဉ်ရထားကို အသုံးပြုနေသော ခရီးသည်အရေအတွက်သည်လည်း တစ်သိန်းခန့်မျှသာ ရှိနေသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာလျှင်လုံခြုံစိတ်ချ၍ ကောင်းမွန်သော သွားလာမှုများ၊ သယ်ယူပို့ဆောင်ရေးစနစ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အတူ တစ်ဦးချင်းပိုင်ယာဉ်များ အသုံးပြုမှု လျော့နည်းလာနိုင်မည်ဖြစ်သော်လည်း စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့တွင် ယာဉ်အစီးရေသာမက လူဦးရေ တိုးပွားလာဦးမည်ဖြစ်ရာ လက်ရှိမော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်ကို စနစ်ကျသော စီမံခန့်ခွဲနိုင်ရန်နှင့် တိုးပွားလာမည့် လူဦးရေနှင့် ယာဉ်အစီးရေတို့၏ နောက်ဆက်တွဲ စီမံခန့်ခွဲမှုဆိုင်ရာ မြို့ပြရေးရာ ကိစ္စရပ်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်သည်။

ရန်ကုန်မြို့ရှိ လမ်းမကြီးအချို့နှင့် လမ်းအကျယ်များ ရန်ကုန်ပြည်လမ်း ၇၂ ပေ၊ ကမ်းနားလမ်း ၇၂ ပေ၊ ဘုရင့်နောင်လမ်း ၇၂ ပေ၊ အင်းစိန်လမ်း ၇၂ ပေ၊ ဗိုလ်ချုပ်လမ်း ပေ ၆၀၊ မဟာဗန္ဓုလလမ်း ပေ ၅၀၊ အနော်ရထာလမ်း ပေ ၅၀၊ ပါရမီလမ်း ၄၈ ပေ၊ (Source: YCDC) ရန်ကုန်မြို့ လူဦးရေ ၁၉၄၀ ပြည့်နှစ် ၄ ဒသမ ၅ သိန်း၊ ၁၉၅၀ ပြည့်နှစ် ၁ ဒသမ ၃ သန်း၊ ၁၉၈၀ ပြည့်နှစ် ၂ ဒသမ ၃ သန်း၊ ၂၀၀၃ ခုနှစ် ၅ ဒသမ ၂ သန်း၊ ၂၀၁၀ ပြည့်နှစ် ၆ ဒသမ ၆ သန်း၊ ၂၀၁၇ ခုနှစ်၊ ရန်ကုန်မြို့ မော်တော်ယာဉ်အစီးရေ ၂၀၁၀ ပြည့်နှစ် ၁၉၀၀၀၀ ကျော်၊ ၂၀၁၂ခုနှစ် ၂၂၂၀၀၀ ကျော်၊ ၂၀၁၇ ခုနှစ် ၅၃၀၀၀၀ ကျော်။ ။



**ရှေးခေတ်**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်**

**အချပ်ပို (က) မှ**

မကြာမီ အပြာရောင်ကမ္ဘည်းပြား တပ်ဆင်တော့မည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ၁၈၇၂ ခုနှစ်၌ ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင် မြေကွက်တွင် ကျွန်းသားဖြင့် အဆောက်အအုံဆောက် လုပ်ပြီး ၁၈၇၃ ခုနှစ်တွင် ခုတင် ၄၈၃ လုံးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၀၅ ခုနှစ် မေ ၆ ရက်က Governor Sir H.S Bermes က ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ပင်မအဆောင် မြေညီထပ် အပါအဝင် လေးထပ်အဆောက်အအုံကို ရူပီးငွေကျပ်သိန်း ၄၀ ကျော် ကုန်ကျခံ၍ လက်ရှိနေရာတွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။